www.burmeseclassic.com

# ပုဂံရွှေပြည်မှ သူရဲကောင်းများ

ကျန်စစ်သား၊ ငထွေရုး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး

တင်နိုင်တိုး

(ဒုတိယအကြိမ်)



www.burmeseclassic.com

Popa Publishing House

www.burmeseclassic.com



# ကျန်စစ်သား


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ပုဂံရွှေပြည်မှ

# သူရဲကောင်းများ

စာဝ်နိုင်ဝိုး (မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်)

www.burmeseclassic.com

www.burmeseclassic.com

■ စာမူခွင့်ပြုချက်အမှတ်
၃၁၀၀၀၆၀၁၀၇

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၁၀၀၀၀၀၂၀၇

■ စိစစ်ထုတ်လုပ်မှု
ဖောင်ဖောင်ဇော (History)

■ ပုံနှိပ်ခြင်း
ပထမအကြိမ် (အုပ်ရေ ၁၀၀၀)

■ မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
Stars Empire (ယာယီ - ၂၇၄၄)
အမှတ် ၂၀/၃၂၊ ၄၂ လမ်း (အောက်ဘလောက်)

■ အဖုံးပန်းချီ
ပန်းချီဝသုန်

■ အတွင်းစာမျက်နှာအပြင်အဆင်
ဇော်ဝင်း (STARS)

■ စာအုပ်ချုပ်
ကိုစံလင်း

■ ထုတ်ဝေသူ
ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
အမှတ် (၁၃၃)၊ ၂၂လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

■ ထုတ်ဝေ
၂၀၀၇ (မတ်လ)

■ တန်ဖိုး
၈၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

တက္ကသိုလ်များ သမိုင်းသုတေသန ဦးစီးဌာန
ညွှန်ကြားရေးမှူး၏ အမှာစာ

၁။ စက္ကူတေးမင်းနန်းစံရှိန် ---------- ၁၇
၂။ မင်းမြတ်အနော်ရထာ ---------- ၃၅
၃။ ကျန်စစ်သား ---------- ၅၃
၄။ ငထွေရူး ---------- ၆၉
၅။ ငလုံးလက်ဖယ် ---------- ၈၇
၆။ ညောင်ဦးဖီး ---------- ၁၀၅
၇။ ရွှေဖျင်းညီနောင် ---------- ၁၂၅
၈။ သူရဲကောင်းတို့တိုင်းပြည် ---------- ၁၄၅
၉။ စွယ်တော်ပင့်ခရီး ---------- ၁၆၃
၁၀။ သာယာရွှေပြည် ---------- ၁၇၉


www.burmeseclassic.com

www.burmeseclassic.com

## တက္ကသိုလ်များ သမိုင်းသုတေသန ဦးစီးဌာန
## ညွှန်ကြားရေးမှူး၏ အမှာစာ

တင်နိုင်တိုးသည် သမိုင်းစာအုပ်များကို ရေးသားပြုစုနေသူ သမိုင်းသုတေသီတစ်ဦးဖြစ်၏။ သူက လူသိနည်းသော သမိုင်းအကြောင်းအရာများ မှတ်တမ်းမှတ်ရာများကို ရှာဖွေကာ သုတေသနပြုဖော်ထုတ်နေသူလည်း ဖြစ်သည်။ ယခုလည်း ပုဂံခေတ် သူရဲကောင်းလေးဦးအကြောင်းကို အခြေခံ၍ မျိုးဆက်သစ် ကျောင်းသားလူငယ်များအတွက် စာတစ်အုပ် ရေးသားပြုစုထားသည်။

ပုဂံခေတ်တွင် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးဟူသော သူရဲကောင်းလေးဦး ပေါ်ပေါက်ခဲ့ဖူးကြောင်း မြန်မာရာဇဝင်ကျမ်းများက ဆိုကြသည်။ သို့သော် ယင်းသူရဲကောင်း လေးဦးထဲတွင် ပုဂံ၌ ဘုရင်ဖြစ်လာသူ ကျန်စစ်သား အကြောင်းကိုသာ သမိုင်းအထောက်အထား အခိုင်အမာဖြင့် ဖော်ပြနိုင်ကြ၏။ ကျန်စစ်သားအမည်ကိုပင် ကျောက်စာများ၌ ထီးလိုင်မင်းဟူ၍သာ တွေ့ရှိရသည်။ ကျန်သူရဲကောင်းသုံးဦး၏ အမည်များကိုမူ အထောက်အထား မတွေ့ရပေ။ သို့ကြောင့်




www.burmeseclassic.com

www.burmeseclassic.com

လည်း ပုဂံသုခရဲကောင်းများဖြစ်သည့် ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့သည် ဒဏ္ဍာရီပုံပြင်သဖွယ် ဖြစ်နေခဲ့ပါသည်။

ပုဂံခေတ်သူရဲကောင်းတို့၏ အမည်များကို ဦးကုလား၏ မဟာရာဇဝင်တော်ကြီး၌ စတင်တွေ့ရှိရပြီးနောက် ကုန်းဘောင်ခေတ် မင်းတုန်းမင်းလက်ထက် (၂၂) စက်တင်ဘာ၊ ၁၈၇၅ ခုနှစ်တွင် ဆရာတော်ရှင်နန္ဒိယပြုစုပြီးစီးခဲ့သည့် ဝံသမေဒပကာသနီကျမ်း (ဒုတိယတွဲ) အလောင်းစည်သူမင်းအကြောင်း၌ ငထွေရူးမြေး ရတနာပုံမိဖုရားဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ရတနာပုံမိဖုရားအမည်ကို (၂၂) ဧပြီ ၁၁၄၀ ခုနှစ်ထိုး ပုဂံတိုင်းချုတ်ဘုရားကျောက်စာ၌လည်း "စည်သူ မင်းကြီး၏ မိဖုရားရတနာပုံ တိုင်းချုတ်တွင် ဂူဘုရားပြု၍ . . . " စသဖြင့် ရေးထိုးထားပေရာ ပုံပြင်ဒဏ္ဍာရီများနောက်တွင် သမိုင်းဖြစ်ရပ်မှန်အချို့ ကိန်းအောင်းနေဟန်ရှိနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com

အလားတူ ညောင်ဦးဖီး၏ အဆက်အနွယ်များ အကြောင်းကိုလည်း ကုန်းဘောင်ခေတ် ပုရပိုက်မှ မှတ်တမ်း တစ်စောင်၌ တွေ့ရှိရပြန်သည်။ ယင်းမှတ်တမ်းမှာ မင်းတုန်းမင်း လက်ထက်အဆောင်တော်မြဲနေမျိုးနန္ဒကျော်ထင် ပြုစုသည့် "မှန်ရှည်တပ် ဆွေတော်စည်" မှတ်တမ်းဖြစ်၏။ ယင်းပုရပိုက် တွင် နရပတိစည်သူမင်း၏ မိဖုရားတောင်ပြင်သည် အနော်ရထာ မင်းစောလက်ထက် သူရဲကောင်းညောင်အုပ်ဖီး (ညောင်ဦးဖီး) ၎င်းသား ဗိုလ်သူကြီး၊ ၎င်းသား ဝိဇ္ဇွေ၊ ၎င်းသမီး၊ (ညောင်ဦးဖီး ၏မြစ်)ဖြစ်ပြီး သားသုံးယောက်မြင်မှ ထင်ရှားကြောင်း ရာဇဝင် တို့တွင်ဆိုသည်" ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိ၏။

တင်နိုင်တိုးက ပုဂံသူရဲကောင်းလေးဦးကို အတွေးသစ် အမြင်သစ်ဖြင့် ရေးသားထားရာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှ ပါသည်။

ကျော်ငြိမ်း
ညွှန်ကြားရေးမှူး
တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန



www.burmeseclassic.com

www.burmeseclassic.com

# စုတ္တတေားမင်း နန်းစံချိန်



www.burmeseclassic.com

www.burmeseclassic.com

## ၁။ စုဏ္ဏတေးမင်းနန်းစံချိန်

နန်းကျဘုရင် ကျောင်းဖြူမင်းကြီးသည် သားငယ် အနုရာဓမင်းသားကလေးကိုကြည့်၍ စိတ်မကောင်းဖြစ်နေမိ၏။ မင်းကြီးအသက်ခြောက်ဆယ်ကျော်အရွယ်ရှိပြီမို့ ကျန်းမာရေးသိပ်မကောင်းတော့။ တလောကဆိုလျှင် သွက်ချာပါဒဝေဒနာ ခံစားနေရသည့်အထဲ အပြင်ဖျားလိုက်သေး၏။ မြောက်ပြင်သည်မိဖုရားဟောင်းကြီးကတော့ ခင်ပွန်းသည် နန်းကျဘုရင်ကြီးကိုဂရုတစိုက် ပြုစုရှာသည်။ ရဟန်းဝတ်ကို စွန့်ပယ်၍ ဝတ်ဖြူစင်ကြယ်နှင့် နေထိုင်ခွင့်ပြုသည့် စုဏ္ဏတေးဘုရင်မင်းမြတ်ကိုပင်ကျေးဇူးတင်ရပေဦးမည်။ သို့မဟုတ်ပါက နန်းကျဘုရင်ကြီးအဖို့ဝိနည်းတော်နှင့်အညီ မနေထိုင်နိုင်သဖြင့် နေ့စဉ်ငရဲရနေမည်မှာသေချာသည်။

စုဏ္ဏတေးဘုရင်မင်းမြတ်က နန်းတက်စကလောက် သူတို့မိသားစုအပေါ် ဆိုးဆိုးဝါးဝါး မဆက်ဆံတော့။ ယခင်ကဆိုလျှင်ဤသို့မဟုတ်။ အရာရာကို ချုပ်ခြယ်လွှမ်းလှသည်။ ၄နံ·ဘွင်းမှသမားတော်အချို့ကို စေလွှတ်လျက် နန်းကျဘုရင်တစ်ဖြစ်လဲရဟန်းအိုကြီးအား ကြည့်ရှုစေသည်ဆိုသော်ငြား အမည်ခံမျှသာရှိ၏။ နန်းတွင်းသမားတော်ဆိုသူများမှာလည်း ဆေးအတတ်၌



www.burmeseclassic.com

www.burmeseclassic.com

အမှန်တကယ် တတ်ကျွမ်းကြသူများမဟုတ်။ မင်းလိုလိုက် မင်းကြိုက်ဆောင်လျက် သမားတော်အရာ ရယူထားကြသူများသာ ဖြစ်ချေသည်။ ပိုမိုဆိုးဝါးသည်ကား ကျောင်းဖြူမင်းကြီးအား အတင်းအကြပ် ဖမ်းဆီးခြိမ်းခြောက်ကာ ရဟန်းဝတ်စေခဲ့သော်ငြားလည်း မင်းကြီးကား သံသရာကို ချစ်မြတ်နိုးတော်မူ၍ ရဟန်းပြုတော်မူသွားပြီဟု သတင်းလွှင့်ခဲ့ခြင်းဖြစ်သည်။ ဤအကြောင်းများကို စဉ်းစားမိတိုင်း မြောက်ပြင်သည်မိဖုရားကြီးအဖို့ နလုံးမသာမယာဖြစ်ရလေသည်။ စုက္ကတေးသည် နောင်တော်ကျည်းစိုမင်းသားနှင့်ပူးပေါင်းကာ ခမည်းတော်ကျောင်းဖြူမင်းကြီးအား ကျောင်းတော်ရေစက်ချအလှူ၌ သာဓုခေါ်ပေးပါရန် လာရောက်ပင့်ဖိတ်ခဲ့ကြရာမှ ယင်းကဲ့သို့ အတင်းအကြပ် ရဟန်းပြုစေခဲ့ခြင်းဖြစ်ပါသည်။

ဤအကြံအစည်ကို ကြံစည်ခဲ့သည့် အဓိကတရားခံမှာ စုက္ကတေးပင်ဖြစ်၏။ စုက္ကတေးက ကျည်းစိုမင်းသား၏ ညီတော်ဟုသာဆိုရသည်။ အသက်အရွယ်အားဖြင့် ခြောက်လမျှသာကွာခြား၏။ ကျည်းစိုမင်းသားကို ကျောင်းဖြူမင်းကြီး၏ တောင်ပြင်သည် မိဖုရားကြီးမှ ဖွားမြင်ခဲ့သည့်နည်းတူ စုက္ကတေးကိုလည်း အလယ်ပြင်သည် မိဖုရားမှဖွားမြင်ခဲ့ခြင်းဖြစ်လေသည်။ စုက္ကတေးက ငယ်ရွယ်စဉ်ကပင် ပါးရည်နပ်ရည်ရှိသည်။ နန်းတွင်းတွင်



www.burmeseclassic.com

www.burmeseclassic.com

တောင်ပြင်သည် မိဖုရားကြီးမှ ဖွားမြင်သော ကျည်းစိုမင်းသားမှာ အရေးပါလှသည့်အလျောက် သူက ကျည်းစိုမင်းသားထံ အမြဲ ချဉ်းကပ်၏။ အမိကွဲညီအစ်ကိုများဖြစ်ကြသည့် နည်းတူ သက်တူရွယ်တူများဖြစ်ကြသဖြင့်လည်း သည်ညီအစ်ကိုနှစ်ဦးက အမြဲတပူးတွဲတွဲဖြစ်နေတတ်ကြ၏။

ကျောင်းဖြူမင်းကြီးကို အရပ်က ကွမ်းခေါ်မင်းတရားဟု ခေါ်ဆိုကြသည်။ ကျောင်းဖြူမင်းကြီးကား တန်နက်မင်း၏ မိဖုရားပေါင်းတစ်ဦးမှ ဖွားမြင်ခဲ့သူဖြစ်သည်။ သူက လူပျို လူရွယ်ဘဝက အခွန်အကောက်များပေးဆက်ရန် ခေါ်ဩရသည့် ကွမ်းခေါ်တစ်ဦးဖြစ်ခဲ့ဖူးသည်။ ထိုစဉ်က သူမြောင်လှ ဒေသဘက်တွင် နေပါသည်။ စောရပဟန်းမင်းကြီး၏ သာမန် အမှုထမ်းငယ်ကလေးမျှသာဖြစ်သော်လည်း သူက အလုပ် ကြိုးစားသည်။ ဖွဲလုံ့လရှိသည်။ တရင်တောင်ခေါ် တရှင်းတောင် ထက်၌ ဘုရင်မင်းမြတ်၏ သိမ်တော်ဆောက်လုပ်ရာတွင် ကွမ်းခေါ်လုလင် အင်တိုက်အားတိုက် ပါဝင်အမှုထမ်းရွက်ခဲ့ဖူး ပါသည်။ ထို့ကြောင့်လည်း ထိုစဉ်ကပင် စောရပဟန်းမင်းကြီး၏ အလေးဂရုပြုမှုကို ခံယူခဲ့ရသည်။ ကံတရား၏အလှည့်အပြောင်း ကား ဆန်းကြယ်လှပါလှသည်။ လုလင်အသက် နှစ်ဆယ့်ကိုးနှစ်

www.burmeseclassic.com

အရှယ်၌ပင် ပုဂံထီးနန်းကို ဆက်ခံခွင့်ရရှိခဲ့၏။ နတ်မြတ် ဒေဝါတို့က ဝိုင်းဝန်းမှိုင်းမခဲ့၍လည်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ပုဂံပြည်သူပြည်သားတို့ကမူ တန်နက်မင်း၏ မိဖုရားငယ်တစ်ပါးမှ ဖွားမြင်ခဲ့သည့် ကွန်းဆော်လုလင်ကို ပုဂံဘုရင်အဖြစ် လိုလိုလား လား ရှိကြသည်။ တန်နက်မင်းဆိုသူမှာလည်း အခြားမဟုတ်။ လက်ရှိ ပုဂံမင်း နေပြည်တော်သစ်ကြီးကို တည်ထောင်ခဲ့သည့် ပျဉ်ပြားဘုရင်၏ သားတော်ရင်းပင်တည်း။

ကွန်းဆော်လုလင် ဘုရင်ဖြစ်လာတော့ ပုဂံ၌ အုတ် ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်သည်။ ထို့နောက် ဗုဒ္ဓ မြတ်စွာရုပ်တော်မှုပာန် ရုပ်ပွားတော်တစ်ဆူကိုလည်း တည်ထား ကိုးကွယ်သည်။ ထုံးဖြူသုတ်လိမ်းထားသော ခမ်းနားထည်ဝါ လှသည့် အုတ်ကျောင်းကြီး၏ ဒါယကာဘုရင်မင်းမြတ်ကို ပုဂံပြည်သူပြည်သားတို့က ကျောင်းဖြူမင်းဟူ၍သာ အမည်နာမ ပြုကြတော့၏။ ကွန်းဆော်လုလင်သည် ထိုစဉ်က ဗုဒ္ဓဘာသာ သာသနာပုဂံမင်းနေပြည်တော်၌ ထွန်းကားပြန့်ပွားစေရေးအတွက် မှန်မြတ်သော ရည်ရွယ်ချက်ဖြင့် ကျောင်းကန်ဘုရားများဆောက် လုပ်တည်ထားခဲ့ခြင်းဖြစ်သည်။ သို့သော် နတ်နဂါးကိုးကွယ်သူ များအကြား ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးက သူမှော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

သလောက် မလွယ်ကူလှ။ မည်သို့ဆိုစေကာမူ သူထီးနန်းစိုးစံရာ နှစ်ဆယ့်နှစ်နှစ်တာကာလအတွင်း ပုဂံမင်းနေပြည်တော်တွင် စစ်မက်မရှိ ငြိမ်းချမ်းနေခဲ့၏။ သူနန်းတက်စကာလ၌ပင် ဖွားမြင်ခဲ့ကြသော တောင်ပြင်သည် မိဖုရားကြီး၏ သားတော် ကျည်းစိုမင်းသားနှင့် အလယ်ပြင်သည် မိဖုရား၏သားတော် စုက္ကတေးမင်းသားတို့ကိုလည်း အထိုက်အလျောက် အစီအနင်း အဆောင်အရွက်များပေးသည်။ သို့သော် ဤသားတော်များသည် သူ၏ ကျေးဇူးတော်ကိုမျှ မထောက်။ သူ့အပေါ်၌ ရက်စက်စွာ ပြုမူရက်ခဲ့ကြသည်။ ကျောင်းဖြူမင်းကြီးကို သားတော် ကျည်းစို နှင့်စုက္ကတေးတို့ ပုဂံထီးနန်းမှ ဖယ်ရှားခဲ့ကြစဉ်က မြောက်ပြင် သည် မိဖုရားမှာ ကိုယ်ဝန်အရင့်အမာနှင့်ပင် ရှိပါသေးသည်။ သို့ကြောင့်လည်း ကျောင်းဖြူမင်းကြီးအဖို့ ဒုက္ခပင်လယ် ဝေခဲ့ရ သည်။ ကျည်းစိုမင်းသားထီးနန်းကို ရယူပြီးစကာလနောက် တစ်နှစ်မှာပင် ကျောင်းဖြူမင်းကြီး၏ မြောက်ပြင်သည် မိဖုရားမှ သားတော်ကလေးတစ်ပါး ဖွားမြင်ပါသည်။ ကျည်းစိုမင်းသားက ကျောင်းဖြူမင်းကြီးကို ထီးနန်းမှ ဖယ်ရှားကာ အဓမ္မရဟန်းဝတ် စေခဲ့သော်လည်း မီးဖွားပြီးစ မြောက်ပြင်သည်မိဖုရားကိုမူ နန်း တွင်း၌ပင် ဆက်လက်နေထိုင်ခွင့်ပြု၏။ ယင်းသို့ နေထိုင်

 ● တင်နိုင်တိုး (ပုဂံရွှေပြည်မှ သူရဲကောင်းများ)

www.burmeseclassic.com

ခွင့်ပြုခြင်းမှာ မြောက်ပြင်သည့်မိဖုရားသည် ကျည်းစိုမင်းသား၏ မိထွေးတော်ဖြစ်နေ၍လည်းတစ်ကြောင်း ပါဝင်ပါသည်။သို့ ကြောင့်လည်း ယင်းမြောက်ပြင်သည့်၏ သားတော်မင်းသား ကလေးကို ထီးနန်းအစဉ်အလာမပျက် အနရာရှောစားအဖြစ် ချီးမြှင့်ခဲ့ခြင်း ဖြစ်ပေသည်။

ကျည်းစိုမင်းသား ဘုရင်ဖြစ်စဉ်က အသက်နှစ်ဆယ့်နှစ်နှစ် အရွယ်သာရှိသေး၏။ သူက ပုဂံဘုရင်တစ်ပါးဖြစ်သော်လည်း ထီးရိပ်နန်းရိပ်တွင် မနေလို။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရသည် ကို သူစိတ်မဝင်စား။ ညီတော် စုက္ကတေး၏ အစီအမံဖြင့်သာသူ ပုဂံဘုရင်ဖြစ်လာရခြင်းဖြစ်သည်။ သူအမှန်တကယ် စိတ်ဝင်စား သည်ကား တောကစားထွက်ခြင်းပင်ဖြစ်၏။ ကျည်းစိုမင်းသား ဘုရင်ဖြစ်လာပြီးနောက် ချင်းတွင်းညွန့်တန်အရပ်၌ ယာယီ နန်းတော်ဆောက်လုပ်ကာ တောလည်နေတော့၏။ တိုင်းပြည် အုပ်ချုပ်ရေးကိစ္စအဝဝကို ညီတော်စုက္ကတေးအား လွှဲအပ် ထားသည်။ ကျည်းစိုသည် ယာယီစံနန်းတော်၌ စံနေကာ ဗန့်ကို့ ဆည်ရှာ တိုက်ဘက်သို့သွား၍ သမင်လိုက်တတ်၏။ ညီတော် စုက္ကတေးမင်းသားက ဤကိစ္စအတွက် အစစအရာရာ အဆင် ပြေ ချောမွေ့နေအောင် စီမံဆောင်ရွက်ပေးသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com

ကျွည်းစိုမင်းခမျာ ခြောက်နှစ်မျှသာ ထီးနန်းစိုးစံခွင့်ရရှိလိုက်၏။ တစ်နေ့တောကစားထွက်ရင်း သမင်တစ်ကောင် ရေသောက်နေသည်ကိုတွေ့သဖြင့် အသာချောင်းမြောင်းနေလေ၏။ ထိုစဉ်အတွင်း တောလိုက်မုဆိုးတစ်ဦးကလည်းယင်းသမင်ကို တောစပ်ခြုံပုတ်တစ်နေရာမှ ချောင်းမြောင်းနေလေသည်။ သမင်သည် ကျွည်းစို မင်းသားအားတွေ့သည်နှင့် ရုတ်တရက်လန့်၍ပြေးရာ မုဆိုးပစ် လိုက်သည့်မြားက ကျွည်းစိုမင်းကို ထိမှန်လျက် နတ်ရွာစံလွန်သွားသည်။

ပုဂံနေပြည်တော်တွင် ကျွည်းစိုမင်း၏သတင်းကို ညီတော် စုက္ကတေးက ဖုံးဖုံးဖိဖိပြုကာ ထီးနန်းကို ဆက်ခံလေသည်။ စုက္ကတေးမင်း နန်းတက်တော့ သူ့ကို မလိုလားသည့် နန်းတွင်းအရာရှိကြီးတစ်ဦးက သဘောကိုက်ညီသူများကို စည်းရုံးသိမ်းသွင်းကာ ပုန်ကန်ထကြွရန် ကြိုးပမ်းခဲ့သေး၏။ သို့သော် မအောင်မြင်ခဲ့။ စုက္ကတေး၏ တပ်များက လက်ဦးမှု ရရှိသွားခဲ့သည်။ သို့ဖြင့် စုက္ကတေးမင်းအခက်အခဲမရှိ နန်းတက်လာလေသည်။ စုက္ကတေးမင်းသည် မိမိအားမလိုလားသူ နန်းတွင်းအရာရှိကြီးအားလည်း ရာထူးမှ ဖယ်ရှားပစ်လိုက်လေသည်။

စုက္ကတေးမင်းက နန်းတက်လာသည်နှင့် ဘာသာရေး

www.burmeseclassic.com

ဆိုင်ရာ အကြီးအကဲများအားလုံးကို ခေါ်ယူကာ စည်းရုံး သိမ်းသွင်းသည်။ ခမည်းတော်ကို ထားရှိရာ ကျောင်းသို့ သွားရောက်နေထိုင်လိုသည့် မိတွေးတော်မြောက်ပြင်သည့် မိဖုရားကိုလည်း သူ့ဆန္ဒအလျောက် သွားရောက်နေထိုင်ခွင့်ပြုခဲ့သည်။ ညီတော် အနုရာဓမြောစားမင်းသားကလေးကိုလည်း အထိုက်အလျောက် ချီးမြှင့်မြောက်စားပါသည်။ သို့သော် လိုလိုလားလားတော့ မဟုတ်။ ပြည်သူအများ၏အမြင်တွင် သနား ကြင်နာတတ်သော၊ စိတ်နှလုံးကောင်းရှိသော ဘုရင်တစ်ပါးအဖြစ် ထင်မြင်လာစေရန် ပြုမူဆောင်ရွက်ခြင်းမျှသာ ဖြစ်ပေသည်။

ပုဂံပြည်သူအများက စုက္ကတေးမင်းအပေါ် မကောင်းအမြင်ရှိကြသည်။ အစိကအကြောင်းရင်းမှာ လွန်ခဲ့သည့် နှစ်အနည်းငယ်ကာလက ဖခမည်းတော် ကျောင်းဖြူမင်းကြီးကို ထီးနန်းမှ ဖယ်ရှားလျက် အဓမ္မရဟန်းပြုစေခဲ့ရာ၌ ကိုယ်ထိလက်ရောက် ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်သောကြောင့် ဖြစ်ပါသည်။ ကျည်းစိုမင်းသည် နန်းတွင်းရေးကို စိတ်ဝင်စားသူမဟုတ်မှန်း အများက သိကြသည်။ သို့သော် တောင်ပြင်သည် မိဖုရားခေါင်းကြီးမှ ဖွားမြင်သော ကျည်းစိုမင်းသားအား ခုတုံးလုပ်လျက် ထီးနန်းကို ချယ်လှယ်ပိုင်ခွင့်ရရှိအောင် ကြိုးပမ်းခဲ့သည့် စုက္ကတေး၏



www.burmeseclassic.com

www.burmeseclassic.com

ကောက်ကျစ်စဉ်းလဲပုံကို ပုဂံပြည်သူပြည်သားတို့ မမေ့မလျော့ကြသေး။

မြောက်ပြင်သည် မိဖုရားဟောင်းကတော့ တူတော်စုက္ကတေးဘုရင်အပေါ် ကဲ့ရဲ့ ရှုတ်ချမှုများအကြားမှ ချီးမွမ်းစကားတစ်ခွန်းကို ဆိုရ၏။ ခင်ပွန်းသည်ဖြစ်သော နန်းကျမင်းကြီးအား ရယာန်းဝတ်ဖြင့်နေရာမှ ဝတ်ဖြူလဲ နေထိုင်စေရေးအတွက် လျှောက်ထားရာ၌ အသာတကြည်ခွင့်ပြုခဲ့၍ ဖြစ်ပါသည်။ မင်းကြီးတွင် သွက်ချာပါဒရောဂါရှိ၍ ဆွမ်းကွမ်းကာအစ အခဝင်မချော။ အစစအရာရာ မြောက်ပြင်သည် မိဖုရားဟောင်းရှိနေ၍ တော်ပေသေးသည်။ သားငယ်အနုရာစ ရွာစားမင်းသားကလေးကလည်း အမြဲဆိုသကဲ့သို့ မိဘများရှိရာ ကျောင်းကလေး၌သာ လာရောက်နေထိုင်သည်။

စုက္ကတေးမင်းသည် မူလကပင် ပုဂံထီးနန်းကို ရယူနိုင်ရန် ကြံစည်ခဲ့သူဖြစ်ပေ၏။ သူသည် အလယ်ပြင်သည် မိဖုရားကဖွားမြင်သူဖြစ်သဖြင့် ထီးမွေနန်းမွေ၌ တောင်ပြင်သည်မိဖုရားကြီးက ဖွားမြင်သူ ကျည်းစိမင်းသားလောက် နန်းတွင်းတွင် အရေးမပါလှ။ သို့သော် စုက္ကတေးက ဉာဏ်ရည်ထက်မြက်သည်။ သူထီးနန်းရရှိနိုင်ရေးအတွက် သေချာကျနစွာ အကွက်



www.burmeseclassic.com

www.burmeseclassic.com

ဆင် ဆောင်ရွက်နိုင်ခဲ့သူဖြစ်၏။ မှူးမတ်အချို့က ကျည်းစို နှုတ်ရှာစံခဲ့ရခြင်းသည်ပင် ညီတော်စုဂ္ဂတေး၏ ပယောဂ မကင်း ကြောင်း မှတ်ယူကြသည်။ အမှန်တကယ်လည်း သံသယ ဖြစ်ဖွယ်ကောင်းလှပေသည်။ ပုဂံဘုရင်တစ်ပါး တောကစားထွက် ရာနေရာ၌သာမန်မုဆိုးတစ်ဦး၏ လက်ချက်ဖြင့် မြားမှန်ကာ ဘုရင်နှုတ်ရှာစံခဲ့ရခြင်းမှာ ယုတ္တိယုတ္တာမရှိပါပေ။

နန်းကျဘုရင် ကျောင်းဖြူမင်းကြီးသည် ကျောင်းသခ်န်း ထက်၌ စိတ်လက် မသက်မသာစံနေရာမှ အတိတ်က အ ကြောင်းများကို ပြန်ပြောင်းတွေးတောမိသောအခါ ပို၍ စိတ် မချမ်းမသာ ဖြစ်ရလေသည်။ ဂိလာန ဒုက္ခတကြီးမို့ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းသွားလာဖို့အရေးကိုပင် ဖေးကူနိုင်မည့် သူကို အားကိုးနေရပေရာ အားမတန်၍ မာန်လျှော့ရလေပြီ။ နန်းကျမင်းကြီးသည် ခပ်လှမ်းလှမ်းမှ မိမိ၏ ကောင်းမှုတော် အုတ်ကျောင်းဖြူကြီးနှင့် ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးတို့အား ငေးမျှော်ကြည့်လိုက်မိ၏။ ကျောင်းဖြူကြီးက အုတ်အင်္ဂတေတို့ ကွာကျပျက်စီးလျက်ရှိနေပြီဖြစ်သကဲ့သို့ ဗုဒ္ဓရုပ်ပွားတော်ကြီး ကလည်း ခြုံနွယ်ပိတ်ပေါင်းများဖြင့် ဖုံးလွှမ်းစပြုနေပေပြီ။

အနုရာဓ ရှာစားမင်းသားကလေးမှာ ဖခင်အားကြည့်လျက်

www.burmeseclassic.com

ဝမ်းနည်းကြေကွဲသွားမိသည်။ ဖခင်သည် မျက်ဝန်းအိမ်မှ စီးကျလာသည့် သူ၏မျက်ရည်ကိုပင် သူ့လက်ဖြင့် သုတ်နိုင်စွမ်းမရှိပါပေ။ မင်းသားကလေးအဖို့ သူ၏ဖခင်မှာ တစ်ချိန်က ပုဂံမင်းနေပြည်တော်မှ လျှမ်းလျှမ်းတောက် ဘုရင်တစ်ပါးဖြစ်ခဲ့သည်ဟူသောအချက်ကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေဟန်ရှိပေသည်။ နန်းကျမိဖုရားဖြစ်သူ မယ်တော်က ခပ်လှမ်းလှမ်း၌ ချက်ပြုတ်နေရာမှ ခင်ပွန်းသည်အတွက် နေ့လည်စာ ထမင်းဟင်းတို့ ပြင်ဆင်ရင်း အလုပ်ရှုပ်နေသည်။ စိတ်ထဲမှလည်း ရေရွတ်ဆုတောင်းနေမိ၏။ ပုဂံမင်းနေပြည်တော်တွင် မင်းကောင်းမင်းမြတ်တစ်ပါး အလျင်အမြန် စိုးစံခွင့်ရပါစေဟူ၏။

မြောက်ပြင်သည် မိဖုရားပေါင်း၏ ဆုတောင်းကား မပြည့်ခဲ့ပါပေ။ စုက္ကတေးမင်းသည် ပြည်သူအများကို နှိပ်စက်ကလူပြုခဲ့သည်မှာ နှစ်အတန်ပင် ကြာခဲ့လေပြီ။ အခုအခါ ကျည်းစိုမင်းနန်းတက်ပြီး တစ်နှစ်ကြာမှ ဖွားမြင်ခဲ့သည့် အနုရာဓရွာစားမင်းသားကလေးပင် လူလားမြောက်၍ လုလင်ပျိုအရွယ် ဖြစ်နေပေပြီ။ အနုရာဓသည် ခမည်းတော်ထံမှလည်းကောင်း၊ မယ်တော်ထံမှလည်းကောင်း၊ စုက္ကတေး၏ ခါးသီးသော အပြုအမူများအကြောင်းကို ကြားသိရသောအခါ စုက္ကတေးအပေါ် အလွန်ပင်

www.burmeseclassic.com

ရှုမှန်းမိလေသည်။

တစ်နေ့စုက္ကတေးမင်းက အခေါ်တော်ရှိသည်ဆို၍ အနုရာဓ မင်းသားနန်းတွင်းသို့ အခစားဝင်ရသည်။ စုက္ကတေးဘုရင်သည် အနုရာဓ၏ အဖိုကွဲနှောင်ဖော်ဟု ဆိုရသော်လည်း အသက် အရွယ်က အနှစ်နှစ်ဆယ်ကျော်ကွာသည်။ ယခု အနုရာဓ မင်းသားလူလားမြောက်ချိန်တွင် စုက္ကတေးမင်းမှာ အသက် လေးဆယ်ကျော်အရွယ်ဖြစ်နေလေပြီ။ အနုရာဓက နှောင်တော် စုက္ကတေးဘုရင်ကို အိပ်ဆောင်တော်အတွင်း၌ သွားရောက် ဖူးတွေ့ရ၏။ ဘုရင့်ရှေ့တော်မှောက် ရောက်တော့လည်း ထူးထူး ထွေထွေမရှိ။ နှောင်တော်သည် အနုရာဓအား အကြောင်းမဲ့ ခေါ်ယူကာ ကလူကျီစယ်ခြင်းမျှသာ ဖြစ်၏။ နှောင်တော်မိန့်ဆို သည့်အထဲတွင် သူ့အား ညီသားနှောင်မယ်ဟု ခေါ်ဆိုခြင်းအပေါ် အနုရာဓက နားမလည်။

ခမည်းတော်နေထိုင်ရာ ကျောင်းသင်္ခမ်းရောက်တော့ အနု ရာဓက ခမည်းတော်နန်းကျဘုရင်ကြီးအား ပြောပြသည်။ ညီသား နှောင်မယ်၏ အဓိပ္ပါယ်ကို မေးမြန်းမိတော့ ခမည်းတော် မျက်ရည်ကျသည်။ မယ်တော်ကလည်း တောက်တခေါက် ခေါက်နှင့်။ အနုရာဓက နားမလည်၍ ခမည်းတော်ကို ရှင်းပြဖို့



www.burmeseclassic.com

www.burmeseclassic.com

တောင်းပန်သည်။ သည်တော့မှ ညီသားနောင်မယ်ဟူသည် မယ်တော်အား သိမ်းပိုက်မည်ဟု ဆိုလိုရိပ်ရှိကြောင်း၊ ညီသား ဟူသည် အကယ်၍ စုက္ကတေးမင်းက အနုရာဓ၏ မယ်တော် မြောက်ပြင်သည်ကို သိမ်းပိုက်လိုက်ပါက သူနှင့် အနုရာဓတို့ ညီအစ်ကိုအဖြစ်သာမက သားအဖအဖြစ်ပါ တော်စပ်လာမည် ဖြစ်ကြောင်းစသဖြင့် နန်းကျဘုရင်ကြီးက သားတော်အား ရင်နှင့် စွာဖြင့် ရှင်းပြရသည်။

သည်တစ်ကြိမ်တွင်တော့ အနုရာဓ ဒေါသမထိန်းနိုင်တော့။ မိမိ၏မယ်တော်သည် စုက္ကတေးဘုရင်၏ မိထွေးတော်လည်း ဖြစ်သည်။ ဤသို့ စော်ကားဝံ့သူအား ပုဂံထီးနန်းမှ ဖယ်ရှား ပစ်ရမည်။ အနုရာဓ၏ ရင်တွင်း၌ စုက္ကတေးအပေါ် မုန်းတီးရွံရှာ စိတ်များ ကိန်းဝပ်လွှမ်းမိုးသွားသည်။ သားတော် စိတ်ဆင်းရဲ တော့ မယ်တော်ကလည်း မကြည့်ရက်။ ခမည်းတော် နန်းကျ ဘုရင်က အနုရာဓအားအနီးသို့ လက်ယပ်ခေါ်သည်။ ထို့နောက် တီးတိုးစကားမှာကြား၏။ ပုပ္ပါးသို့ သွားပါလေ။ ပုပ္ပားတွင် သူ့ကို ကြည်ညိုလေးစားကြသူ အမှုထမ်းအရာထမ်းဟောင်းတွေရှိ ကြသည်။ လတ်တလောအားဖြင့် စုက္ကတေး၏ မြင်းတပ်၌ပင် သူ၏မြင်သည်တော် အချို့ရှိနေကြဆဲဖြစ်သည်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com

ပုပ္ပားတွင် သေနင်္ဂဗျူဟာ အတတ်မျိုးစုံကို ဆည်းပူး လေ့လာ ကျွမ်းကျင်တတ်မြောက်ပါမှ အခင်အားအပြည့်ဖြင့် ပုဂံသို့ ပြန်လာရန် နန်းကျဘုရင်ကြီးက ဆိုပါသည်။ မယ်တော် မြောက်ပြင်သည်ကလည်း သားတော်ကို အားပေးသည်။ ဘုရင့် သားတော်ဟူသည် ဘုရင်ဖြစ်ဖို့ရန် အခွင့်အလမ်း မွေးက တည်းက ပါရှိခဲ့ပြီးဖြစ်သည်။ လိုအပ်လျှင် ပုပ္ပားသို့ သူကိုယ်တိုင် လိုက်လာကာ ခင်ပွန်းသည်၏ အရာထမ်းဟောင်း မြင်းစီးမြင်း ခေါင်းအချို့နှင့် ခက်သွယ်ပေးမည်။ သို့သော် ဤအဆိုကိုမူ အနုရာဓက လက်မခံ။ လောလောဆယ် ဒုက္ခိတဖခင်အိုကို ကျွေးမွေးစောင့်ရှောက်ရန် မယ်တော်ကျောင်းသင်္ခန်းတွင်းရှိနေ ဖို့ လိုသည်။ လိုအပ်လျှင်တော့ မယ်တော်၏အကူအညီကို ရယူမည်။

အနုရာဓသည် ပုဂံနယ်တစ်နေရာ၌ မိမိအား ကြည်ညို လေးစားသူ ကလန်၊ သံပျင်များ၊ နန်းတွင်းနွယ်ဖွားများနှင့် တိတ်တဆိတ် တိုင်ပင်နှီးနှောကာ သစ္စာပြုလေ၏။

“ခမည်းမင်းအတူ သိမ်မွေ့အံ့။ ဤသို့သော သစ္စာတော်နှင့် ချွတ်မှုကား အပြစ်ရှိပါ။ ဒဏ်ဆယ်ပါး ရောက်စေ၏။ အပါယ် လေးပါး၌ ဖြစ်လို၏”

www.burmeseclassic.com

ခမည်းတော်မင်းကြီး ကြားသိတော့ သားတော်အတွက် ဝမ်းမြောက်ပီတိ မျက်ရည်ကျရပြန်လေသည်။ သို့ဖြင့် စုက္ကတေး မင်းနန်းစံ အနှစ်နှစ်ဆယ်ကာလ၌ပင် အနရာဇ ပုပ္ပါးအရပ်သို့ ထွက်ခွာဖြစ်ခဲ့သည်။

ပုပ္ပားမြို့ကလေးသည်ကား ပုဂံမင်းနေပြည်တော်နှင့် မနီး မဝေး၌ တည်ရှိ၏။ ပုပ္ပားတောင်မကြီး၏ အနောက်တောင်ခြေ၌ တည်ရှိပြီး သေလည်ကြောင်မင်း လက်ထက်ကတည်းက ပေါ်ပေါက်ခဲ့ကြောင်း ဆိုကြသည်။ ဘုရင်မင်းမြတ်သည် ပုပ္ပားတွင် မဟာဂီရိနတ်မောင်နှမအတွက် နတ်နန်းတည်ရာမှ ပုပ္ပားမြို့ကလေး အထင်အရှား ပေါ်ပေါက် လာခဲ့သည်။ အနရာဇ ပုပ္ပားရောက်တော့ ဒေသခံပြည်သူများကို စည်းရုံး သိမ်းသွင်း သည်။ ယာယီစံနန်း ဆောက်သည်။ ထို့နောက် ဆင်မြင်းဗိုလ်ပါ များထားရှိရန် ဆင်ကျုံး၊ မြင်းတင်းကုပ်စသည်များ တည် ဆောက်သည်။ ကံကြီးတွင်း၊ ထိပ်ကန်၊ ဇီးဖြူကန်၊ ဝိတောက် ကန်၊ သိမ်ကန်စသည့် ရေကန်ကြီး ငါးကန်တူးသည်။

အနရာဇသည် ပုပ္ပားနယ်တွင် ငါးနှစ်တာမျှ ဒါးခုတ်၊ လှံထိုး၊ မြင်းစီးစသည့် ပုရိသယောကျ်ားကို တတ်အပ်သည့် အတတ် ပညာတို့ကို ဆရာကောင်း၊ သမားကောင်းများထံ၌ ဆည်းပူး လေ့လာသည်။ ကြိုးပမ်းလေ့ကျင့်သည်။ တစ်ဘက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com

လက်နက်လှသူ စုဆောင်းသည်။ သို့ဖြင့် အင်အားတောင့်တင်းသော တပ်ကြီးတစ်တပ် အသွင်ဖြစ်လာ၏။ ရွှေစည်တိုင်၊ သံဖို၊ ဆင်ကျုံးစသော ကျေးရွာများတွင် အနုရာဓ၏ အကြံအစည်ကို အထမြောက်နိုင်ဖို့ရာ ဆောင်ရွက်ကြမည့်သူများက စနစ်တကျ ပြင်ဆင်ကြသည်။ ထို့နောက် ပုပ္ပါးအောင်မြေ၌ အောင်မြေနင်းကြသည်။

အနုရာဓသည် ပုဂံစုဏ္ဏတေးမင်းကို ထီးနန်းမှ ဖယ်ရှားပစ်နိုင်ရန် အရံသင့်ဖြစ်နေပေပြီ။ တိုက်ပွဲဝင်ကြရတော့မည်။ ပုဂံကိုကယ်တင်နိုင်ဖို့ရာ မိမိတို့ အစွမ်းကုန်ကြိုးပမ်းကြရမည်။ မြင်းသည်တော်များ၊ နောက်လိုက်မိုလ်ပါများမှာ စိတ်ဓာတ်တက်ကြွလျက် ရှိကြသည်။ အားလုံးအဆင်သင့်ဖြစ်သောအခါ ပုဂံမင်းနေပြည်တော်သို့ ဦးတည်ချီတက်သွားကြလေတော့သည်။ အနုရာဓမင်းသား၏ နောက်လိုက်မိုလ်ပါတို့ကား မနည်းလှ။ အမှန်ပင် ခေါ်ဘာဏီတပ်ကြီးအသွင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်အနော်ရထာ



www.burmeseclassic.com

www.burmeseclassic.com

## ၂။ မင်းမြတ်အနော်ရထာ

သက္ကရာဇ် ၄၀၆-ခု တော်သလင်းလဆန်း ၉-ရက်နေ့တွင် အနော်ရထာ၏ တပ်များသည် အလုံးအရင်းဖြင့် မုံရွာမှ ပုဂံမြို့တော်ဆီသို့ ဦးတည်ချီတက်လာကြ၏။ အသက်သုံးဆယ် အရွယ်မျှသာရှိသေးသော အနော်ရထာမင်းသားသည် မြင်းသည်တော်များ၊ မြေလျှင်စစ်သည်များကို အုပ်ချုပ်ကွပ်ကဲလျက် အောင်စည်အောင်မောင်းများ ဆူညံစွာတီးခတ်ကာ မြို့တော် သရဖာတံခါးအနီးသို့ တစ်စစ ချဉ်းကပ်လာသည်။ ဤအကြောင်းကို ကြားသိရသူ ဖခင်နန်းကျမင်းကြီးနှင့် မိခင် မြောက်မြင်သည့် မိဖုရားဟောင်းတို့မှာ သားဖြစ်သူအတွက် ဝမ်းမြောက်ပီတိဖြစ်ကြရ၏။ ပုဂံပြည်သူ ပြည်သားအများကလည်း အနော်ရထာကို သောင်းသောင်းဖျဖျ ကြိုဆိုကြသည်။

အနော်ရထာသည် သရဖာတံခါးဝသို့ ရောက်ရှိသည်နှင့်ပင် နန်းတော်စုက္ကတေးဘုရင်အား စာသဝဏ်ပို့ဆက်လိုက်၏။ စာသဝဏ်တွင် နန်းတော်နန်းကို ပေးအပ်မည်လော၊ စစ်ပြုမည်လောဟု ပြတ်ပြတ်သားသားပင် မေးခွန်းထုတ်လိုက်သည်။ စုက္ကတေး၏ စစ်သည်အများမှာလည်း သရဖာတံခါးအတွင်းဘက်တွင် အသင့်နေရာယူပြီးကြလေပြီ။ ကျုန်သရဖာတံခါး



www.burmeseclassic.com

www.burmeseclassic.com

သာတန်းတံခါး ငါးမြီးယပ်တံခါးစသည့် မြို့တံခါးများသို့လည်း စစ်သည်ရဲမက်အင်အား ခွဲဝေချထားစောင့်ကြပ်နေစေ၏။ သို့သော် စုက္ကတေးမင်းက သူတို့ကို တစ်စုံတစ်ရာ အမိန့် မပေးသေး။

စုက္ကတေးသည် အနုရာဓထံမှ စာသဝဏ်ကို ရရှိသော အခါ အလွန်အမင်း ဒေါသထွက်သွားလေ၏။ သက်တော် ငါးဆယ့်သုံးနှစ်အရွယ်ရှိပြီဖြစ်သော၊ မိမိကဲ့သို့သော ကောရာင် မင်းမြတ်ကို မလောက်လေးမလောက်စား ခံတွင်းတွင်မျှ နို့မှက် မစင်သေးသူ အနုရာဓက တိုက်မည်ခိုက်မည်ဟု ရန်စကား ဆိုလာသည်။ ငါသည် သနားကရုဏာသက်စွာဖြင့် ခမည်း တော်ကိုလည်း ကျောင်းသင်္ခန်းတောရ ဆောက်တည်၍ ကောင်း စွာထားခဲ့သည်။ သင်း၏ မယ်တော်ကိုလည်းကောင်း၊ သင်းကို လည်းကောင်း အတိုက်အလျောက် ချီးမြှင့်မြောက်စားခဲ့သည်။ ယခု ငါမွေးသည့် မျောက်ကပင် ငါ့ကို ပြန်ခြောက်လှန့်နေချေပြီ။

အနုရာဓသည် ငါ၏ လက်ခုပ်တွင်းမှ ရေသဖွယ်သာ ဖြစ်၏။ သင့်ကို ငါ၏မိထွေးမှ ဖွားမြင်၍သာ ညီတော်ဟု ဆိုရ သည်။ သင်သည် ငါ့အား နောင်တော်အဖြစ် အသိအမှတ်ပြုသူ မဟုတ်၊ အလေးဂရုပြုသူလည်းမဟုတ်။ နောင်တော်ဘုရင်

www.burmeseclassic.com

ကျည်းစိုသာ ယခုနေ သက်ရှိထင်ရှားရှိပါမူ ငါ့အား အပြစ်ဆို ရော့မည်။ စောစီးစွာသော ကာလကပင် အနုရာဓအား ဖယ် ရှားပစ်သင့်ခဲ့သည် မဟုတ်ပါလော။ ယခုမူ ရန်သူက လက် တစ်ကမ်းသို့ ရောက်ရှိနေပေပြီ။

စက္ကုတေးမင်းသည် ရာဇပလ္လင်ထက်မှဆင်းကာ ညီလာ သဘင်ဆောင် လမ်းမအတိုင်း လမ်းလျှောက်လာလိုက်၏။ မှူးမတ်ဗိုလ်ပါတို့က ဘုရင်မင်းမြတ်၏ အရိပ်အခြေကို စောင့် ကြည့်နေကြသည်။ စစ်သူကြီး ရဋ္ဌပါလက လက်အုပ်ချီလျက် ကိုယ်ကို အသာအယာရိုကာ ဘုရင်မင်းမြတ် နောက်တော်ပါးမှ တစ်ရွေ့ရွေ့ လိုက်ပါလာသည်။ စက္ကုတေးမင်းက ညီလာ သဘင် ဆောင် အလယ်ပေါက်အရောက်တွင် ရုတ်တရက် ရပ်တန့်ကာ သူကိုယ်တိုင် အနုရာဓကို စီးချင်းထိုး တိုက်ခိုက်မည်၊ အား လုံး အရံသင့်ရှိစေဟု စစ်သူကြီး ရဋ္ဌပါလအား မိန့်တော်မူလေ ၏။

စက္ကုတေးမင်း၏မိန့်မှာ စကားကို ခြေမြန်တော်တို့က သရဖူတံခါးထိပ်၌ စောင့်လင့်နေသော အနုရာဓထံသို့ ဆောင် ကြဉ်းလာကြသည်။ နေမွန်းတိမ်းနစ်ပဟိုရ်ကျော်လျှင် သစ်မထီး ချောင်းကမ်းပါးလွင်ပြင်၌ ရဲမက်ဗိုလ်ပါတို့ နေရာယူပြီးကြပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

အနုရာဓ၏ စစ်သည်ရဲမက်တို့မှာ ချောင်းကမ်းပါး သင့်တင့်လျောက်ပတ်သောနေရာ၌ အရံသင့်နေကြ၏။ စက္ကာတေး၏ တပ်မဟိုလ်ပါတို့ကမူ အခြားတစ်ဘက်၌ ဒါးလုံ၊ လက်နက်များ စွဲကိုင်လျက် နေရာယူထားကြလေသည်။ ရဋ္ဌပါလ စစ်သူကြီးသည် စက္ကာတေးဘုရင်မင်းမြတ် စီးနင်းမည့် သိန္ဓောမြင်းကြီးကို ကုန်းနှီးခြေနင်းကအစ အဆင်ပြေချောမွေ့မှုရှိစေရန် စီမံစစ်ဆေးလျက်ရှိလေ၏။

နေ့နှစ်ပဟိုရ်ကျော် တစ်မောင်းအချိန်ရောက်လျှင်ပင် အနုရာဓသည် သစ်မထီးချောင်းကမ်းပါး တပ်စုရှိရာနေရာမှ နတ်မြင်းဟု အဆိုရှိကြသည့် ခန္ဓကလက်လုမြင်းတော်ကို စီးနင်းလျက် လက်တစ်ဖက်မှ အရိန္ဒမာဟု အမည်ပေးထားသော လှံရှည်ကို ဆွဲကိုင်ကာ ထွက်ခွာလာခဲ့သည်။ ခပ်လှမ်းလှမ်းမှ သိန္ဓောမြင်းညိုကြီးကို စီးနင်းလျက် သူ့ထံသို့ တရွေ့ရွေ့လာနေသော စက္ကာတေးဘုရင်ကိုလည်း အတိုင်းသား မြင်နေရသည်။ တစ်စစ နီးကပ်လာတော့မှ အနုရာဓ နောင်တော်ဘုရင်ကို အကဲခတ်ကြည့်လိုက်မိသည်။ သူ ပုပ္ပားအရပ်၌ လက်နက်လူသူ စုဆောင်းရင်း စစ်ရေးစစ်ရာ လေ့ကျင့်သင်ကြား ဆည်းပူးနေခဲ့ရသည့် ငါးနှစ်တာကာလအတွင်း နောင်တော်



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မှာ သိသိသာသာ အိုစာသွားပေပြီ။

စက္ကုတေးဘုရင်သည် အနုရာဓရှိရာသို့ တဖြေးဖြေး ချဉ်းကပ်လာ၏။ ထို့နောက် အနုရာဓအား အဝင်အမြင်သေး ဟန်ဖြင့် တစ်ချက်ဖူးပြုလိုက်သည်။ အနုရာဓက နောင်တော် မှာ သူထက်ကြီးသူဖြစ်၍ အလျှင်ထိုးသတ်ပါဟု ဆိုလာသည်။ သို့ဖြင့် စက္ကုတေးက မြင်းပေါ်တွင် အသင့်ကိုင်ဆောင်လာသည့် လှံရှည်ဖြင့် အနုရာဓအား လှမ်းထိုးလေ၏။ ရဲမက်ဗိုလ်ပါ မင်း ပရိတ်သတ်အပေါင်းက ပြဿာဒ်များ ခုရှည်နေအောင် အားပေး နိုးမွှမ်းကြသည်။ ပုဂံမြို့သူမြို့သားများသည်လည်း ကမ်းလုံးညွတ် မျှလာရောက်အားပေး ကြည့်ရှုကြ၏။

အနုရာဓသည် နောင်တော်ဘုရင် မြင်းထက်မှ ထိုးလိုက် သည့် လှံချက်ကို မြင်းဇက်ကြိုးအား အသာအယာ ဆွဲလိုက်ကာ တိမ်းရှောင်၏။ လှံချက်က မြင်း၏ဦးခေါင်းကို ရှပ်ထိသွားသည်။ မိမိ၏ ထိုးနက်ချက်လွဲမှားသွားပြီဟု စက္ကုတေးမင်း ရုတ်ချည်း သိလိုက်၏။ သို့သော် ပထမဆုံးလှံချက်၌ပင်လျှင် သူ့အဖို့ နောက်ကျသွားလေပြီ။ အနုရာဓသည် လျှင်မြန်ဖျတ်လတ်စွာပင် သူ၏ အရှိန်မှာ လှံရှည်ဖြင့် နောင်တော်စက္ကုတေး၏ ရင်ဝအား မှန်းဆ၍ ထိုးနက်လိုက်၏။ လှံချက်က စက္ကုတေးမင်း၏ လက်ဝဲ


www.burmeseclassic.com

www.burmeseclassic.com

ဘက်ရင်အုံသို့ တိုက်ရိုက်ထိုးဝင်သွားသည်။

စက္ကာတေးသည် တုန်တုန်ရီရီဖြစ်လျက် အိန္ဒရာဝထိုးလိုက်သည့် လှံကို ဘယ်ဘက်လက်ဖြင့် ခုပ်ကိုင်ထားလိုက်၏။ သူ၏ရင်ဝတွင် သွေးတွေ ချင်းချင်းနီရွှဲနေသည်။ အိန္ဒရာဝသည် လှံကို ဆွဲမနှုတ်ဘဲ မြင်းထက်မှပင် စက္ကာတေးအား ချောင်းကမ်းပါးဆီသို့ အသာအယာ ခေါ်ဆောင်သွား၏။ အိန္ဒရာဝ၏ဘက်တော်သားရဲမက်ဗိုလ်ပါတို့က လက်ခုပ်သြဘာတီးကာ ဝမ်းမြောက်ဝမ်းသာ အော်ဟစ်ကြသည်။ စက္ကာရေးဘုရင်၏ ရဲမက်ဗိုလ်ပါများကတော့ သူတို့ဘုရင်မင်းမြတ်အား ဝမ်းနည်းကြေကွဲစွာ ငေးမောကြည့်ရှုလျက် ကြက်သေသေနေကြလေ၏။

ချောင်းကမ်းပါးရောက်တော့ စက္ကာတေး၏ သိန္ဓောမြင်းယာဉ်ကာ ထိုးလဲသွားသည်။ စက္ကာတေးမင်းသည်လည်း မြင်းပေါ်မှ ကျကာ သွေးအိုင်အတွင်း၌ နတ်ရွာစံလွန် သွားလေပြီ။ မင်းပရိတ်သတ်အပေါင်းသည် အိန္ဒရာဝအား သောင်းသောင်းဖျဖျ ကြိုဆိုသြဘာပြုကြ၏။ ခရာသင်းမှုတ်သူက မှုတ်သည်။ လက်ခုပ်လက်ဝါးတီး သူကတီးကြသည်။ နတ်ရွာစံ ဘုရင် စက္ကာတေး၏ စစ်သူကြီးဖြစ်သော ရွှေပါလကပင် အိန္ဒရာဝ ရှေ့တော်မှောက်သို့ ရောက်ရှိလာကာ ဒူးထောက်အရှိအသေ ပြုသည်။ ပုဆိုးနန်းကို



www.burmeseclassic.com

www.burmeseclassic.com

အနုရာဓပင် ဆက်ခံပါတော့ဟု မေတ္တာရပ်ခံ၏။ မင်း ပရိတ် သတ်အပေါင်းတို့ကလည်း မင်းမြတ်အနော်ရထာဟု အနုရာဓ အား ကောင်းချီးပေးကြကုန်၏။

အနော်ရထာမင်း နန်းတက်လေပြီ။ အနော်ရထာကား မဟာရာဇသီရိအနိရုဒ္ဓဒေဝဘွဲ့ မြတ်ကို ခံယူလေ၏။ ဘုရင် မင်းမြတ်၏ သိသိက်မင်္ဂလာပွဲကား ခမ်းနားထည်ဝါလှသည်။ အနုရာဓရွှောကြီးကို ရှာစားအရာရရှိခဲ့ရာမှ အနုရာဓမင်းသားဟု ထင်ရှားခဲ့သော်လည်း မြန်မာ့ဗမာတို့ကမူ အနိရုဒ္ဓမင်းမြတ်ဟူ၍သာ ခေါ်ဆိုကြ၏။ အနိရုဒ္ဓသည် ပါဠိဘာသာ၌ မဆန့်ကျင်ခြင်း၊ နှစ်သက်ခြင်းဟု အနက်အဓိပ္ပါယ်ရသည်ဆိုပါသည်။ အမှန်ပင် အနော်ရထာမင်းမြတ်သည် ပြည်သူပြည်သားတို့နှင့် မဆန့်ကျင်၊ တိုင်းသူပြည်သားအများ၏ နှစ်သက်မြတ်နိုးခြင်းကို ခံရသူလည်း ဖြစ်၏။ ပြည်သူအများ၏ နှုတ်ဖျားတွင် မင်းမြတ်အနော်ရထာ ဟူသော အသုံးအနှုန်းက တွင်ကျယ်နေပေပြီ။

အနော်ရထာမင်းသည် နန်းရင်ပြင်၌ပင် ထုံးတမ်းစဉ်လာ နှင့်အညီ မိဖုရားနှစ်ပါးကို အခမ်းအနားဖြင့် တင်မြှောက်ခဲ့လေ သည်။ အဂ္ဂမဟေသီအဖြစ် တောင်ပြင်သည် မိဖုရားကြီး ထို့နောက် မြောက်ပြင်သည် မိဖုရားတို့ ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နန်းတက်စကာလ၌ မိမိကိုယ်တော်တိုင် ပြုလုပ်သည့် ရွှံ့စေတီ မြေပုံဘုရားများတွင်ပင်

သော ဘဂဝါ မဟာရာဇ သီရိအနိရုဒ္ဓဒေဝေန

ကတော ဝိမုတ္တတ္ထံ သဟတ္ထေနေဝါတိ။

ဟု ပါဠိဘာသာဖြင့် ရေးထိုး၏။ အနက်အဓိပ္ပါယ်ကား သောဘဂဝါ ထိုမြတ်စွာဘုရားကို မဟာရာဇသီရိအနိရုဒ္ဓဒေဝေန ကျက်သရေအပေါင်းနှင့် ပြည့်စုံ၍ တိုင်းသူပြည်သား လူအများ တို့နှင့် မဆန့်ကျင်သော မင်းမြတ်သည် (သို့တည်းမဟုတ်) အနော်ရထာမင်းမြတ်သည် ဝိမုတ္တတ္ထံ နိဗ္ဗာန်ချမ်းသာ အလို့ငှာ သဟတ္ထေနေဝါတိ မိမိ၏လက်တော်ဖြင့်သာလျှင်၊ ကတော- ပြုလုပ်အပ်၏ဟူ၍ဖြစ်သည်။

မင်းမြတ်အနော်ရထာ နန်းမရမီက ပုဂံမြို့ တစ်နေရာတွင် အဲတူတကွ လျှို့ဝှက်စွာ သစ္စာတော်ပြုခဲ့ကြသူ ကလန်၊ သံပျင်၊ နန်းတွင်းနွယ်ဘွားတို့ကလည်း ယခင်သစ္စာတော်ပြုခဲ့ကြသည့် အတိုင်း မြောက်ပြင်သည် မိဖုရားပေါင်းကြီး ကောင်းမှုတော် ဂူဘုရားအနီး၌ ကျောက်စာတိုင်တစ်တိုင်ကို အတည်ပြု စိုက်ထူ လိုက်ကြ၏။ ကျောက်စာတွင်-

"မင်းသား၊ မင်းသမီး၊ သံပျင်၊ ကလန်သစ္စာမှူးသည်ကား



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာသော ဘုရားရှင်မင်းကြီးကိုလည်းကောင်း၊ သားတော် အနော်ရထာစောကိုလည်းကောင်း သေကြောင်းပျက်ကြောင်း မကြံ၍ တစ်ပြည်တွင်းသူ့ကိုလည်းကောင်း၊ အရပ်တစ်ပါးနှင့် ပြည်သူ တို့ကိုလည်းကောင်း၊ ပြည်ရွာပျက်ကြောင်း တလည် တပတ် မဆိုမပုန်။ သားတော်မြေးတော်၊ အနွယ်တော်အစဉ် တို့ကိုလျှင် ချီးပင့်အံ့၊ ခစားအံ့၊ ဤသို့သော သစ္စာဖြင့် ချွတ် မှုကား အပြစ် ရှစ်ပါးဖေထ်ဆယ်ပါးရောက်စေ၏။ အလှူအကျိုး မရလို၊ အပါယ်လေးပါး၌ ဖြစ်လို၏"

ဟု ရေးထိုးကြသည်။

တစ်ချိန်က နန်းကျဘုရင် ဖြစ်ခဲ့ဖူးသည့် မင်းမြတ် အနော် ရထာ၏ ခမည်းတော်ကျောင်းဖြူမင်းကြီးမှာ သားတော်အတွက် လည်းကောင်း၊ ပြည်သူပြည်သားတို့အတွက်လည်းကောင်း၊ များစွာနှစ်ထောင်းအားရမိလေသည်။ သားတော် အနော်ရထာ မင်းမြတ်ကလည်း ခမည်းတော်ကို မင်းမြှောက်တန်ဆာငါးပါး နှင့်တကွ မင်းခမ်းမင်းနားများ ဆင်ယင်ကျင်းပကာ ကျေးဇူး ဆပ်၏။ မယ်တော်မြောက်ပြင်သည် မိဖုရားဟောင်းကြီးမှာ ပထမတော့ တူတော် စုက္ကတေးဘုရင် နတ်ရွာစံလွန်၍ ကြေကွဲ တုန်လှုပ်ခဲ့ရသော်လည်း ယခုမူ သားတော်ရင်း အနော်ရထာ



www.burmeseclassic.com

www.burmeseclassic.com

အတွက် ဂုဏ်ယူမဆုံး ရှိနေချေပြီ။

အနော်ရထာသည် နန်းတက်စနေ့များ၌ ခမည်းတော်၏ ကျောင်းသင်္ခန်းဆီသို့ အမြဲကြွချီ၏။ မယ်တော်၏ ဆိုဆုံးမမှုကို အမြဲခံယူ၏။ သို့သော် သူ့မှောင်းစွာ စက်တော်မခေါ်နိုင်ခဲ့။ နောင်တော်ဘုရင်ကို စီးချင်းတိုက်ပွဲ၌ လုပ်ကြံမိခဲ့သည့်အမြစ် အတွက် ဖြေဖျောက်၍ မရနိုင်ခဲ့။ တစ်ခါတစ်ရံ ဤအကြောင်း များကို ပြန်စဉ်းစားမိပါက ယူကြုံးမရဖြစ်မိသည်။ အဂ္ဂမဟေသီ တောင်ပြင်သည် မိဖုရားကြီးက သူ့ကို နှစ်သိမ့်ရှာသည်။ သို့ သော် မတတ်နိုင်။ အခြေအနေက ဤသို့ပင် ဖန်တီးလာခဲ့သည် မဟုတ်ပါလော။

တစ်ညစက်တော်ခေါ်စဉ် အိပ်မက်တစ်ခုကို မက်မြင်၏။ အိပ်မက်တွင် သိကြားမင်းက အနော်ရထာမင်းအား ဆိုလာ သည်။ နောင်တော်အကြီးအား ဖြစ်မှားမိသော မကောင်းမှုမှ ခေါင်းပုံးစေလိုလျှင် ဂူ၊ ကျောင်း၊ ဘုရား၊ ဇရပ်၊ ရေကန်၊ ဆည်မြောင်း၊ လယ်ယာချောင်းများကို များစွာစီရင်၍ နောင်တော် အား အမျှပေးဝေပါလော့ ဟူ၏။ အနော်ရထာ အိပ်စက်နေရာမှ ရုတ်တရက် လန့်နိုးလာသည်။ ချွေးသီးချွေးပေါက်များစီး ကျလာ၏။ သူ့အကြီးအကျယ် တုန်လှုပ်သွားမိသည်။ ဘုရားတော်



www.burmeseclassic.com

www.burmeseclassic.com

ဘုရင် ဆုံးပါးသွားကြောင်း သတင်းကြားရစဉ်က မယ်တော်မိဖုရားပေါင်းကြီး ပုတ္တလုလင်ခုံးပါးရှာပြီဟု အော်မြည်လျက် ရှိက်ကြီး တငင်ငိုကြွေးနေခဲ့သည်ကို အမှတ်ရမိ၏။

မင်းမြတ်အနော်ရထာသည် ဒိဘိမက်မက်မြင်ပြီးနောက်ပိုင်းတွင် မှူးမတ်ဗိုလ်ပါတို့နှင့် မပြတ်တိုင်ပင်ကာ မြန်မာပြည်အနှံ့ ဘုရား၊ ဂူကျောင်း၊ တန်ဆောင်းဇရပ်များကို တည်ထားကိုးကွယ်တော်မူ၏။ ထိုမှတစ်ပါး ဆည်မြောင်းချောင်းကန်များကိုလည်း ဆည်တော်မူလေသည်။ ကင်းတားဆည်၊ ငနိုင်းသင်ဆည်၊ ပြောင်းပြာဆည်၊ ကူမည်းဆည်တို့ကို ပန်းလောင်းမြစ်၌လည်းကောင်း၊ နွားတက်ဆည်၊ ကွမ်းဆေးဆည်၊ ကူတော်ဆည်တို့ကို မကွေ့ရာမြစ်၌လည်းကောင်း ဆည်တော်မူခဲ့၏။ ထို့ပြင် လယ်တွင်းတစ်ဆယ့်တစ်ရွာကိုလည်း ပြုစုတော်မူခဲ့သည်။ ယင်းလယ်တွင်း တစ်ဆယ့်တစ်ရွာသည်ကား ပင်လယ်၊ မြစ်မနား၊ မြစ်သား၊ မြင်းခုန်တိုင်၊ ယမုံ၊ ပန်းမကွေ့ရာ၊ တပြက်သာ၊ သင်တောင်၊ တမုတ်ဆိုးနှင့် ခံလူးရွာတို့ပင် ဖြစ်ကြလေသည်။

ခမည်းတော် ဘုရင်ကြီးမှာ သားတော် အနော်ရထာအတွက် ဝမ်းမြောက်ပီတိဖြစ်မိလေသည်။ နောင်တော်



www.burmeseclassic.com

www.burmeseclassic.com

စုက္ကတေးဘုရင်ကို ထီးနန်းမှ ဖယ်ရှားပြီးလျှင်ပြီးချင်း မိမိ၏ ကျောင်းသခ်ိန်းသို့ လာရောက်ကာ မိမိအား မင်းပြုတော်မူပါရန် အနူးအညွတ် လာရောက်တောင်းပန်ရှာသော သားတော်၏ ကျေးဇူးသိတတ်ပုံကိုလည်း နှိုင်းမွမ်းမဆုံးရှိလေ၏။ မိမိအသက် အရွယ်ကြီးရင့် နေပါပြီ။ မိမိအတွက် ထီးနန်းစည်းစိမ်ဟူသည် မလိုအပ်တော့။ ကျောင်းဖြူမင်းကြီးသည် မိမိကျောင်းသခ်ိန်းသို့ လာရောက် ပေးပို့ထားသည့် အဆောင်အယောင် မင်းခမ်းမင်း နားများ၊ ပွဲတော်အုပ်များကိုကြည့်၍ မျက်ရည်ပင် လည်လာမိ၏။ သည်တစ်ကြိမ်တွင်တော့ ဝမ်းမြောက်လွန်း၍ ကျခဝင်းလာသည့် မျက်ရည်များဖြစ်ပေသည်။

မင်းမြတ်အနော်ရထာသည် ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွား ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ကြိုးပမ်းသကဲ့သို့ ဗြဟ္မဏ အယူရှိသူများကိုလည်း မဆန့်ကျင်။ သူတို့ကိုးကွယ်လိုရာကို လွတ်လွတ်လပ်လပ် ကိုးကွယ်ယုံကြည်ခွင့်ပြုထားလေသည်။ အနော်ရထာမင်းမြတ်၏ ယင်းသို့သော လွတ်လပ်စွာ ကိုးကွယ် ယုံကြည်မှုကြောင့်ပင် ပုဂံမြို့တော်၌ ဟိန္ဒူဘုရားကျောင်းကြီး တစ်ဆောင်ပေါ်ပေါက်လာ၏။ ယင်းကျောင်းကြီးတွင် လှဲလျောင်း လျက်ရှိသော ဗိဿနိုးနတ်ရုပ်ကြီးရှိသဖြင့် နတ်လှောင်ကျောင်း

www.burmeseclassic.com

ဟုခေါ်ဆိုကြသည်။ သူတို့ အယူဘာသာအခေါ်အားဖြင့်မူ နာနာဒေစိဗွင်နာဂူရအလဝါဘုရားကျောင်းဟု ခေါ်ဆိုကြသည်။ အဓိပ္ပါယ်မှာ နိုင်ငံအသီးသီးမှ လာရောက်ကြသူတို့၏ ဗိဿနိုးဘုရားကျောင်းဟူ၍ ဖြစ်သည်။

အနော်ရထာမင်းသည် ဗြဟ္မဏအယူဝါဒ ကိုးကွယ်ကြသူတို့၏ ဘာသာရေးအကြီးအကဲများက ဘုရားကျောင်းတစ်ဆောင်ဆောက်လုပ်လိုကြောင်း လာရောက်လျှောက်ထားကြစဉ်ကပင် ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုခဲ့သည်။ ဗြဟ္မဏအကြီးအကဲ တစ်ဦးဖြစ်သူ သိရိကုလဒေကရိယကပင် မင်းမြတ်အနော်ရထာ၏ စိတ်စေတနာကို ချီးမွမ်းမကုန်ရှိချေ၏။ အနော်ရထာမင်းမြတ်သည် ဘုရားကျောင်းအတွက် မြေနေရာကို ပေးသနားရုံမျှမကသေး၊ ရွှေငွေ၊ ကျောက်သံပတ္တမြားစသည့် အဖိုးအနဂ္ဃထိုက်တန်သော ရတနာများကိုလည်း လှူဒါန်းခဲ့ပေသေး၏။

မင်းမြတ်အနော်ရထာသည် မဟာဝိနာယက နတ်ကိုးကွယ်သူများ၊ သိဝနတ်ကိုးကွယ်သူများ၊ ဝိဿဏုနတ်ကိုးကွယ်သူများနှင့် နဂါးကိုးကွယ်သူများကိုပင် မဆန့်ကျင်။ လွတ်လပ်စွာကိုးကွယ်ခွင့်ပြုထားခဲ့လေသည်။ အချို့ဒေသဆိုင်ရာ ရိုးရာနတ်ကိုးကွယ်သူများလည်း မြန်မာပြည်နေရာအနှံ့အပြားတွင်



www.burmeseclassic.com

www.burmeseclassic.com

ရှိကြ၏။ အိမ်တွင်းနတ်ကိုးကွယ်သူတွေက ပိုမိုများပြားပါသည်။ အိမ်တွင်းနတ်ဟူသည် တကောင်းဒေသမှ ပန်းပဲလုပ်ကိုင်သူ မောင်တင့်တယ်တို့ မောင်နှမနတ်များ ဖြစ်ကြ၏။ ပန်းပဲ မောင်တင့်တယ်မှာ ခွန်အားကြီးမားသန်စွမ်းသဖြင့် တကောင်း မင်းက ကြောက်လန့်စိုးရိမ်ကာ လိုက်လံဖမ်းဆီးသည်။ ဤတွင် မောင်တင့်တယ်က ထွက်ပြေးလွတ်မြောက်သွားသည်။

တကောင်းမင်းသည် မောင်တင့်တယ်၏ နှမကို မိဖုရား မြှောက်ကာ မောင်တင့်တယ်အားလည်း မြို့သူကြီးအရာပေး မည်ဟု ဖျားယောင်းသွေးဆောင်ခေါ်ယူလျက် ဗိုက်ချင် ထိုးသတ် ပစ်၏။ ထိုအခါမိဖုရားလည်း သူ့မောင်မှာ သူ့ကြောင့် သေရ သည်ဆိုကာ မီးတွင်းထဲသို့ ခုန်ချသွားပေရာ နတ်မောင်နှမဟူ၍ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ တကောင်းမင်းသည် စကားပင်၌ နေကြသည့် နတ်မောင်နှမအား ဖမ်းစားလွှန်းလှ၍ စကားပင်ကို အမြစ်မှ တူးနုတ်လျက် ဧရာဝတီမြစ်တွင်းသို့ မျှောချလိုက်သည်။ ပုဂံသို့ ရောက်သွားသောအခါ သေလည်ကြောင်မင်းက ဆယ်ယူ လျက် စကားတုံးကို နတ်မောင်နှမရုပ်ထု ထုလုပ်ပြီး ပုပ္ပား တောင်၌ နတ်ကွန်းနှင့်ထား၏။

မင်းမြတ်အနော်ရထာမင်းသားဘဝက စက္ကာတေးဘုရင်ထို



www.burmeseclassic.com

www.burmeseclassic.com

တွန်းလှန်ဖယ်ရှားနိုင်ရန် ပုပ္ပားအရပ်သို့ သွားရောက်ခိုလှုံလျက် လက်နက်လူသူစုရုံးခဲ့စဉ်ကပင် ပုပ္ပါးဒေသ၌ မဟာဂီရိ နတ် မောင်နှမကို ကိုးကွယ်ဆည်းကပ်ကြသူများ အများအပြားရှိ ကြောင်း သတိထားမိသည်။ ခမည်းတော် ကျောင်းဖြူမင်းကြီး ကလည်း ပြည်သူပြည်သားအများအား မိမိတို့ သက်ဝင်ယုံကြည် ရာ အယူဝါဒကို လွတ်လပ်စွာ ကိုးကွယ်စေနိုင်ဖို့ အခွင့်အလမ်း ရှိစေရမည်ဖြစ်ကြောင်း သားတော်အနော်ရထာမင်းမြတ်အား မပြတ်သတိပေး၏။ အနော်ရထာမင်းမြတ်သည်လည်း မပြတ် ဆိုသကဲ့သို့ ခမည်းတော်ထံမှ ဆုံးမဩဝါဒများကို နာယူလေ့ ရှိပေသည်။

အနော်ရထာမင်းနန်းတက်ပြီး သုံးနှစ်အကြာ၌ပင် သီရိ ပစ္စယာ၌ ကျောင်းဆောက်လုပ်ကာ ခမည်းတော်ကျောင်းဖြူ မင်းကြီးကို ရေစက်ချလှူဒါန်းစေလေသည်။ ထိုအချိန်တွင် ကျောင်းဖြူမင်းကြီးမှာ အသက်ရှစ်ဆယ်ကျော်အရွယ် အိုမင်း မစွမ်းရှိနေပေပြီ။ မင်းကြီးသည် သားတော်အနော်ရထာမင်းက ပေးကမ်းသည့် ရွှေရေကရားမှ ရေစက်သွန်းချရင်း သင်ကြီး မဟာထေရ်၏ ရှေ့တော်မှောက်၌ ကျောင်းတော်ကို သာသနာ တော်အလို့ငှာ လှူဒါန်းခဲ့လေသည်။ နောက်တစ်နှစ်၌ပင်

www.burmeseclassic.com

အသက် ရှစ်ဆယ့်လေးနှစ်အရွယ်ရှိပြီဖြစ်သော ခမည်းတော် ကျောင်းဖြူ မင်းကြီးနတ်ရွာစံလွန်သွားပါသည်။

ခမည်းတော်နတ်ရွာစံလွန်ပြီးနောက် တစ်နှစ်၌ပင် မင်းမြတ် အနော်ရထာ၏ တောင်ပြင်သည်မိဖုရားကြီးမှ သားတော်ကလေး တစ်ပါးဖွားမြင်ပါသည်။ အနော်ရထာမင်းမြတ်သည်ကား သား တော်ကလေးကို အလွန်ချစ်ခင်ရှာသည်။ သားတော်လေးတစ်ပါး ရတော့ ခမည်းတော်၏ ဂုဏ်ကျေးဇူးအစုစုကို ပိုမိုတမ်းတ အမှတ်ရမိပါသည်။ သားတော်ကလေးသည် အဖွားဖြစ်သူ မယ်တော်မြောက်ပြင်သည် မိဖုရားပေါင်းကြီးနှင့် အတူနေထိုင် လျက် မြူးထူးဆော့ကစားနေပုံကို ကြည့်ရှုရင်း မိမိငယ်စဉ် ကလည်း ဤသို့ဤပုံ ရှိပေလိမ့်မည်ဟု တွေးပေါ့ဆင်ခြင်မိ၏။ ပုဂံပြည်သူ ပြည်သားအများကတော့ မင်းမြတ်အနော်ရထာ၌ နန်းလျာ သားတော်ကလေးတစ်ပါးရရှိပြီမို့ ဘုရင်မင်းမြတ်နှင့် ထပ်တူထပ်မျှ ဝမ်းပမ်းတသာရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ကျန်စစ်သား



www.burmeseclassic.com

www.burmeseclassic.com

## ၃။ ကျွန်စစ်သား

မင်းမြတ်အနော်ရထာ၌ တောင်ပြင်သည် အဂ္ဂမဟေသီ မိဖုရားကြီးမှ သားတော်တစ်ပါး ဖွားမြင်ပြီး မကြာမြင့်မီ ကာလ ၌ပင် မဇ္ဈိမဒေသ ဝေသာလီပြည်မှ ဝေသာလီမင်းက သမီး ကညာဆက်သလိုကြောင်း တမန်တော်များစေလွှတ် အ ကြောင်းကြားလာ၏။ ဝေသာလီမင်း၏ သားတော်အိမ်ရှေ့ခင်ဖြူ ရှင်အား ဝေသာလီမင်းက ထီးနန်းဆက်ခံစေရာ၌ ခင်ဖြူ ရှင်နှင့်မိဖုရား ရှစ်ရပဘာတို့မှ ဖွားမြင်သူ ပဉ္စကလျာဏီသတို့ သမီးကလေးကို အနော်ရထာမင်းထံ ဆက်သလာခြင်းဖြစ်ပါ သည်။ သတို့သမီးကလေးကို ဆောင်ကျဉ်းယူလာဖို့ရာ အနော် ရထာက အမတ်ရာဇတမန်ကို ဝေသာလီပြည်သို့ စေလွှတ်၏။

ရာဇတမန်သည် ဝေသာလီပြည်မှ ပဉ္စကလျာဏီ မင်းသမီး ကလေးကို ဆောင်ကျဉ်းလာစဉ် လမ်းခရီး၌ မင်းသမီးကလေး၏ မာယာညွှတ်ကွင်းသို့ သက်ဆင်းမိခဲ့သည်။ သို့ဖြင့် ပုဂံနေပြည် တော်သို့ ရောက်သောအခါ ရာဇတမန်ကမင်းသမီးကို ထား ရစ်ကာ အနော်ရထာမင်းမြတ်ထံသို့ဝင်လျက် ပဉ္စကလျာဏီ မင်းသမီးမှာ ဝေသာလီဘုရင့်သမီးတော် အစစ်အမှန် မဟုတ်၊ မင်းမှုထမ်းတစ်ဦး၏ သမီးသာဖြစ်ကြောင်း နားတော်လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ အနော်ရထာသည် ဒေါသအမျက် ချောင်းချောင်း ထွက်လျက် ဤမိန်းကလေးကို ပရိမ္မအရပ်သို့ ပို့လော့ဟု မိန့်ဆို ၏။ သို့ဖြင့်ရာဇတမန်က ပဉ္စကလျာဏီ မင်းသမီးအား ပရိမ္မရပ် သို့ ပေးပို့ကာ တောင်သူကြီးတစ်ဦးထံ၌ အပ်နှံထားလေ၏။

ပရိမ္မတောင်သူကြီး၏ ယာတဲ၌နေထိုင်ရသူ ပဉ္စကလျာဏီ ကိုရံဖန်ရံခါဆိုသလို ရာဇတမန်က လာရောက်တွေ့ဆုံတတ်၏။ ယင်းသို့ တွေ့ဆုံသည့်အခါတိုင်းလည်း ရောင်းရင်းဖြစ်သူ ထီးလိုင် ရပ်မှ သံပျင်ကြီး မဟာသမန်းက လိုအပ်သည့် အကူအညီများ ပေးရစမြဲဖြစ်သည်။ တစ်ခါတစ်ရံ၌လည်း ရာဇတမန် က ထီးလိုင်သို့ လိုက်သွားကာ သံပျင်ကြီး မဟာသမန်းဆီသို့ ဝင်ပြီးမှ နေပြည်တော်ပြန်သွားတတ်သည်။ သံပျင်ကြီး မဟာသမန်းသည် ထီးလိုင်ရပ်တွင် အရေးပါအရာရောက်သော ပုဂ္ဂိုလ်ဖြစ်၏။ သံပျင်ကြီးကတော်မှာလည်း မူလကပင် ကြွယ်ဝ ချမ်းသာသူ ဥသျှစ်ခြံ ပိုင်ရှင်ကြီး၏ သမီးတစ်ဦးဖြစ်လေသည်။

သံပျင်ကြီး မဟာသမန်းတွင် သားတစ်ဦး ထွန်းကား၏။ ယခုအခါ အသက်နှစ်ဆယ်အရွယ်ရှိပြီဖြစ်သော လုလင်ပျို ကလေးမှာ ဖခင်ဖြစ်သူ၏ ရာထူးအရိုက်အရာကို ဆက်ခံရန်ပင် အသင့်ဖြစ်နေပေပြီ။ သူ့ကို ကလန်လုလင်ဟု သိကြ၏။ အချို့



www.burmeseclassic.com

www.burmeseclassic.com

ကတော့ ကလန်စစ်သားဟု ခေါ်ဆိုကြသည်။ ထီးလိုင်သံပျှင်ကြီး မဟာသမန်းသည် မင်းမြတ်အနော်ရထာ မင်းသားဘဝ သစ္စာပြုစဉ်ကပင် စစ်သူရဲအဖြစ် မိမိကိုယ်ကို အပ်နှံထားသူဖြစ်ပေရာ သူ့ကို ဘုရင့်စစ်သည်တော် ရဲမက်ကြီးတစ်ဦးအဖြစ်လည်း အသိအမှတ်ပြုထားပေသည်။ ဖခင်ကို အကြောင်းပြု၍ သားဖြစ်သူ ကလန်လုလင်ကိုပင် ကလန်စစ်သားဟု ခေါ်ဆိုကြခြင်းဖြစ်ပေသည်။

ကလန်စစ်သားသည် အမတ်ကြီးရာဇတမန်နှင့် ပဥ္စကလျာဏီတို့အဖြစ်ကို ကြားသိရသောအခါ များစွာတုန်လှုပ်သွားမိ၏။ မိန်းကလေးတစ်ဦး၏ မာယာကျော့ကွင်းကို သက်ဆင်းခဲ့ရမိသည့်အလျောက် မိမိ၏အဖြစ်ကို ဘုရင်မင်းမြတ် သိရှိသွားမည်စိုးသဖြင့် ပရိမ္မသို့ ပုန်းလျှိုးကွယ်လျှိုး လာနေရသည့် ရာဇတမန်အပေါ် မိမိမည်သို့ နားလည်ရပါမည်နည်း။ တစ်ကြိမ်တွင်ကလန်စစ်သားသည် ဖခင်ထီးလိုင်သံပျှင်ကြီးနှင့်အတူ ပဥ္စကလျာဏီနေထိုင်ရာ ပရိမ္မတောင်သူကြီး၏ ယာတဲအတွင်းသို့ ရောက်ရှိသွားခဲ့ဖူးပါသည်။ ထိုစဉ်က အမတ်ကြီးရာဇတမန်၏ သတင်းစကားကို သွားရောက်ပြောကြားသိစေရခြင်းဖြစ်ပါသည်။

ပဥ္စကလျာဏီသည် ကလန်စစ်သားနှင့် အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com

အားဖြင့် များစွာကွာခြားလှသည်တော့မဟုတ်။ သို့သော် ဇဝသာလီသူဗီဗီ ရုပ်ရည်ချောမောလှပ၏။ အာသံပြည်သူများနှင့် တစ်ကြိမ်တစ်ခါမျှ ရင်းနှီးကျွမ်းကျင်မှု မရှိသေးသည့် ကလန်စစ်သားအဖို့ ပဥ္စကလျာဏီနှင့် ပြောဆိုဆက်ဆံရသည်မှာ အထူးအဆန်းသဖွယ်ဖြစ်နေပါသည်။ ဖခင်သံပျင်ကြီးက ကလန်စစ်သားအား အာသံပြည်ခေါ် ကာမရူပတိုင်းအကြောင်းကို ရှင်းလင်း ပြောကြားပြ၏။ နောက်ပိုင်း ကလန်စစ်သား ဆည်မြောင်းတာတမံ လုပ်ငန်းများကြောင့် ပဥ္စကလျာဏီနှင့် ရာဇတမန်တို့အကြောင်း ဂရုမပြုမိတော့ပါ။ ပဥ္စကလျာဏီက သားယောက်ျားကလေး တစ်ဦးဖွားမြင်ကြောင်း သတင်းသဲ့သဲ့တော့ ကြားလိုက်ရသည်။

ထီးလိုင်တွင် သံပျင်ကြီး မဟာသမန်း ကွယ်လွန်သွားတော့ သားကလန်စစ်သားပင် သံပျင်ရာထူး ဆက်ခံရ၏။ သို့သော် သံပျင်အသစ်ကလေးအား အများက ကလန်စစ်သားဟူ၍သာ ဆက်လက်ခေါ်ဆိုကြသည်။ ကလန်စစ်သားသည် ဖခင်၏ အရိုက်အရာကို ဆက်ခံရရှိသည်နှင့် ရပ်ရွာသာယာရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်တော့သည်။ သူသည်လည်း ဖခင် သံပျင်ကြီး မဟာသမန်းကဲ့သို့ပင် ရပ်ရွာသားတို့အား တရား

www.burmeseclassic.com

သဖြင့် အုပ်ချုပ်လေ၏။ အမှုကိစ္စကြီးငယ်ဖြစ်ပွား၍ စစ်ဆေးမေးမြန်း အမိန့်ချမှတ်ရလျှင်လည်း မှုမှုတတ ဆောင်ရွက်၏။ အများအားဖြင့်တော့ ဖခင်၏ အစဉ်အလာအတိုင်း ကြီးသည့်အမှုငယ်အောင်၊ ငယ်သည့်အမှု ပပျောက်အောင် ကြိုးပမ်းလုပ်ဆောင်စမြဲဖြစ်ပါသည်။

ကလန်စစ်သားသည် သံပျင်ကြီး၏ ရာထူးကို ဆက်ခံရရှိပြီးနောက် မကြာခဏဆိုသကဲ့သို့ ပုဂံမင်းနေပြည်တော်သို့ သွားရောက်ရလေသည်။ ယင်းသို့ သွားရောက်ရာ၌လည်း စာချီဗိုလ်များ စာမြောင်များနှင့်လည်းကောင်း၊ ပြည်စိုး ကိုယ်ရံစသူတို့နှင့်လည်းကောင်း ရင်းနှီးကျွမ်းဝင်နေတတ်သည်ချည်းဖြစ်သည်။ နန်းတွင်းအမှုထမ်းအများစုက သူ့ကို ချစ်ခင်ကြ၏။ ဟူးရား၊ မြပဟ္မဏများကလည်း တလေးတစား ရှိကြသည်။ ကလန်၊ သံပျင်များကလည်း ချိုမြကြည်သာ နှုတ်ခွန်းဆက်တတ်ကြသည်၊ အမတ်ကြီး ရဋ္ဌပါလကဆိုလျှင် သူ့ကို ထီးလိုင်ရှင်ကလေးဟူ၍ပင် အမည်နာမဝိသေသပြုခေါ်ဆိုပေ၏။

ကျန်စစ်သားသည် ဖခင်သံပျင်ကြီး မဟာသမန်းကွယ်လွန်သွားပြီးနောက်ပိုင်းတွင် ပရိမ္မဘက်သို့ တစ်ခေါက်ထပ်ရောက်သေး၏။ ယင်းတစ်ကြိမ်တွင်တော့ ပဉ္စကလျာဏီမင်းသမီးကို



www.burmeseclassic.com

www.burmeseclassic.com

မတွေ့ရတော့။ မင်းသမီးသည် ဝါးယာရွာတွင် သူ့၏မြတ်တံဘက်ကို ဒွာပနာပြုကာ ဘုရားစေတီတစ်ဆူတည်သွားကြောင်းများလည်း သိရသည်။ ပဥ္စကလျာဏီသည် သူတို့သားအမိအကြောင်း လိုက်လံစုံစမ်းမေးမြန်းနေသူ မင်းချင်းလုလင်တို့၏အန္တရာယ်မှ ကင်းဝေးရာသို့ သားငယ်ကိုခေါ်လျက် ထွက်ခွာသွားပြီ ဆိုပါသည်။

ကျန်စစ်သားပရိမ္မတွင် ဆွေမျိုးသားချင်းများနှင့် တွေ့နေ၍ ရက်အတန်ကြာသွားသည်။ ယင်းသို့ နေထိုင်စဉ်အတွင်း ပရိမ္မရွာသူကြီး၏ သမီးဖြစ်သူနှင့် ဖူးစာဆုံခဲ့ရသည်။ ၎င်းပရိမ္မရွာသူကြီးသမီးသည်ကား နောင်တွင် ကျန်စစ်သားနှင့် သေတပန်သက်တဆုံးလက်တွဲခဲ့သူ အပယ်ရတနာပင် ဖြစ်ပါသည်။ ကျန်စစ်သားသည် အပယ်ရတနာအပေါ် မခွဲနိုင်မခွာရက်ဖြစ်မိသော်လည်း ထီးလိုင်သို့ ပြန်လာကာ ရွာသူကြီး၊ ဗိုလ်သူကြီးများနှင့် လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရပြန်၏။ နောက်ပိုင်းတွင်မူ ကျန်စစ်သားသည် အပယ်ရတနာရှိရာ ပရိမ္မသို့ မကြာခဏ သွားရောက်လေ့ရှိတော့၏။

အနော်ရထာမင်းမြတ်နှင့် ကျန်စစ်သားတို့ ဆုံဆည်းကြပုံကလည်း စိတ်ဝင်စားစရာ ကောင်းလှသည်။ ကျန်စစ်သား



www.burmeseclassic.com

www.burmeseclassic.com

မိမိဇာတိချင်းတွင်းမြစ် အောက်ဘက်ပရိမ္မမှ ပြန်လာစဉ် မြစ်သားအရပ်၌ ဆုံဆည်းခဲ့ကြခြင်းဖြစ်သည်။ ကျွန်စစ်သားသည် ကင်တားဆည်နှင့် ငနိုင်းသေဆည်များဖို့လုပ်စဉ်အခါက ထီးလှိုင်နယ်ကို အုပ်ချုပ်ရသူကလန်တစ်ဦးအနေဖြင့် ရပ်သူရွာသားများကို ဦးဆောင်ကာ လုပ်အားပေး ကြီးကြပ်လုပ်ဆောင်ခဲ့ရခြင်းဖြစ်၏။ ထိုစဉ်က ကင်းတားဆည်နှင့် ငနိုင်းသေဆည်များသို့ အနော်ရထာမင်းမြတ် ကိုယ်တော်တိုင် လှည့်လည်ကြည့်ရှုတော်မူခဲ့သေးသည်။ ဘုရင်မင်းမြတ်သည် ဆည်ဖို့လုပ်ရာနေရာသို့ လှည့်လာရင်း ကျွန်စစ်သားကို အားပေးချီးမွမ်းစကားဆိုခဲ့သေး၏။ အနီးတွင် လိုက်ပါလာသူ ရဋ္ဌပါလအမတ်ကြီးက ကျွန်စစ်သားအား ထီးလှိုင်ရပ်မှ သံပျင်ကလေးဖြစ်ကြောင်း ဘုရင်မင်းမြတ်ကို လျှောက်တင်ခဲ့၏။

ထိုစဉ်က ဘုရင်မင်းမြတ်အနေဖြင့် နယ်မြေဒေသ အသီးသီး မှကလန်သံပျင်များအား တစ်ဦးချင်း တစ်ဖွဲ့ချင်း လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ပေရာ ဆန်းလှသည်တော့မဟုတ်ပေ။ သို့သော် နောက်တစ်ကြိမ် ဆုံဆည်းကြပုံကတော့ ကျွန်စစ်သားအဖို့ မှတ်မှတ်ရရရှိလှ၏။ ကျွန်စစ်သားသည် ပုဂံမြို့တော်သို့ရောက်ခိုက် တုရင်တောင်ထက်သို့တက်၍ စော


www.burmeseclassic.com

www.burmeseclassic.com

ဟန်းဘုရင်၏ ကုသိုလ်ကောင်းမှု သိမ်တော်နှင့် ပုထိုးစေတီတို့ကို သွားရောက်ဖူးမြော်သည်။ ပုထိုးတော်ကို ဖူးမြော်အပြီး တုရင်တောင်ထက်မှ တောင်ခြေချောက်ကမ်းပါးဆီသို့လည်းကောင်း၊ ခပ်လှမ်းလှမ်းမှ ပုဂံမင်းနေပြည်တော်သို့လည်းကောင်း ရှုမျှော်ကြည့်နေလေ၏။

ပုပ္ပားစောရဟန်း၏ သိမ်တော်ကား ပျက်စီးယိုယွင်းစပြုနေပေပြီ။ ကျွန်စစ်သားသည် တုရင်တောင်ထက်မှ လှူသွားလမ်းကလေးအတိုင်း တမျှော်တခေါ် ရှုကြည့်မိပြန်၏။ တုရင်တောင်ခြေကား ချောက်သွေ့လှသည်။ သစ်ပင်ကြီးငယ်တို့မှာလည်း အရိုးပြိုင်းပြိုင်းဖြစ်နေသည်။ ကျွန်စစ်သားသည် ဤရှုကြီးကို တစ်ဖက်ဆည်ကန်ကြီးလုပ်ကာ ရေသိုလှောင်ရလျှင်ကောင်းမည်ဟု ကြံစည်မိ၏။ ဤသို့ဆိုပါလျှင် တုရင်တောင်ခြေအနီးဝန်းကျင်၌ အမြဲတာဝစဉ်စိမ်းလန်းစိုပြေနေပေလိမ့်မည်။ ရေသိုလှောင်ဖို့ရာလည်း သိပ်ခဲယဉ်းလှသည်တော့မဟုတ်။ တုရင်တောင် အနောက်ကျောဆီမှ စီးဆင်းနေသည့် တောင်ကျချောင်းကလေးကို လူအင်အား စည်းလုံးညီညွတ်စွာဖြင့် ပိတ်ဆို့တာဖို့ပေးရုံမျှသာရှိပါသည်။

ကျွန်စစ်သားအတွေးရေယာဉ်ကြော၌ နစ်မြောနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

အသက်လေးဆယ်ဝန်းကျင်ခန့်ရှိပြီဖြစ်သော သူတစ်ဦး သိမ်တော်နောက်ဘက်မှ ရုတ်တရက်ထွက်ပေါ်လာသည်။ ထိုသူမှာ နှုတ်ခမ်းမွှေးထူထူ၊ အသားညိုညိုနှင့် ယောက်ျားပီသသော အဆင်းသဏ္ဍာန်ရှိ၏။ နားတွင်လည်း နားတောင်းအစုံကို ပန်ထားသေးသည်။ ထို့ပြင် သျှောင်ကိုလည်း သေသပ်စွာ ထုံးနှောင်ထားလေသည်။ ထိုသူသည် ကျန်စစ်သားတစ်ဦးတည်း ထိုင်နေရာနေရာသို့ ဦးတည်လျှောက်လာကာ ရည်ရည်မွန်မွန် နှုတ်ဆက်လိုက်၏။ ကျန်စစ်သားကလည်း အလိုက်သင့် ပြန်လည်နှုတ်ဆက်လိုက်သည်။

ကျန်စစ်သားသည် ထိုသူကို မြင်ဖူးသလိုလိုရှိသည်ဟု စိတ်ထဲတွင် ထင်လိုက်မိသည်။ သို့သော် ဘယ်နေရာ ဘယ်အရပ်တွင်တော့မသိ။ ပရိမ္မ,ကလော၊ ပနံဘက်ကလော မသဲကွဲတော့။ ထိုသူသည် ကျန်စစ်သားအား အဘယ်သို့ငှာ၍ အဘယ်အကြောင်းကို တွေးတောနေပါသနည်းဟု မေးခွန်းထုတ်၏။ ကျန်စစ်သားကလည်း သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသည့် အတိုင်း တုရင်တောင်ခြေမှ တောင်ကျချောင်းကလေးကို တစ်ဘက်ဆည်ကန်လုပ်ကာ ရေသို လှောင်ထားရလျှင် အနီးဝန်းကျင်၌ စိမ်းလန်းစိုပြေလာမည်ဖြစ်ကြောင်း ပြောပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်စစ်သားနှင့် ထိုသူတို့ စကားလက်ဆုံကျနေကြစဉ် အတွင်းချုပ်ဝတ်တန်ဆာများ ဝတ်ဆင်ထားကြသည့် မင်းမှုထမ်း အချို့ရောက်ရှိလာကြသည်။ သူတို့ကိုကြည့်ရသည်မှာ ရေးကြီး သုတ်ပျာရှိလှ၏။ သူတို့ထဲမှ အကြီးအကဲ ဖြစ်ဟန်ရှိသူက ထိုသူအား လက်အုပ်ချီ အရိုအသေပြုလျက် ကျွန်စစ်သားအပေါ် ကျားတစ်ကောင်ကဲ့သို့ ဟိန်းဟောက်နေလေတော့သည်။ထို့နောက် သူ၏မင်းချင်းများအား ကျွန်စစ်သားကို အဝေးသို့ ခေါ် ဆောင် သွားရန်မိန့်ကြားလိုက်၏။ သူတို့ပြောဆိုနေသံကြား၍ ကျွန်စစ်သားနှင့် စကားလက်ဆုံကျခဲ့သူမှာ မင်းမြတ် အနော် ရထာမှန်း ကျွန်စစ်သားသိရှိရလေတော့သည်။ သို့ကြောင့်ပင် ထိုသူအား စိတ်ထဲမှ မြင်ဖူးသလိုလို ဖြစ်နေဟန်ရှိနေခြင်း ဖြစ်ပေမည်။

မင်းမြတ်အနော်ရထာသည် သူ၏ မင်းချင်းတို့အား လက် ဝါးကာပြလိုက်၏။ အကြီးအကဲဖြစ်ဟန်တူသူက ဘုရင် မင်းမြတ်အား လက်အုပ်ချီ အရိုအသေပြုလျက် မင်းချင်းတို့ကို အဝေးသို့ ထွက်ခွာသွားကြရန် အမိန့်ပေးလိုက်ပြန်၏။ မကြာမီ ထိုနေရာသို့ ရှင်ပါလအမတ်ကြီး ရောက်ရှိလာသည်။ အမတ်ကြီး သည် ကျွန်စစ်သားအား မြင်တွေ့လိုက်သည်နှင့် ထိတ်လန့်ရှင်



www.burmeseclassic.com

www.burmeseclassic.com

ပါတကားဟု နှုတ်ဆက်လိုက်၏။ ကျွန်စစ်သားသည် ဘုရင်မင်းမြတ်ကို လည်းကောင်း၊ အမတ်ကြီး ကိုလည်းကောင်း အရိုအသေပြု လိုက်လေသည်။ အမတ်ကြီးက ကျွန်စစ်သားသည် ထီးလိုင်သံပျင်ကြီးမဟာသမန်း၏ သားဖြစ်ကြောင်း၊ လက်ရုံးရည်နှလုံးရည်နှင့် ပြည့်စုံသူဖြစ်ပြီး ရပ်ရွာသာယာရေးကို အမြဲအလေး ဂရုပြုသူဖြစ်ကြောင်းများကို ဘုရင်မင်းမြတ်အား လျှောက်ထားလိုက်၏။

မင်းမြတ်အနော်ရထာသည် ကျွန်စစ်သား၏ကျောကို ပုတ်လျက် အဖိုးအနဂ္ဃထိုက်တန်သောသူဖြစ်တကားဟု ချီးမွမ်းစကားဆိုတော်မူလေသည်။ ကျွန်စစ်သားအား ကျားတစ်ကောင်ကဲ့သို့ ဟိန်းဟောက်ခဲ့သူ မင်းချင်းတို့၏ အကြီးအကဲမှာမူ ခပ်လှမ်းလှမ်း၌ ရိုရိုကလေး ထိုင်နေသည်ကို တွေ့ရ၏။ မင်းမြတ်နော်ရထာသည် ကျွန်စစ်သား၏ တရင်တောင်ခြေ၌ တစ်ဖက်ဆည်ကန်လုပ်မည့် စိတ်ကူးကို ရဋ္ဌပါလအမတ်ကြီးအား ပြောပြချီးမွမ်းလိုက်၏။ ရဋ္ဌပါလအမတ်ကြီးကလည်း အလွန်ပင်လျော်ကန်သင့်မြတ်လှပါကြောင်း ဘုရင်မင်းမြတ်ကို ပြန်လည်လျှောက်ထားလိုက်လေသည်။

များမကြာမီ ဘုရင်မင်းမြတ် စောရပာန်းသိမ်တော်မှ ပြ



www.burmeseclassic.com

www.burmeseclassic.com

မင်းနေပြည်တော်ဆီသို့ ပြန်လည်ကြွရောက်လေတော့၏။ ကျန်စစ်သားသည် တရုတ်တောင်မှ ပုထိုးတော်ကို ဝတ်ပြုပြီး တောင်ခြေသို့ လှုသွားလမ်းကလေးအတိုင်း ပြန်ဆင်းလာခဲ့သည်။ ထို့နောက် ပုဂံမြို့တော်တွင်းရှိ ခေတ္တစာသည်းခိုရာ သရဖာတံခါးမှူး၏ စံအိမ်သို့ ပြန်လာခဲ့လေသည်။ အပြန်လမ်းခရီးတစ်လျှောက်တွင် အနော်ရထာမင်းမြတ်၏ ပြည်သူပြည်သားများအပေါ် သဘောထားကြီးစွာ ဆက်ဆံတတ်ပုံ၊ သနားကြင်နာတတ်ပုံတို့ကို စဉ်းစားတွေးတောမိရင်း ဝမ်းမြောက်ပီတိဖြစ်ရသေးသည်။

ကျန်စစ်သားသည် ပုဂံနေပြည်တော်တွင်းသို့ ပြန်ရောက်သောအခါ မိတ်ဆွေဖြစ်သူ တံခါးမှူးအား တရုတ်တောင် စောရယာန်းသိမ်တော်၌ ဘုရင်မင်းမြတ်နှင့် စကားလက်ဆုံကျခဲ့ပုံ အကြောင်းကို ပြန်ပြောင်းပြောမိ၏။ ထို့နောက် သူ့အားလည်း အဖိုးအနန္တထိုက်တန်သောသူတစ်ဦးဟု အသိအမှတ်ပြု မိန့်ဆိုသွားကြောင်းကိုလည်း ပြောပြလေသည်။ မိတ်ဆွေဖြစ်သူ သရဖာတံခါးမှူးမှာ ကျန်စစ်သားထံမှ သတင်းစကားများကို ကြားသိရသောအခါ မိတ်ဆွေကျန်စစ်သားအတွက်များစွာ ဝမ်းမြောက်ဂုဏ်ယူမိလျက် ကျန်စစ်သားအား ပွေ့ဖက်ကာ လှုပ်ခါလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ကျန်စစ်သားသည် ပုဂံနေပြည်တော်တွင် အခွန်တော်ကိစ္စများ၊ တရားတဘောင်အမှုအခင်းဆိုင်ရာကိစ္စများကို ဆိုင်ရာမင်းမှုထမ်း အရာရှိကြီးများနှင့် ဆွေးနွေးနှီးနှောပြီးနောက် မြင်းစီးလျက် ထီးလိုင်ရပ်သို့ ပြန်လာခဲ့၏။ လမ်းခရီးတွင် မြောင်းဆုံသို့ တစ်ညတာ ဝင်ရောက်အိပ်စက်နားခိုရသေး၏။ မြောင်းဆုံတွင် ဖခင်၏ အစ်ကိုဖြစ်သူ ဦးရီးတော်ထံ ဝင်ရောက်ကာ သာကြောင်းမာကြောင်းတွေ မေးမြန်းရသေးသည်။ နောက်တစ်နေ့ ဆွမ်းခံဝင်ချိန်မှ ထီးလိုင်သို့ ပြန်ရောက်တော့သည်။

ထီးလိုင်ရွာတွင်းသို့ ဝင်လိုက်သည်နှင့် ထီးလိုင်ရွာသူကြီးနှင့် ရပ်ရွာလူကြီးတို့က ကျန်စစ်သားအား ဝမ်းသာအဲလဲ ဆီးကြိုကြသည်။ ထို့နောက် နေပြည်တော်မှ အကြောင်းကိစ္စအဝဝကိုလည်း မေးကြမြန်းကြ၏။ ကျန်စစ်သားက ပုဂံမင်းကြီးနှင့်တရင်းတနှီး စကားလက်ဆုံကျခဲ့ရပုံက အစပြန်ပြောပြလိုက်သည်။ ထီးလိုင်ရွာသူကြီးနှင့် နားထောင်နေကြသူ ရပ်ရွာလူကြီးတို့က ကျန်စစ်သားအား ကောင်းချီးသြဘာပေးကြသည်။ မိမိတို့ ထီးလိုင်ရပ်၏ အကြီးအကဲ သံပျင်တစ်ဦးက ဥသျှောင်ဘုရင်မင်းမြတ်နှင့်ပင် တွေ့ဆုံရင်းနှီးရရှိခဲ့သည်မှာ အမှန်ပင် ဂုဏ်ယူဖွယ်ကောင်းလှပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ရက်သတ္တပတ်အကြာ၌ပင် ပုဂံနေပြည်တော်မှ ထီးလိုင်သို့ စာချွန်တော်ရောက်ရှိလာပါသည်။ ကျန်စစ်သားအား ပုဂံနေပြည်တော်သို့ လာရောက်အမှုတော်ထမ်းရွက်ရမည်ဖြစ်ကြောင်း။ လစ်လပ်သွားသော ထီးလိုင်သံပျင်ရာထူးနေရာကို ထီးလိုင်ရွာသူကြီးအား ယာယီခဏအမျှ ခန့်အပ်လိုက်ပါကြောင်းတို့ပင် ဖြစ်ပါသည်။ ကျန်စစ်သားသည် နေပြည်တော်မှ မြင်းသည်တော်များ လာရောက်ပေးပို့သည့် စာချွန်တော်ကို ဖတ်ရှုကာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားမိ၏။

ကျန်စစ်သားကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသူများမှာ ထီးလိုင်ရွာသူကြီးနှင့် ရပ်ရွာလူကြီးများသာမက ထီးလိုင်နယ်ရွာတို့တွင်နေထိုင်ကြသူ အသည်သားအားလုံးတို့ ဖြစ်လေသည်။ သူတို့က ထီးလိုင်ရှင်ဟု အော်ဟစ်ပြည်ကြွေးလျက် ကျန်စစ်သားအတွက် ဂုဏ်ယူမဆုံး ရှိကြ၏။ ဤသတင်းကို ကြားသိရပါက ကျန်စစ်သားနှင့် မေတ္တာမျှနေသူ ပရိမ္မသူကြီး၏ သမီးမိန်းမပျိုကလေးမှာလည်း များစွာဝမ်းမြောက်ရာပေလိမ့်မည်။ သက်ကြီးအိုရွယ်များကတော့ ကျန်စစ်သားကို ထီးလိုင်မှ ထွက်ခွာရတော့မည်မို့ ဝမ်းနည်းဝမ်းသာ ရှိကြ၏။

ကျန်စစ်သား အမှန်တကယ် မင်းနေပြည်တော်သို့


www.burmeseclassic.com

www.burmeseclassic.com

ထွက်ခွာ ရသောအခါ သက်ကြီးရွယ်အိုများ မျက်ရည်မဆည်နိုင်ကြ။ သူတို့က ထီးလိုင်ရှင်ကို သံပျင်ကြီး မဟာသမန်း လက်ထက် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက သံယောဇဉ် တွယ်လာခဲ့သူများဖြစ်ပေသည်။ ဘာပဲဖြစ်ဖြစ် အားလုံးကတော့ ထီးလိုင်ရှင်ကျန်စစ်သားအတွက် ဂုဏ်ယူမိကြ၏။ ထီးလိုင်ရှင်ကား ဘုရင့်ထံပါး အနီးကပ်အမှုတော်ထမ်းတစ်ဦးအဖြစ် ခန့်အပ်ခဲ့ရလေပြီ။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ၄။ ငထွေရွှေ

ထီးလိုင်ရှင် ကျန်စစ်သားတစ်ယောက် ဘုရင့်အနီးကပ် အမှုတော်ထမ်းအဖြစ် ခန့်အပ်ခံရချိန်မှစ၍ ပရိမ္မသို့ပင် ခြေဦး မလှည့်နိုင်တော့။ သို့သော် နေပြည်တော်တွင်တော့ ကြာရှည် နေရသည်ဟူ၍မရှိ။ ဘုရင်မင်းမြတ်က အမှုတော်ထမ်း ကျန် စစ်သားအတွက် စံအိမ်တော်နှင့်တကွ အခြွေအရံ လူ့ပျိုတော် သားများ အပြည့်အဝခန့်ထားပေးသည်။ သို့ပေမင့် ဘုရင် မင်းမြတ်က ခရီးထွက်ရသည်ကို ဝါသနာပါသည်။ တစ်ခါတစ်ရံ အနီးအနားသို့ သွားရောက်တတ် သကဲ့သို့ တစ်ခါတစ်လေတော့ နေပြည်တော်မှ ဝေးကွာလှမ်းသည့် အရပ်ဒေသများသို့ သုံးညှ၊ လေးညအိပ်ခရီးနှင်လေ့ရှိ၏။ သွားတိုင်းလည်း ဘုရင့်အမှုတော် ထမ်း ကျန်စစ်သား လိုက်ပါရစမြဲ။

ဘုရင်မင်းမြတ်က အမှုတော်ထမ်း ကျန်စစ်သားသို့ အသွေးအမွေးလှသော မြင်းကြီးတစ်ကောင်ကို ပေးအပ်ချီးမြှင့် လေသည်။ ထိုမြင်းကြီးကို မြင်းသည်တော်တို့က "နှလုံးကွန့် ခေါင်" ဟု အမည်ပေးထားကြ၏။ ကျန်စစ်သားသည် ဘုရင် မင်းမြတ် နေပြည်တော်၌ စံနေချိန် အားလပ်သောအခါများ၌ နှလုံးကွန့်ခေါင် မြင်းကိုစီးကာ မြင်းစီးလေ့ကျင့်လေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မြင်းစီးရင်းလဲ ဓား ခုတ်ရေး၊ လှံထိုးစသော အတတ်တို့ကိုပါ လေ့ကျင့်၏။ တစ်ခါတစ်ရံ တစ်ဦးတည်း လေ့ကျင့်သကဲ့သို့ တစ်ခါတစ်ရံတွင်တော့ လူပျိုတော် သားနောက်လိုက် တပည့်များနှင့်အတူ လေ့ကျင့်နေတတ်သည်။

အနော်ရထာမင်းမြတ်သည်လည်း မြင်းစီးကျွမ်းကျင်သူ ဖြစ်ပါသည်။ ဘုရင်မင်းမြတ်က နောင်တော်စုက္ကတေးဘုရင် ကိုပင် မြင်းပေါ်မှ လှံဖြင့်အနိုင်ထိုးသတ်ခဲ့ဖူးသူဖြစ်လေရာ မြင်းစီး ကျွမ်းကျင်လှသည်မှာ မဆန်းပါပေ။ ထူးခြားသည်ကား ဘုရင် မင်းမြတ် အနီးအပါးသို့ လှည့်လည်သွားရောက်ရာတွင် မြင်းပေါ်၌ သာမန်အသည်သားတစ်ဦးအဖြစ်သာ ဆင်မြန်းကာ စီးနင်း လိုက်ပါခြင်း ဖြစ်ပါသည်။ ဘုရင်မင်းမြတ်က ကျန်စစ်သား အပါအဝင် သူ၏နောက်လိုက်မြင်းသည်တော်အားလုံးကို မှာ ကြားထားသည်။ သူ လှည့်လည်သည့်အခါ ဘုရင်မင်းမြတ် ဖြစ်ကြောင်း မသိပါစေနှင့်ဟူ၏။ သို့မှသာ ပုဂံနိုင်ငံတော်၏ အခြေအနေမှန်ကို ပကတိအတိုင်း ရှုမြင်နိုင်မည်ဆို၏။

ဘုရင်မင်းမြတ်၏ ခံယူသုံးသပ်ချက်သည်လည်း မှန်ကန် ပါသည်။ မြို့သူအများသည် တိုင်းခန်းလှည့်လည်လာသူကို မြည့်ရှင်မင်း မှန်းသိကြပါမူ ပျပ်ဝပ်ရှိသေလျက် ဦးခိုက်ကြသည်

www.burmeseclassic.com

မှာ အမှန်ပင်ဖြစ်ပါသည်။ ကုလန်သံပျင်တို့ကလည်း ဘုရင်မင်းမြတ်ကို တခန်းတနားကြိုဆိုကြကာ မိမိတို့အနေဖြင့် ရပ်ရေးရွာရေးအတွက် မည်မျှ ကြိုးပမ်းဆောင်ရွက်ထားကြောင်း ရှန်းရှန်းဝေအောင် လျှောက်ထားကြပေလိမ့်မည်။ ထိုအခါ အနော်ရထာမင်းမြတ်အနေဖြင့် ပကတိအခြေအနေမှန်ကို သိနိုင်တော့မည်မဟုတ်ပေ။

ယခုရက်ပိုင်းတွင် မင်းမြတ်အနော်ရထာ ရောဝတီမြစ်ရိုးအတိုင်း အထက်အညာသို့ ဆန်တက်မည်တဲ့။ ထုံးတမ်းစဉ်လာအတိုင်း ဘုရင့်စီးတော်မြင်းကို ဆိုင်ရာအမတ်က အရံသင့်ပြင်ရတော့၏။ ကျန်စစ်သားနှင့် နောက်ပါမြင်းသည်တော်များလည်း အဆင်သင့်ပြင်ကြရသည်။ ဤတစ်ကြိမ်တွင် ခရီးဝေးကွာနိုင်သည်။ ဘုရင်မင်းမြတ်က ဗန်းကျိန်းယံဘက်ရောက်အောင်သွားမည်ဟုပြောဆိုသံ၊ မိန့်ကြားနေသံကြားရသည်။ ကွန်းပြောက်တော်မှအရာရှိအချို့ပင် လိုက်ပါကြရမည်ဆို၏။ ဆင်ရှူကွန်းအမတ်၏ အဆိုအရဆိုပါမူ ရက်သတ္တနှစ်ပတ်နီးပါး ကြာနိုင်ပေသည်။

နေပြည်တော်မှ ခရီးစတင်ထွက်ခွာမည့်နေ့သို့ ရောက်ရှိလာလေပြီ။ နံနက်အရုဏ်ကျင်းသည်နှင့် မင်းမြတ်အနော်ရထာ



www.burmeseclassic.com

www.burmeseclassic.com

နှင့်အဖွဲ့ ဝင်းမနားတံခါးမှ ထွက်ခွာသွားကြသည်။ အနော်ရထာ မင်းကြီးကား သာမန်မြင်းသည်တော်တစ်ဦးကဲ့သို့သာ ဝတ်ဆင်ထားပေရာ မြင်တွေ့ကြရသူများအဖို့ ဘုရင်မင်းမြတ်ဟု မည်သို့မျှ ထင်မြင်ကြလိမ့်မည်မဟုတ်ပေ။ အနော်ရထာမင်းမြတ်ကလည်း ဤသို့ လှည့်လည်သွားရောက်မည့်အကြောင်းကို တောင်မြင်သည် မိဖုရားကြီးနှင့် လူယုံတော်အချို့ကိုသာ အသိပေးလေ၏။ မင်းမြတ်အနော်ရထာသည် မြင်းစီးလူတစ်စုအကြား၌ ရောနှောလျက် မြစ်ရိုးတစ်လျှောက် မြင်းစီးထွက်ခွာသွား၏။ စုစုပေါင်း မြင်းစီးပုဂ္ဂိုလ်နှစ်ဆယ်ကျော် ပါဝင်ကြသည်။

မင်းမြတ်အနော်ရထာတို့ မြင်းစီးတပ်ဖွဲ့သည် ရောဝတီမြစ်ရိုးအတိုင်း မြောက်တက်သို့ အသော့နှင်ခဲ့ကြရာ ညနေစောင်းလျှင်ပင် သလ္လာဝတီမြစ်နှင့် ဆုံရာမြစ်ဆုံသို့ ရောက်ရှိကြလေသည်။ နေ့လည်စာကိုတော့ ပွဲတော်အုပ်မပါ။ သာမန်စားမြိန်ထုပ်မြှင့်ပင် စားသောက်ခဲ့ရ၏။ ကျန်စစ်သားမင်းသည် မိမိအရှင်သခင် ဘုရင်မင်းမြတ်အား ကြည့်ကာနစ်ထောင်းအားရဖြစ်မိလေသည်။ ယခု ဘုရင်မင်းမြတ်သည် စက္ကဝတေးမင်းနှင့် များစွာကွာခြားလှပေ၏။ ကျန်စစ်သားသာမက မြင်းစီးပုဂ္ဂိုလ်အားလုံးကပါ မင်းမြတ်နော်ရထာကို စိတ်ထဲမှကြိတ်၍ ချီးမွမ်း

www.burmeseclassic.com

ကြည်ညိုကြလေ၏။ သို့သော် အရှိအသေမပြုရဲကြ။ သာမန်မင်းမှုထမ်းကဲ့သို့သာ ပြောဆိုဆက်ဆံရမည်ဟု သံမဏိ စည်းမျဉ်းအမိန့် ထုတ်ပြန်ထားသည်မဟုတ်ပါလော။

ကျန်စစ်သားတို့အုပ်စုသည် မြစ်ဆုံအနီးသို့ ရောက်ရှိလာသောအခါ နှစ်စုခွဲလိုက်ကြ၏။ ကျန်စစ်သားနှင့် အခြားမြင်းသည်တော်လေးဦးက မြစ်ဆုံသို့ ဦးစွာ မြင်းဒုန်းစိုင်းစီး၍သွားရောက်ကြသည်။ ဘုရင်မင်းမြတ်နှင့် ကျန်မြင်းသည်တော်များကမူ နောက်မှတဖြေးဖြေးဖြင့် စီးနင်းလိုက်ပါလာကြ၏။ ကျန်စစ်သားသည် မြစ်ဆုံကမ်းပါး၌ ဘုရင်မင်းမြတ်အတွက် နေရာထိုင်ခင်းပြုလုပ်ရန် စီမံဆောင်ရွက်လေ၏။ ဦးစွာ ခြုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းသည်။ ထို့နောက် အနီးအပါးမှ သစ်လုံးသစ်ချောင်းများဖြင့် ခုံတန်းတစ်ခုကို ဖန်တီးလိုက်၏။

မကြာမီ ဘုရင်မင်းမြတ်နှင့် ကျန်မြင်းသည်တော်များရောက်ရှိလာကြသည်။ မင်းမြတ်အနော်ရထာက မြစ်ဆုံနေရာမှ စီးဆင်းလျက်ရှိသော မြင်ရေပြင်ကို ကြည့်ရှုရင်း ဧရာဝတီမြစ်အတွင်းသို့ ပေါင်းဝင်စီးဆင်းလာသော မြစ်လက်တက်အမည်ကို မေးမြန်း၏။ ကျန်စစ်သားက မဆိုင်းမတွပင် ဤမြစ်မှာ သလ္လာဝတီမြစ်ဖြစ်ကြောင်း လျှောက်တင်၏။ မင်းမြတ်အနော်



www.burmeseclassic.com

www.burmeseclassic.com

ရထာတို့ မြင်းသည်တော်တစ်စု ထိုနေ့ည မြစ်ဆုံ၌ပင် စခန်းချ ကြလေသည်။ ညနေစောင်း နေဝင်လုနီးသည်နှင့် မြင်းသည် တော်တစ်ဦးက ခပ်လှမ်းလှမ်းမှ မြင်နေရသော ရွာကလေးဆီ သို့ မြင်းစီးထွက်ခွာသွားသည်။

မကြာမီ မြင်းစီးပုဂ္ဂိုလ် ရွာထဲမှပြန်လာတော့ ငှက်ပျောဖက် ဖြင့်ထုပ်ထားသော ထမင်းထုပ်များပါလာ၏။ ဘုရင့်မြင်းသည် တော်အမှုထမ်းများ ရွာထိပ်မြစ်ဆုံတွင် စခန်းချလျက်ရှိကြောင်း သိရှိရ၍ ထမင်းထုပ်များ၊ တစ်အိမ်တစ်ထုပ် ဆင့်ဆိုကာ ပေးပို့ လိုက်ခြင်းဖြစ်၏။ ရွာသူကြီးမှာမူ လှည်းယာဉ်ကလေးတစ်စင်းဖြင့် မြစ်ဆုံသို့ ဒုန်းစိုင်းလိုက်ပါလာလေသည်။ ရွာသူကြီးသည် မြင်းတပ်ဗိုလ်ဟု ယူဆထားသော အနော်ရထာမင်းမြတ်အား အရိုအသေပြုလိုက်၏။ ထိုအခါ ဘုရင်မင်းမြတ်က ရွာသူ ကြီးအား ရပ်ရွာ အခြေအနေ၊ မြို့ဆော်ရွာဆော် ကလန်သံပျင် တို့၏ အုပ်ချုပ်ပုံ အနေအထားတို့ကို မေးမြန်းစုံစမ်းကြည့်သည်။

ရွာသူကြီးသည် ဘုရင်မင်းမြတ်အား အမှန်ပင်မြင်းတပ် ဗိုလ်ဟုယူဆကာ ကလန်သံပျင်တို့အခြေအနေကို ပကတိ သိမြင်သည့်အတိုင်း ပြောပြလျှောက်ထားလိုက်၏။ ထို့နောက်ခါ ဘုရင်မင်းမြတ်က နောက်တစ်နေ့တွင် ရောဝတီမြစ်ကို



www.burmeseclassic.com

www.burmeseclassic.com

ဖြတ်ကူးကာ ခရီးဆက်လိုသဖြင့် ဝါးဖောင်များ စီစဉ်ပေးနိုင်ခြင်းရှိမရှိ ရွာသူကြီးကို မေးမြန်းစုံစမ်းကြည့်သည်။ ရွာသူကြီးက မခိုင်းမတွပင် ညတွင်းချင်း သူ့ရွာသူ့ရွာသားများဖြင့် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောပြလိုက်၏။ ဘုရင်မင်းမြတ်သည် သဘောကျနှစ်ခြိုက်သွားကာ ရွာသူကြီးအား စီစဉ်စရာရှိသည်များကို စီစဉ်ဆောင်ရွက်ရန် အမိန့်ပေးလိုက်လေသည်။

ထိုနေ့ညတွင် အမှန်ပင်ရွာသူကြီးလူများ တစ်ညလုံးနီးပါး ဝါးဖောင်များကို လာရောက်လုပ်ဆောင်ကြသည်။ လသာသာတွင် သူတို့မပင်မပန်း ဖောင်ဖွဲ့နေကြသည်မှာ ချီးမွမ်းဖွယ်ရာပင်။ ကျန်စစ်သားသည် ထိုသူများ အလုပ်လုပ်နေရာသို့ မကြာခဏသွားရောက်ကာ နယ်မြေဒေသနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြည့်လေသည်။ ဤနယ်မြေဒေသကား သူနှင့်စိမ်းလှသော နယ်များမဟုတ်ပေ။ ကျန်စစ်သားသည် ဧရာဝတီမြစ်၏အနောက်ဘက်ကမ်း ချင်းတွင်းမြစ်အထက်ပိုင်း မြစ်ဆုံနှင့် မဝေးလှသော ပရိမ္မတွင် ဖွားမြင်ခဲ့သူဖြစ်သည်။ သို့သော် ဖခင်သံပျင်ကြီးမဟာသမန်းမှာ ထီးလိုင်အရပ်သားဖြစ်သဖြင့် နောင်တွင် ထီးလိုင်သို့ ပြောင်းရွှေ့ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ နံနက်စောစောတွင် အရုံသင့်ဖြစ်နေသော ဓါးဖောင်များဖြင့် လှေရော၊ မြင်းပါ ဧရာဝတီမြစ်တစ်ဘက်ကမ်းသို့ ကူးသွားကြသည်။ ထို့နောက် မြစ်ဘက်ကမ်းသို့ရောက်လျှင် မြင်းများဖြင့် ခရီးဆက်ခဲ့ကြ၏။ သည်တစ်ကြိမ်တွင်တော့ နေ့လည်စာကို ကျွန်စစ်သားက တာဝန်ယူပေသည်။ ကျွန်စစ်သားသည် မြောင်းရှာရှိ မြင်းစီးကြီးနှင့် သွားရောက်တွေ့ခဲ့ကာ အကျိုးအကြောင်းပြောပြသည်။ မြင်းစီးကြီးမှာ သူ၏မိခင်နှင့်လည်း ဆွေရိပ်မျိုးရိပ်မကင်းသူဖြစ်လေရာ နေ့လည်စာအတွက် ဖွယ်ဖွယ်ရာရာ စီမံပေးလေသည်။ နေ့လည်စာ စားသောက်ပြီး အချို့ ပွဲအုပ်များပင် ဆက်သခဲ့သေး၏။

များမကြာမီ မြင်းသည်တော်များ မြောက်ဘက်သို့ ဆက်လက် ခရီးထွက်ခွာကြသည်။ ဤဘက်ခရီးစဉ်ကိုတော့ ကျွန်စစ်သားကပင် ဦးဆောင်ပါသည်။ ကျွန်စစ်သားသည် မြောင်နယ်မှ မြင်းမူနယ်ဘက်ဆီသို့ ဦးတည်သွားရောက်၏။ ပြီးလျှင် ကျောက်ကာဘက်မှ လှည့်ကာ မင်းကြီးသွားလိုသည့် ဗန့်ကျိနယ်သို့ ခရီးဆက်မည်ဖြစ်သည်။ မြင်းမူနယ်တွင်းသို့ ရောက်သည်နှင့် ထန်းပင်တွေက သိသိသာသာပေါ်များလာသည်။ [illegible] နေရာတွင် ထန်းတောကြီးတစ်တောကို ဖြတ်သန်းကြရ၏။



www.burmeseclassic.com

www.burmeseclassic.com

ထန်းတောကြီးအလယ်၌ ထန်းလက်မိုး ထန်းရွက်ကာ တဲကြီး တစ်လုံးကိုလည်း တွေ့ကြရသည်။

ကျွန်စစ်သားသည် ထန်းတဲရှေ့၌ မြင်းကို ရပ်တံ့ကာ မြင်းပေါ်မှ ဆင်းလိုက်သည်။ ဘုရင်မင်းမြတ်နှင့် အခြား မြင်းစီး ပုဂ္ဂိုလ်များမှာမူ ထန်းတောအတွင်း ခပ်လှမ်းလှမ်း၌ ကျွန်ရစ် ကြ၏။ ကျွန်စစ်သားက ထန်းတဲအတွင်းသို့ ဝင်ရောက်မည် ပြုသောအခါ တုတ်တုတ်ခိုင်ခိုင် လူတစ်ဦး ထန်းလှီးဓားနှင့် မြူအိုးများကို ခါးတွင်ချိတ်ကာ တဲအတွင်းမှ ထွက်လာ လေသည်။ ထိုအတောအတွင်း ဘုရင်မင်းမြတ်နှင့် မြင်းစီး ပုဂ္ဂိုလ်များလည်း ရောက်ရှိလာကြ၏။ ညနေစောင်းပြီမို့ ဤထန်းတောထဲ၌ပင် စခန်းချရန် ဟန်ပြင်ကြသည့်အလျောက် အားလုံးမြင်းပေါ်မှ ဆင်းသက်ကာ အဆင်ပြေမည့်နေရာ ထိုင် ခင်းများကို ပြင်ဆင်နေကြလေသည်။

တဲအတွင်းမှ ထွက်လာသူသည် မြင်းစီးအုပ်စုကို မြင်သည် နှင့် ကြောက်ရွံ့တုန်လှုပ်သွား၏။ ထို့နောက် သူသည် မဝံ့မရဲ ဖြင့် မြေပေါ်၌ ထိုင်ချလျက် အရိုအသေပြုဟန်ပြုလိုက်လေ သည်။ ကျွန်စစ်သားက လက်ကာပြတော့မှ နေရာမှပြန် ထလာ၏။ ကျွန်စစ်သားက အဘယ်ကြောင့် ကြောက်ရွံ့



www.burmeseclassic.com

www.burmeseclassic.com

သနည်းဟု မေးမြန်းကြည့်တော့ ဘုရင့်အမှုတော်ထမ်းများသည် သူတို့စိတ်တိုင်းကျ ထန်းရည်အလျှင်အမြန်မရရှိပါက မြည်တွန်တောက်တီးလျက် သူ့အား ထုရိုက်လေ့ရှိကြောင်း။ သို့ဖြစ်၍ သူသည် ထန်းပင်ပေါ်သို့ အလျှင်အမြန်တက်ကာ မြူအိုးများကို မြေသို့ချပေးရကြောင်း ဆိုလေ၏။

ကျွန်စစ်သားက ဘုရင့်အမှုတော်ထမ်းများမှာ ယခုကဲ့သို့ ထန်းတောသို့လာရောက်ကာ သူတို့စိတ်တိုင်းကျမဖြစ်တိုင်း ထုရိုက်ကြသည်မှာ အမှန်လောဟု ဘုရင်မင်းမြတ်ရှေ့၌ ထိုသူကို ထပ်မံမေးမြန်းပြန်၏။ ထိုအခါ သူက ယခုမင်းမှုထမ်းကို ဆိုလိုသည်မဟုတ်ပဲ ယခင် စုက္ကတေးဘုရင်လက်ထက်က မင်းမှုထမ်းများကိုသာ ဆိုလိုကြောင်း ပျာပျာသလဲ ရှင်းလင်းပြောကြားလေသည်။ ဘုရင်မင်းမြတ်သည် ကျွန်စစ်သားအား မသိမသာ လှမ်းကြည့်အကဲခတ်ကာ ထိုသူ၏အဆိုကို သဘောကျနေလေ၏။

ယခု အုပ်ချုပ်စိုးစံနေသည့် မင်းမြတ်အနော်ရထာကား မည်သို့မည်ပုံရှိကြောင်း ဝေဖန်ပြောကြားစေသောအခါ ထိုသူက အနော်ရထာမည်သို့ မည်ပုံ အုပ်ချုပ်စိုးစံနေကြောင်းကိုမူ သူ မသိ။ သို့သော်အနော်ရထာ၏ မင်းမှုထမ်းတို့မှာ ယခင်စုက္ကတေး



www.burmeseclassic.com

www.burmeseclassic.com

၏ မင်းမှုထမ်းများကဲ့သို့ သူ့ကို ရိုက်နှက်ထုထောင်းမှုမရှိတော့ကြောင်း ပြန်ပြောလေသည်။ သူသည် စုက္ကတေးလက်ထက် မင်းမှုထမ်းများ၏ ဗိုလ်ကျစိုးမိုးအနိုင်ကျင့်မှုကြောင့်ပင် ယခုအခါ ထန်းပင်များကို အလျင်အမြန်တက်နိုင်နေပြီဖြစ်ကြောင်း ကျန်စစ်သားအား ရှင်းလင်းပြောပြပါသည်။

ဘုရင်မင်းမြတ်သည် ထိုသူအား အသေအချာကြည့်လျက် ပြုံးရယ်ကာဆိုလေသည်။ ယခုအခါ ဘုရင်မင်းမြတ်၏ ကျေးဇူးကြောင့် သူ့အမှုတော်ထမ်းများ၏ ရိုက်နှက်ထုထောင်းမှုကိုမခံရ ရုံမျှမက ထန်းပင်တက်ကျွမ်းကျင်သူတစ်ဦးပင် ဖြစ်နေလေရာ ဘုရင်မင်းတရားအား ကျေးဇူးတင်ထိုက်ပေကြောင်းပင်ဖြစ်သည်။ ထို့နောက် အကယ်၍ ဘုရင်မင်းမြတ် ဤထန်းတောသို့ ရောက်ရှိလာပါကမူ မည်သို့မည်ပုံ ကျေးဇူးပြုမည်နည်းဟု မေးမြန်းကြည့်၏။ ထိုသူက မဆိုင်းမတွပင် အားပါးတရ ပြုံးရယ်ကာ ဘုရင်မင်းတရားကြီးသည် မည်သည့်အခါမျှ သူ၏ထန်းတဲကလေးသို့ ရောက်ရှိလာနိုင်မည်မဟုတ်ကြောင်း ပြောဆိုလေတော့၏။

မင်းမြတ်အနေဖြင့်ရထားသည် ထိုသူ၏ ရိုးသားပွင့်လင်းပုံကို သဘောကျကာ ကျန်စစ်သားဘက်သို့ လှည့်ကြည့်လိုက်၏။

www.burmeseclassic.com

ထို့နောက် ထိုသူနှင့် ဆက်လက်စကားပြောဆိုပြန်၏။ ဘုရင်မင်းမြတ်ကို ပုဂံနေပြည်တော်၌ တွေ့ဆုံခဲ့သော် မည်သို့မည်ပုံ ကျေးဇူးတုံ့ပြန် မည်နည်းဟု မေးခွန်းထုတ်ကြည့်လျှင် ထိုသူက ဤတစ်ကြိမ်တွင်လည်း ထန်းတက်အလုပ်မှာနေ့စဉ်မပြတ် လုပ်ရသော အလုပ်မျိုးဖြစ်ကြောင်း။ ထန်းပင်ကို နေ့စဉ် နံနက်တစ်ကြိမ်၊ ည နေတစ်ကြိမ် ပုံမှန်လှီးပေးရန်လိုပေရာ သူ့အနေဖြင့် ပုဂံနေပြည် တော်သို့သွားရောက်ရန် မည်သည့် အခါမျှ အခွင့်သာမည် မဟုတ်ကြောင်း မဆိုင်းမတွပင် ဖြေကြားပြန်သည်။

နောက်ဆုံး ဘုရင်မင်းမြတ်က သူ့အနေဖြင့် ပုဂံနေပြည် တော်သို့ရောက်ရှိသည့်အခါ ထန်းတက်သမားအကြောင်း ပြောကြားပေးပါမည်။ အမည်ကိုပြောပါဟုဆိုလျှင် ငထွေရူးဟုခေါ်ကြောင်း၊ မြင်းမူနယ်တွင် ငထွေရူးဆိုပါက တစ်နယ်လုံးအသိပင် ဖြစ်ကြောင်း ပြောပြ၏။ အမည်ရင်းမှာ ငထွေဖြစ်သော်လည်း ထန်းရည်သောက်လာကြသူများအကြိုက် ရူးရူးပေါပေါနေရာမှ ငထွေရူးဟူသောအမည်ရလာသည် ဆိုပါသည်။ ထို့နောက် မင်းချင်းညော့သည်တို့ကို ညော့ခံရန် ထန်းပင်ပေါ်တက်ဦးမည် ခေတ္တခဏ စောင့်ဆိုင်းနေကြပါဟုဆိုကာ ထန်းပင်ပေါ်သို့

www.burmeseclassic.com

လျှင်မြန်မြန်ဖြတ်လတ်စွာ တက်သွားလေတော့သည်။

ငထွေရှူးသည် ထန်းပင်ထက်မှနေ၍ အောက်သို့ကြိုးဖြင့် မြူအိုးများ ချပေး၏။ တပည့်ဖြစ်သူက မြူအိုးကို ဖြုတ်ယူကာ တဲထဲရှိ စင်ထက်သို့တင်လိုက်၏။ ငထွေရှူးသည် ထန်းပင် အောက်သို့ ပြန်မဆင်းပဲ အခြားထန်းပင်ဆီသို့ ထန်းလက်များမှ တစ်ဆင့် ခုန်ကူးသွားလေသည်။ ထို့နောက် အောက်သို့ မြူအိုး ကို ကြိုးဖြင့် ချပေးပြန်၏။ တပည့်ဖြစ်သူက လိုက်ငံသိမ်း ဆည်းကာ တဲဝရှိ စင်ပေါ်သို့တင်ပြန်သည်။ ဤသို့ဖြင့် ငထွေရှူး ၏ ထန်းပင်တစ်ပင်ပြီးတစ်ပင် ကျွမ်းကျင်လိမ္မာစွာ ကူးပြောင်း တက်ရောက်နေပုံမှာ များစွာချီးမွမ်းဖွယ်ရာဖြစ်သည်။ အနော် ရထာမင်းမြတ်တို့ မြင်းစီးပုဂ္ဂိုလ်များအားလုံးလည်း ငထွေရှူးကို ချီးမွမ်းမဆုံးရှိကြ၏။

ငထွေရှူး၏ တပည့်ဖြစ်သူက မြင်းစီးပုဂ္ဂိုလ်များအား ဝါး ခွက်တစ်ခွက်စီ တရိုတသေ ပေးအပ်လိုက်သည်။ ထို့နောက် မြူအိုးများအတွင်းမှ လှယ်ထည့်ထားသည့် ဝါးကျည်တောက် ကြီးဖြင့် ထန်းရည်များလိုက်လံထည့်ပေးလေ၏။ မြင်းစီးပုဂ္ဂိုလ် များက ထန်းရည်ကို တစ်ငုံစီခန့် မြည်းစွက်ကြည့်ကြသည်။ ထန်းရည်၏ အရသာမှာ အလွန်ပင်ကောင်းလှသည်။ ကျန်စစ်



www.burmeseclassic.com

www.burmeseclassic.com

သားကတော့ မင်းမြတ်အနော်ရထာအား တစ်ချက်ကြည့်ကာ အနေအခြေကို အကဲခတ်လိုက်သည်။ ဘုရင်မင်းမြတ်က အသာတကြည် ပြုံးပြလျက် ထန်းရည်တစ်ငုံသောက်ကြည့်သည်။ အမှန်ပင်ကောင်းမွန်သော ထန်းရည်ဖြစ်ပြီး အနံ့အသက်မှာလည်း သင်းပျံ့နေ၏။

မင်းမြတ်အနော်ရထာတို့ ထန်းရည်သုံးဆောင်နေကြစဉ် ၌ပင် ငထွေရူးသည် ထန်းပင်ထက်မှ ဖောက်ထိုးအနေအထား ဖြင့်လျှောဆင်းလာ၏။ ထန်းတဲရှေ့တွင် ထိုင်နေကြသူ မြင်းစီး ပုဂ္ဂိုလ်တစ်စုမှာ ငထွေရူး၏ ထူးခြားသော အပြုအမူကြောင့် အံ့အားသင့်သွားကြလေသည်။ ထို့နောက် သူ့ကို ဝိုင်း၍ ချီးမွမ်း စကား ဆိုကြလေ၏။ အဘယ်ကြောင့်ဆိုသော် ငထွေရူးသည် အစထန်းပင်မှ တက်သွားသော်လည်း ထန်းတော တစ်ပတ် လည်ပြီး အဆုံးထန်းပင်မှ ပြန်ဆင်းလာသောကြောင့် ဖြစ်ပေ သည်။

ငထွေရူး ထန်းတဲရှေ့သို့ ပြန်လည်ရောက်ရှိလာသောအခါ မင်းမြတ်အနော်ရထာက ငထွေရူး၏ တုတ်ခိုင်မာကျောသည့် လက်မောင်းကို စမ်းသပ်ကြည့်သည်။ ထို့နောက် ခါးတွင် ချိတ် ဆွဲထားသော ထန်းလှီးဓားကိုလည်း ကိုင်တွယ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

စားကာ ထက်လုပ်ပါဘိ။ ငထွေရှုးက မြင်းစီးပုဂ္ဂိုလ်များအားလုံးကို လက်အုပ်ချီအရိုအသေပြုကာ အဆင်ပြေမှုရှိ မရှိမေးမြန်း၏။ ကျန်စစ်သားက အဆင်ပြေပါကြောင်း၊ ဤညတွင် ထန်းတဲ၌သာ အားလုံးတည်းခိုကြရမည်ဖြစ်ကြောင်း ပြောဆိုလေသည်။ ငထွေရှုးသည် ကျန်စစ်သား၏ စကားကိုကြားသည်နှင့် ထမင်းချက်ရန် ဈေးထဲသို့ ဆန်သွားဝယ်မည်ဆို၏။ ကျန်စစ်သားက လက်ကာပြလျက် စားနပ်ရိက္ခာ အစုံပါရှိကြောင်း ပြောဆိုမှ ငထွေရှုးနေရာတွင် ပြန်ထိုင်၏။

ဘုရင်မင်းမြတ်သည် ငထွေရှုးကိုကြည့်ကာ အဘယ်ကြောင့် ထန်းရည်အိုးအမြောက်အများကို အပင်ထက်မှ ချရသနည်းဟု မေး၏။ ငထွေရှုးက ထန်းရည်များကို ညဘက်တွင် ထန်းလျက် ချက်ရကြောင်း၊ နံနက်တွင် မြစ်တဘက်ကမ်း မြင်းမူရွာမှ လာရောက်ဝယ်ယူကာ ဈေးအတွင်း၌ ပြန်လည်ရောင်းချကြကြောင်း၊ ဤထန်းတောမှထွက်သော ထန်းလျက်မှာ နာမည်ကြီးပြီး ပုဂံမင်းနေပြည်တော်သို့ပင် ဖောက်ကားရောင်းဝယ်ကြကြောင်း ရှင်းပြ၏။ ငထွေရှုးအဖို့ ယခုလာရောက်ကြသူ မင်းချင်းများမှာ ယခင် မင်းမှုထမ်းများကဲ့သို့ သောက်စားမူးယစ်ရမ်းကားကြသူများ မဟုတ်သဖြင့် ညဘက်

www.burmeseclassic.com

တွင် ညှော်ဝတ်ကျော့မွန်စွာ ညှော်ခံလေသည်။ မင်းချင်းများသည် မြင်းပေါ်၌ တင်ဆောင်လာသည့် ဆန်နှင့် ငါးခြောက်ကို ထန်းတဲ အတွင်း၌ပင် ချက်ပြုတ်ကြ၏။

ညစာစားပြီးသောအခါ ငထွေရှုးက မင်းချင်းများအား ထန်းလျက်၊ ရေနွေးကြမ်းတို့ဖြင့် ညှော်ခံပြန်သည်။ ဘုရင်မင်းမြတ်ကတော့ ထန်းလက်ဖြင့်ပြုလုပ်ထားသည့် ဖားရုပ်ကလေးများ၊ ခြင်းတောင်းကလေးများ၊ မိကျောင်းရုပ် ကလေးများကို စိတ်ဝင်တစား ကြည့်ရှုနေ၏။ ငထွေရှုးသည် ဘုရင်မင်းမြတ်အား မင်းချင်းတို့၏ခေါင်းဆောင် မြင်းသည်တော်ကြီးဟူ၍ပင် စိတ်ထဲ၌ထင်မှတ်ကာ ရင်းနှီးကျွမ်းဝင်စွာပင် ဆက်ဆံပြောဆိုလေသည်။ ဤသည်ကိုပင် ဘုရင်မင်းမြတ်က ပို၍သဘောကျနေပေ၏။ သူသည် ထန်းလက်ဖြင့် ဆင်ရုပ်တစ်ရုပ်ကို ကျွမ်းကျင်နိုင်နင်းစွာ ယက်လုပ်ပြလိုက်၏။ ဘုရင်မင်းမြတ်က ဤအရုပ်ကလေးကို နေပြည်တော်၌ ကျန်ရစ်သူ သားတော်မောင်အတွက် ပေးလိုက်ရန်တောင်းခံသည်။

နံနက်စောစော အိပ်ယာထ၍ ထန်းတောအတွင်းမှ ဆက်လက် ခရီးထွက်ခွာကြရန် ပြင်ဆင်လေသည်။ ထိုအခါ ဘုရင်မင်းမြတ်က သူ၏မင်းမှုထမ်းတစ်ဦးအား ညှော်ဝတ် ကျေးဇူးသော



www.burmeseclassic.com

www.burmeseclassic.com

ငွေရှုးအတွက် ထိုက်တန်သည့် ဆုလာဘ်ကို ချီးမြှင့်ရန် မိန့်ကြားလိုက်၏။ ငွေရှုးမှာမူ မင်းချင်းတစ်ဦး ပေးအပ်သည့် နဝရတ် လက်စွပ်ကိုကိုင်လျက် နားမလည်ဟန်ဖြင့် ငေးမော ကျန်ရစ်လေတော့၏။ ကျန်စစ်သားတို့အဖွဲ့ ဗန်ကျိုနယ်ဘက်သို့ ဆက်လက်ထွက်ခွာသွားကြလေပြီ။





www.burmeseclassic.com

www.burmeseclassic.com

# ငလုံးလက်ဖယ်



www.burmeseclassic.com

www.burmeseclassic.com

## ၅။ ငလုံးလက်ဖယ်

ငထွေရှူးသည် မင်းချင်းများ ထန်းတောမှ ပြန်လည်ထွက်ခွာသွားပြီးနောက် မြင်းစီးပုဂ္ဂိုလ်တစ်ဦးပေးအပ်ခဲ့သည့် နဝရတ်လက်စွပ်ကလေးကို ငေးမောကြည့်ရှုနေမိ၏။ ဤနဝရတ်လက်စွပ်ကား အဖိုးအနဂ္ဃထိုက်တန်ပေလိမ့်မည်။ မိမိကဲ့သို့သော ထန်းတက်သမားတစ်ဦးနှင့် လားလားမျှမထိုက်။ မင်းချင်းတစ်ဦးသည် မိမိအား အဘယ်သို့သော ရည်ရွယ်ချက်ဖြင့် ဤနဝရတ်လက်စွပ်ကို ပေးအပ်ခြင်းပါနည်း။ မိမိကိုယ်တိုင် အဖြေရှာ၍မရ။ ဖြစ်နိုင်စရာဟူ၍ သူတို့အား မိမိက ညှို့ဝတ်ကျေပွန်စွာ ညှိခံခဲ့သည့် အကြောင်းသာရှိသည်။ ယခင် စုက္ကတေးဘုရင် လက်ထက်ကလည်း မိမိအနေဖြင့် မင်းမှုထမ်းမြင်းသည်တော်များအပေါ် ဤကဲ့သို့ပင် ညှို့ဝတ်ကျေပွန်စွာ ညှိခံခဲ့သည်သာဖြစ်ပါသည်။

ငထွေရှူးသည် ထန်းခေါက်ဖာအတွင်း၌ နဝရတ်လက်စွပ်ကို တရိုတသေသိမ်းဆည်းလိုက်ကာ ထုံးစံအတိုင်း ထန်းပင်မြင့်ပေါ်သို့ တက်သွားလိုက်၏။ နေမြင့်လုပြီဖြစ်သော်လည်း တပည့်ဖြစ်သူက ရောက်မလာသေး။ ငထွေရှူးသည် သူ၏တပည့်အား စောင့်ဆိုင်းနေ၍မဖြစ်။ ထန်းတက်အလုပ်က အလျင်



www.burmeseclassic.com

www.burmeseclassic.com

မှန်ဖို့လိုသလို လုံ့လဝီရိယရှိဖို့လည်း လိုသည်။ ထန်းနို့များကို နံနက် နေထန်းတာဖျားမရောက်မီ အပြီးလှီးဖြတ်နိုင်မှ ထန်းရည်ကောင်း ရသည်။ သို့မဟုတ်ပါက ထန်းရည်အရသာ ပြောင်းသွားနိုင်သည်။ အထူးသဖြင့် အချဉ်ဓာတ်အနည်းငယ် ပေါက်သွားနိုင်ပေသည်။

ငထွေရှူးသည် ယင်းသို့ နှစ်စဉ်ရှိ ထန်းပင်တက်ရင်းဖြင့်ပင် တစ်လတာ အချိန်ကုန်သွားသည်။ မင်းချင်းတို့ ထန်းတောမှ ထွက်ခွာသွားကြပြီးနောက် တစ်လတိတိပြည့်သောနေ့၌ နေပြည်တော်မှ စာချွန်တော်ရောက်ရှိလာ၏။ ယခင်လာ ရောက်ခဲ့ဖူးသည့် မြင်းစီးပုဂ္ဂိုလ်များထဲမှ တစ်ဦးက ထန်းတဲသို့ လာရောက်ပို့ပေးခြင်းဖြစ်ပါသည်။ စာချွန်တော်တွင် ဘုရင် အနော်ရထာမင်းမြတ်အမိန့်တော်အရ ငထွေရှူးအား နေပြည်တော်သို့ လာရောက်အမှုတော်ထမ်းရန် ဆင့်ခေါ်ထားလေသည်။ ငထွေရှူးသည် နားမလည်ဟန်ဖြင့် စာချွန်လာပို့သူ မြင်းစီး ပုဂ္ဂိုလ်အား အကျိုးအကြောင်း မေးမြန်းလျှောက်ထားကြည့်၏။ သည်တော့ သူ့အဖို့ ပိုမိုအံ့ဩရပြန်လေသည်။

လွန်ခဲ့သည့်လက သူ၏ထန်းတဲတွင် တစ်ညဉ့်တာ လာ ရောက်တည်းခိုသွားသူများထဲ၌ အနော်ရထာမင်းမြတ် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

တိုင် ပါဝင်ခဲ့သည်တဲ့။ အသက်လေးဆယ်ခန့်အရွယ် နှုတ်ခမ်းမွေးစစနှင့် ငထွေရှုးထံမှ ထန်းလက်ဆေ်ရုပ်ကလေး တောင်းယူသွားသူ ပုဂ္ဂိုလ်မှာ အနော်ရထာမင်းမြတ်ပင် ဖြစ်သည်တဲ့။ ငထွေရှုး ဤသို့ကြားသိရတော့ ကျောချမ်းသွားမိသည်။ ဘုရင်မင်းမြတ်သည် အဘယ်ကြောင့် သူ၏ထန်းတဲအတွင်းသို့ ရောက်ရှိလာခဲ့ ရပါသနည်း။ ထို့နောက် မြင်းစီးပုဂ္ဂိုလ် မင်းမှုထမ်းက ဆက်လက်ဆိုပြန်၏။ နဝရတ်လက်စွပ်ကို ပေးအပ်စေသည်မှာလည်း ယင်း အနော်ရထာမင်းမြတ်ပင်ဖြစ်လေသည်။

ငထွေရှုးအနေဖြင့် အနော်ရထာမင်းမြတ်ကဲ့သို့သော ရေမြေသနင်းပြည့်ရှင်မင်းသည် မိမိ၏ ထန်းတောထဲသို့ မည်သည့်အခါမျှ ရောက်ရှိလာလိမ့်မည်မဟုတ်ဟု ထင်မြင်ခဲ့မိသည်။ ယခုမူ သူ၏အထင်ကား တက်တက်စင် မှားယွင်းနေပေပြီ။ ငထွေရှုးအနေဖြင့် ယုံကြည်ရန် ခဲယဉ်းလှသော်လည်း နဝရတ်လက်စွပ်က သက်သေခံနေပေသည်။ မြင်းစီးပုဂ္ဂိုလ်၏ အဆိုအရ အနော်ရထာမင်းမြတ်သည် ရိုးသားပွင့်လင်း၍ ညှော်ဝတ်ကျေပွန်တတ်သူ၊ ထန်းပင်တက်ရာ၌ လွန်စွာ ကျွမ်းကျင်သူ ငထွေရှုးအပေါ် အထူးနှစ်မြို့က်သဘောကျသွားကာ

www.burmeseclassic.com

ယခုကဲ့သို့ နေပြည်တော်သို့ ဆင့်ခေါ်ခြင်းဖြစ်သည်ဟု ဆို၏။

ငထွေရှုးက မည်သည့်နေ့ရက်တွင် ပုဂံနေပြည်တော်၌ စတင်အမှုထမ်းရွက်ရမည်ဖြစ်ကြောင်း မြင်းစီးပုဂ္ဂိုလ်အား မေးမြန်းကြည့်သောအခါ အမြန်ဆုံးလာရောက်အမှုတော်ထမ်းရွက်ရမည်ဖြစ်ကြောင်း ဘုရင်မင်းမြတ်က အမိန့်တော်ချမှတ်လိုက်သည်ဆို၏။ ငထွေရှုးသည် မိမိငယ်စဉ်ကပင် နေထိုင်ခဲ့သော ဤထန်းတောကြီးအား စွန့်ခွာမသွားလိုပေ။ ထန်းတောတွင် နေ့စဉ်ထန်းတက်အလုပ်လုပ်ရသည်ကိုပင် ဝမ်းမြောက်ဂုဏ်ယူနေမိသူဖြစ်၏။ သူသည်ထန်းတဲသို့ လာသမျှသူများအား ထန်းရည်ဖြင့် ဧည့်ခံတတ်သလို ညဘက်တွင်လည်း ထန်းလျက်ချက်လုပ်လျက် ပုဂံမင်းနေပြည်တော်သို့ ပို့ပေးနေသူဖြစ်၏။ သူမရှိပါက မည်သူသည် ဤလုပ်ငန်းတာဝန်ကို ဆက်လက်ထမ်းဆောင် နိုင်ပါအံ့နည်း။ သို့သော် မင်းမိန့်ဟူသည် ငြင်းဆန်ရကောင်းသော အရာမဟုတ်။

မကြာမီ ထန်းတဲဆီသို့ ငထွေရှုး၏ တပည့်ရောက်ရှိလာသည်။ ငထွေရှုးက တပည့်ဖြစ်သူအား မင်းချင်းရှေ့၌ပင် အကျိုးအကြောင်းပြောပြလိုက်၏။ တပည့်ဖြစ်သူမှာ သူနှင့် နှစ်အတန်ကြာအတူတွဲဖက် အလုပ်လုပ်ခဲ့သူဖြစ်လေရာ ငထွေရှုးအား



www.burmeseclassic.com

www.burmeseclassic.com

ထန်းတောကြီးနှင့် ထန်းချက်လုပ်ငန်းကို စွန့်ခွာ၍ နေပြည်တော်သို့ လိုက်မသွားစေလိုပေ။ သို့သော် မင်းမိန့်အာဏာကို မလွန်ဆန်နိုင်သည့်အလျောက် နောက်တစ်နေ့၌ပင် ငထွေရွှေး ပုဂံမင်းနေပြည်တော်သို့ လိုက်ပါသွားရလေတော့သည်။ ထိုနေ့နံနက်က ငထွေရွှေးသည် တပည့်ဖြစ်သူအား လုပ်ငန်းဆောင်တာများကို တာဝန်လစ်ဟင်းမှုမရှိစေရန်အတွက် မှာကြား၏။ထို့နောက် သူ့တဲသို့ လာသမျှဧည့်သည်များကို ဧည့်ဝတ်ကျေပွန်စွာဧည့်ခံရန်ကိုလည်း မှာကြားခဲ့သည်။

ငထွေရွှေး နေပြည်တော်ရောက်တော့ ကျန်စစ်သား၏ စံအိမ်တော်၌ အတူတကွနေထိုင်ရသည်။ ကျန်စစ်သားက သူ့ကို ဓားခုတ်၊ လှံထိုးကာအစ ယောက်ျားတို့တတ်အပ်သော အတတ်ပညာဟူသမျှကို သေချာကျနစွာ သင်ကြားပေး၏။ နဂိုမူလကပင် ထန်းတက်အထူးကျွမ်းကျင်သူဖြစ်လေရာ ငထွေရွှေးအဖို့ လအနည်းငယ်အတွင်း သိုင်းပညာအစွမ်း၊ ဂွမ်းဘားပညာအစွမ်းနှင့် မြင်းစီးအတတ်တို့၌ သူမတူအောင် ကျွမ်းကျင် တတ်မြောက်လေသည်။ အနော်ရထာမင်းမြတ်မှာလည်း ငထွေရွှေး၏ဖျတ်လတ် သွက်လက်သော ဟန်အမူအရာတို့ကိုကြည့်၍ ကျေနပ်နှစ်သိမ့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com

မကြာမီ မင်းမြတ်အနော်ရထာ အနီးဝန်းကျင်သို့ မြင်းစီး ထွက်ခွာရာတွင် ကျန်စစ်သားနှင့်အတူ ငထွေရုံးလည်း လိုက်ပါ ရလေသည်။ မင်းမြတ်အနော်ရထာသည် တစ်ကြိမ်တွင် ပုပ္ပါးအရပ်သို့ ထွက်ခွာလေ၏။ ထုံးစံအတိုင်း မြင်းစီးအမှု ထမ်းများ လိုက်ပါကြရလေရာ ကျန်စစ်သားနှင့် ငထွေရုံး တို့လည်း ပါဝင်ကြ၏။ ပုပ္ပါးသည် ပုဂံမင်းနေပြည်တော်မှ ဆိုလျှင် (၁၆)တိုင်မျှသာ ကွာဝေးပေရာ များစွာအလှမ်း ကွာလှ သည်တော့မဟုတ်ပေ။ ဘုရင်မင်းမြတ်နှင့် မြင်းစီးအမှုထမ်းများ သည် နံနက်အရုဏ်တက်တွင် ပုဂံနေပြည်တော်မှ ထွက်ခွာ ခဲ့ကြ၏။ သည်တစ်ကြိမ်တွင်တော့ မြင်းစီးအမှုထမ်း ငါးဦးမျှ သာလိုက်ပါလေသည်။

ပုဂံနေပြည်တော်မှ ထွက်ခွာသည်နှင့် တောင်ကုန်းတောင် တန်းကလေးများကို ဖြတ်သန်းသွားကြရ၏။ လမ်းမှာ များစွာ ကျယ်လှသည်မဟုတ်သော်လည်း မြင်းစီးမင်းချင်းတို့အတွက်မူ အဆင်ပြေ၍ ခရီးတွင်လှပေသည်။ လမ်းခရီးတွင် ခရီးသွား အချို့ကို မကြာခဏ ဆိုသကဲ့သို့ တွေ့ရှိရတတ်၏။ ခရီးသွားများ မှာ ပုပ္ပါးသို့ ဘုရားဖူးသွားရောက်ကြသူများ၊ ပုပ္ပါးမှ ဆေးဘက် ဝင်နွယ်မြက်သစ်ပင်များ ရှာဖွေကာ ပြန်လာကြသူများ စသည်



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ဖြစ်ကြလေသည်။ သူတို့အားလုံးသည် မြင်းစီးမင်းချင်းတို့ကို တွေ့ရှိရသောအခါ လမ်းဘေးသို့ဝေင်းကာ ဦးခိုက်အရိုအသေပြုကြ၏။

ပုဂံနေပြည်တော်မှအထွက် ခရီးဆယ်တိုင်ခန့် အရောက်တွင် အရိပ်ကောင်းသော ညောင်ပင်ကြီးတစ်ပင်အောက်၌ ခေတ္တစခန်းချနားခိုကြလေသည်။ ဘုရင်မင်းမြတ်သည် ကျန်စစ်သား၊ ငထွေရူးနှင့် ကျန်မင်းချင်းနှစ်ဦးတို့နည်းတူ ငှက်ပျောဖက်ဖြင့် ထုပ်ထားသော စားမြိန်ထုပ်ကိုသာ စားသောက်လေသည်။ ဘုရင်မင်းမြတ်အဖို့ ဤသို့ သာမန်အသည်သား အသွင်ဖြင့် ခရီးလှည့်လည်ရခြင်းကို အလွန်နှစ်ခြိုက် သဘောကျနေပုံရလေသည်။ ယခုအခါ ကျန်စစ်သားသည် ဘုရင်မင်းမြတ်နှင့် အလွန်ရင်းနှီးကျွမ်းဝင်လျက်ရှိနေပြီဖြစ်ပြီး အနော်ရထာမင်းမြတ်ကိုယ်တိုင်ကလည်း အားကိုးအားထား ပြုရသည့် မင်းမှူးထမ်းတစ်ဦးဖြစ်နေလေပြီ။

တထောင့်တနား နားခိုကြပြီးနောက် ခရီးဆက်ကြပြန်ရာ လမ်းခုလတ်ရွာငယ်ထိပ်တစ်နေရာတွင် လူရွယ်တစ်ဦးကို ရွာသူရွာသားများက ဝိုင်းဝန်းရိုက်နှက်နေကြသည်ကို တွေ့ကြရ၏။ လူရွယ်သည် သူ့ကို ရန်မူနေသူများအား ကိုယ်စွမ်းရှိသလောက်


www.burmeseclassic.com

www.burmeseclassic.com

ခုံနေ၏။ သူ့တွင် ချွေးသံများဖြင့် ရွှဲရွှဲစိုနေရုံမျှမက နဖူးတွင်လည်း သွေးများယိုစီးလျက်ရှိလေသည်။ အနော်ရထာမင်းမြတ်သည် ဤမြင်ကွင်းအား တွေ့ရှိရသောအခါ အလွန် အံ့အားသင့်ကာ တုန်လှုပ်ခြောက်ချားသွား၏။ လူအုပ်ကြီးမှာ မြင်းစီးမင်းချင်းများကိုမြင်သည်နှင့် ရပ်တံ့သွားကြသည်။ ထို့နောက် မင်းချင်းတို့အား လက်အုပ်ချီအရိုအသေပြုလိုက်၏။

ကျန်စစ်သားကအားလုံးကို မောင်းထုတ်လိုက်ပေရာ လူအုပ်ကြီးမှာ ကြောက်ရွံ့စွာဖြင့် ရွာထဲသို့ ပြန်ဝင်သွားကြလေသည်။ ထို့နောက် ကျန်စစ်သားသည် မြင်းထက်မှဆင်းကာ လူရွယ်ဆီသို့ လျှောက်သွားလိုက်၏။ ဘုရင်မင်းမြတ်သည်လည်း ကျန်စစ်သားနောက်မှ ကပ်လျက်လိုက်ပါလာသည်။ လူရွယ်မှာ ပင်ပန်းနွမ်းနယ်လျက်ရှိသည့်အလျောက် မျက်စိမှိတ်ကာ သစ်ပင်ခြေရင်း၌ မှိန်းနေလေ၏။ ဘုရင်မင်းမြတ်က ကျန်စစ်သားနှင့် မြင်းစီးမင်းချင်းတစ်ဦးအား ရွာထဲသို့ သွားရောက်ကာ ရွာသူကြီးကို သူ၏ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာရန် မိန့်ဆို၏။ ငွေရွှေနှင့် ကျန်မြင်းစီးမင်းချင်းတစ်ဦးကိုမူ အနီး ဝန်းကျင်၌ သင့်လျော်သော ဆေးပင်ဆေးမြစ်ရှာဖွေယူလာရန် အမိန့်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ကျန်စစ်သားက မိမိတစ်ဦးတည်း ရွာထဲသို့သွားရောက်မည် ဖြစ်ပြီး မင်းချင်းတစ်ဦးကို ဘုရင်မင်းမြတ်အပါးတော်တွင် အစောင့်အနေထားရစ်မည်ဖြစ်ကြောင်း လျှောက်ထားပြော ဆိုသောအခါ ဘုရင်မင်းမြတ်က လက်မခံပေ။ သို့ဖြင့် ရွာထဲသို့ မြင်းကို ဒုန်းစိုင်းစီးကာ ထွက်ခွာသွားလေတော့သည်။ ငထွေရူးနှင့် မြင်းစီးမင်းချင်းတစ်ဦးမှာလည်း ဆေးပင်ဆေးမြစ်ရှာဖွေရန် ထွက်ခွာသွား၏။ ယခုအခါ လှူရှယ်၏အနီးတွင် ဘုရင်မင်းမြတ်သာ ကျန်ရှိလေတော့သည်။ ဘုရင်မင်းမြတ်က လှူရှယ်အနီး၌ ထိုင်ချလိုက်ကာ နဖူးမှသွေးထွက်နေသော ဒဏ်ရာကိုကြည့်၏။ လှူရှယ်က ဘုရင်မင်းမြတ်မိမိအနားသို့ရောက်သည်နှင့် မြင်းသည်တော်အမှုထမ်းတစ်ဦးဟုထင်မှတ်ကာ အရှိအသေ ပြုလိုက်လေသည်။ ဘုရင်မင်းမြတ်က လှူရှယ်အား ဒဏ်ရာနှင့်မို့ လက်ဝါးကာပြ၏။

ဒဏ်ရာမှ သွေးများယိုစီးကျနေသော်လည်း လှူရှယ်က သတိကောင်းသည်။ ဘုရင်မင်းမြတ် မေးသမျှကို ဂရုတစိုက် ဖြေကြားနိုင်သည်။ ရွာသူရွာသားများက သူ့ကို အဘယ်ကြောင့် ဝိုင်းရိုက်ကြကြောင်း မေးမြန်းသောအခါ သူက ရွာသူရွာသားများ ယဇ်ပူဇော်ရန် သူ့ နွားများလာခွဲယူသဖြင့် မယူရန်ပြောဆိုရာ



www.burmeseclassic.com

www.burmeseclassic.com

မှ စကားများရန်ဖြစ်ကြကြောင်း ပြောပြ၏။ မင်းမြတ်အနော်ရထာသည် ယစ်မူဇော်သည်ဟု ကြားသိရသောအခါ များစွာ တုန်လှုပ် အံ့ဩသွားလေသည်။ မိမိသည် ပြည်သူအပေါင်းတို့အား လွှပ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ပြုထားခဲ့၏။ သို့သော် ယင်းသို့သော ကိုးကွယ်ယုံကြည်မှုများထဲတွင် နွားကို ယစ်မူဇော်သော မိစ္ဆာဒိဋ္ဌိအလေ့အထမျိုး မပါဝင်ပေ။

လူရွယ်သည် သစ်ပင်ရင်း၌ ခေါင်းတင်ကာမိန်း၍ထိုင်နေပေရာ ဘုရင်မင်းမြတ်က သူ၏မြင်းကျောပေါ်မှ ရေဘူးကိုယူ၍ ရေ တိုက်လေ၏။ လူရွယ်သည် ရေကို အားပါးတရသောက်ပြီးသွားသည်နှင့် လန်းလန်းဆန်းဆန်း ဖြစ်သွားသည်။ သို့ဖြင့် ဘုရင်မင်းမြတ်နှင့် လူကောင်းပကတိနီးပါး စကားပြောဆိုလာနိုင်လေသည်။ လူရွယ်က သူတို့ပုပ္ပါးဒေသ၌ မဟာဂီရိနတ်ကို ကိုးကွယ်ကြပုံ၊ မိုးခေါင်သည့်အခါ မိုးနတ်ကို ပ,သကြပုံ၊ ယစ်မူဇော်ကြပုံများကို ပြောကြားပြလေ၏။

ဘုရင်မင်းမြတ်သည် လူရွယ်ထံမှ စကားကိုကြားရသောအခါ အလွန်အမင်း အံ့ဩသွားပါသည်။ ထို့နောက် လူရွယ်က ညှိနေရာမှမဝေးလှသော မြေပြန့်လွင်ပြင်၌ မန်ကျည်းပင်ကြီးတစ်ပင်ရှိပြီး ၄င်းမန်ကျည်းပင်ကြီး၏ အောက်တွင် တဲကလေး

www.burmeseclassic.com

တစ်လုံးရှိပေရာ ယင်းတဲကလေးမှာ သူ၏တဲဖြစ်ကြောင်း ပြောပြ၏။ ဘုရင်မင်းမြတ်က တဲကလေးဆီသို့ သွားလိုသလော ဟု မေးလျှင်လုလင်က ခေါင်းငြိမ့်ပြ၏။ သို့ဖြင့် မင်းမြတ် အနော်ရထာသည် လုလင်အား ပခုံးဖြင့်ထမ်းကာ မြင်းကျော ထက်သို့ တင်လိုက်လေသည်။ လုလင်ညွှန်ပြရာဘက်သို့ ကြည့်လိုက်သောအခါ အမုန်ပင် မန်ကျည်းပင်ကြီးနှင့် တဲကလေး ကို မှုန်ပျပျမြင်နေရ၏။

အနော်ရထာမင်းမြတ်သည် မြင်းကို တဲကလေးဆီသို့ ဆွဲ သွားရာ မြင်းပေါ်မှ လုလင်မှာလည်း ဝမ်းလျားမှောက်လျက် အနေအထားဖြင့် လိုက်ပါလာလေသည်။ မကြာမီ တဲကလေး အနီးသို့ ရောက်ရှိလာ၏။ တဲကလေးဝန်းကျင်တွင် စိမ်းလန်းစို ပြေလျက်ရှိသော သီးပင်စားပင်များ ပေါက်ရောက်နေသည်ကို တွေ့ရှိရသည်။ ငှက်ပျောပင်၊ သခွားပင်ကဲ့သို့ အပင်လတ်များ ပါသကဲ့သို့ ပဲပင်၊ မုန်ညင်းပင်၊ ပြောင်းပင် စသည့် အပင်ငယ်များ ကိုလည်း တွေ့ရှိရ၏။ စိုက်ခင်းဆီသို့ အဝေးတစ်နေရာမှ မြောင်း ကလေးတစ်မြောင်းတူးပြီး ရေသွင်းထားသည်ကိုလည်း တွေ့ရှိ ရသည်။

မြောင်းကလေးကို ဝါးတံတားလေး ထိုးထားလေရာ ငါး



www.burmeseclassic.com

www.burmeseclassic.com

တားတစ်ဘက်သို့ ကျော်လိုက်သည်နှင့် ယာတဲကလေးသို့ ရောက်ရှိလေတော့၏။ လူရွှယ်သည် မြင်းထက်မှဆင်းပြီး ဒယိမ်း ဒယိုင်ဖြင့် တဲပေါ်သို့ တက်သွားသည်။ ထို့နောက် ကျပ်ခိုးစင် ပေါ်တွင်တင်ထားသည့် ဝိတ်ချှင်းမြစ်ချောက်ကို ယူကာ ကျောက်ပြားထက်၌ ရေထည့်၍သွေးသည်။ ထို့နောက် သူ၏ နဖူးထက်မှ ဒဏ်ရာကို လိမ်းကျံလိုက်သည်။ ဘုရင်မင်းမြတ်က ကူညီ လုပ်ဆောင်ပေးမည်ပြုသော်လည်း သူက လက်မခံ။ ကွမ်းတစ်ရာညက်ခန့်အကြာတွင်ပင် နဖူးမှ သွေး လုံးဝတိတ် သွား၏။ လူရွှယ်သည် သွေးထားသော ဝိတ်ချင်းမြစ်ကို ရေဖြင့် ဖျော်ကာ သောက်ချလိုက်ပြန်သည်။ သို့ဖြင့် အမှန်ပင် အံ့ဩဖွယ် ကောင်းလောက်အောင် ထူထူထောင်ထောင်ပြန် ဖြစ်သွား၏။

လူရွှယ်က သူ၏ဘဝဇာတ်ကြောင်းကို ဘုရင်မင်းမြတ် အား ရဲမက်တစ်ဦးအမှတ်ဖြင့် တရင်းတနှီးပြောပြလေသည်။ သူ၏ အမည်ကား ငလုံးဖြစ်၏။ ရပ်ထဲရွာထဲတွင် ငလုံး နစ်ယောက်ရှိ၍တစ်ကြောင်း၊ သူ၏ ဘယ်ဘက်လက်မှာ လိမ်ဖယ်ဖယ်ဖြစ်နေ၍တစ်ကြောင်း သူ့ကို ငလုံးလက်ဖယ်ဟု ခေါ်ဝေါ်ကြ၏။ ငလုံး၏ဇာတိမှာ ပုပ္ပါးတောင်ခြေရှိ ရွာ



www.burmeseclassic.com

www.burmeseclassic.com

ကလေးတစ်ရွာမှ ဖြစ်လေသည်။ ဘုရင်မင်းမြတ်သည် အနုရာဓရွာစား မင်းသားဘဝက ဤ ပုပ္ပါးတောင်ခြေသို့ လာရောက်ခိုလှုံကာ လက်နက်လူသူစုဆောင်းခဲ့ရဖူးသည်။ ပုပ္ပါးကို ခြေကုပ်ယူကာ နောင်တော်စုက္ကတေးဘုရင်ကို တွန်းလှန်နိုင်ဖို့ ကြိုးစားခဲ့ရသည်မှာ ငါးနှစ်နီးပါး အချိန်ကြာမြင့်ခဲ့သည်။

ဘုရင်မင်းမြတ်က လုံးအား အနော်ရထာဟူသော အမည်ကို ကြားဖူးပါသလောဟု မေးမြန်းသောအခါ လုံးက အနော်ရထာမှာ ပုဂံမင်းနေပြည်တော်မှ ပြည့်ရှင်မင်းပင်ဖြစ်ကြောင်း၊ ထိုမင်း မင်းသားဘဝ ပုပ္ပါးမြို့သို့လာ ရောက်ခိုလှုံခဲ့စဉ်က လုံး၏အစ်ကိုဖြစ်သူ ဖိုးမှာ ထိုမင်းသား၏ ဘက်တော်သားနောက် လိုက်တစ်ဦးဖြစ်ခဲ့ကြောင်း ပြောပြ၏။ လုံးသည် ရပ်သူရွာသားများ မိုးခေါင်၍ စပါးမှအစ၊ ကောက်ပင်သီးနှံပင်များ စိုက်ပျိုး၍မရသဖြင့် မိုးနတ်ကို ပူဇော်ကြမည်ပြုသောအခါ အများနှင့် ဆန့်ကျင်ခဲ့သူဖြစ်လေသည်။ သူက တောင်ခြေရှိ တောင်ကျချောင်းရေကို ရေမြောင်းငယ်တူး၍ သွယ်ယူကာ ယာခင်းကို ရေသွင်းစိုက်ပျိုး၏။ သည်တော့ သီးနှံများ ဖြစ်ထွန်းအောင်မြင်သည်။

သို့သော် ရွာသူရွာသားများမှာမူ မိုးနတ်ကိုသာ အားကိုး



www.burmeseclassic.com

www.burmeseclassic.com

အားထားပြုနေကြသည့်အလျောက် လေလုံး၏ အပြုအမူကို မထောက်ခံကြပေ။ လေလုံးမှာ ထူးခြားသောစွမ်းရည်တစ်ရပ် ရှိသေးသည်။ ယင်းမှာ ထွန်တုံးသုံးဆယ်ကို နွားအရှဉ်း သုံးဆယ်ဖြင့် တပြိုင်နက် ထွန်ယက်နိုင်စွမ်းရှိခြင်းပင်ဖြစ် သည်ဆို၏။ ဘုရင်မင်းမြတ်က ပထမတော့ လေလုံး၏အပြောကို မယုံကြည်။ လေလုံးက ဘုရင်မင်းမြတ်၏လက်ကိုဆွဲလျှက် ယာတဲနောက်ဘက်သို့ ခေါ်ဆောင်သွားမှ အမှန်ပင် ထွန်တုံးသုံးဆယ်ကို တစ်ခုနှင့်တစ်ခု လျှော်ကြိုးများဖြင့် ဆက်စပ် ချည်နှောင်ထားသည်ကို တွေ့ရှိရ၏။ ထွန်တုံး တစ်တုံးလျှင် အလျားတစ်လံခွဲမျှရှိပြီး ထွန်သွားငါးချောင်းကို တပ်ဆင်ထားလေသည်။

မလှမ်းမကမ်းရှိ နွားတင်းကုပ်ရှည်ကြီးထဲတွင်လည်း ၀၀ ဝီးဝီး နွားများကို လှမ်းမြင်နေရသည်။ နွားအရှဉ်းသုံးဆယ်ရှိသည် မှာ အမှန်ပင်။ ဘုရင်မင်းမြတ် လေလုံးအပေါ် အလွန်နှစ်သောင်း အားရဖြစ်မိသွားသည်။ သူက ဧတ်ရာအနည်းငယ် ကိုက်ခဲနေ သေး၍ သည်းခံပါရန်နှင့် အကယ်၍ နေထိုင်ကောင်းသွားပါက ထွန်ရေးသုံးဆယ်ဖြင့် ယာခင်းကို ထွန်ပြမည်ဖြစ်ကြောင်း ပြော ဆိုပါသည်။ ဘုရင်မင်းမြတ်က သူယုံကြည်ပြီမို့ နောက်



www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ်တစ်ခါမှပင် ကြည့်တော့မည်ဟု ပြန်ပြောလိုက်၏။

ယင်းသို့ ပြောဆိုနေကြရင်း ယာတဲရှေ့သို့ ထွက်လာကြရာ ကျွန်စစ်သားနှင့် ဧတွေရှူးတို့ မြင်းများဖြင့် ဝင်ရောက်လာကြသည်ကို တွေ့ရှိရလေသည်။ ကျွန်စစ်သားနှင့်အတူ မျက်နှာစိမ်းလူကြီးနှင့် အဖော်တစ်ဦးတို့လည်း မြင်းစီးလိုက်ပါလာကြ၏။ ကျွန်စစ်သားက ရှာလူကြီးကို အခြားရွာ၌ သွားရောက်ခေါ်ငင်နေရသဖြင့်လည်းကောင်း၊ ဘုရင်မင်းမြတ်အား မန်ကျီးပင်အောက်၌ မတွေ့ရတော့သဖြင့် လိုက်လံရှာဖွေနေရသဖြင့်လည်းကောင်း၊ ကြန့်ကြာသွားကြောင်း တောင်းပန်လျှောက်ထား၏။ ဘုရင်မင်းမြတ်ကမူ ကျွန်စစ်သားကိုကြည့်လျက် ငလုံးဆိုသူ လူရွယ်အား သူ၏ယာခင်းများကို ငြိမ်းချမ်းစွာဆက်လက် စိုက်ပျိုးနိုင်အောင် ကူညီစေသင့်ကြောင်း ဆို၏။

ရှာလူကြီးသည် မြင်းစီးစစ်သည်များကိုကြည့်လျက် ကြောက်ရွံ့နေဟန်ရှိပေ၏။ ငလုံးကိုလည်း မည်သူမျှ အနှောင့်အယှက် မရှိရအောင် သူစီမံပေးပါမည်။ ရန်မူသူ တစ်စုကိုလည်း အပြစ်ရောက်ရပါစေမည်ဟု ကတိပြု၏။ ငလုံးက သူ၏နွားများကို ယင်ပူဇော်ရန်အလို့ငှာ အဓမ္မလာရောက် ယူဆောင်သူတို့ အမည်ကို ရှာလူကြီးအား ပြောပြလိုက်လေသည်။ ဘုရင်

www.burmeseclassic.com

မင်းမြတ်က နောက်နောင် ဤသို့ မဖြစ်ရလေအောင် အလေး ဂရုပြုရန်နှင့် လေးကဲ့သို့ ရေရှိရာနေရာမှ စိုက်ခင်းရှိရာသို့ ရေပြောင်းသွယ်တန်း စိုက်ပျိုးနည်းစနစ်ကို လိုက်နာလုပ် ဆောင်ကြရန် အမိန့်တော်ချမှတ်လိုက်သည်။

ရွာလူကြီးနှင့် နောက်လိုက်တစ်ဦး ပြန်သွားကြတော့ ငွေရှုးက ဇီးစပ်ရွက်ခေါ် ဆေးဘက်ဝင်အပင်တစ်မျိုးကို လှူရှယ် အားပေးလိုက်၏။ ယင်းအရွက်ကို အနာထက်သို့ အရည် ညှစ်ချပြီး ပုဆိုးပိုင်းဖြင့် စည်းအုပ်ထားသင့်ကြောင်း ဆို၏။ သို့သော်လေးက သက်သာသွားပြီမို့ ဇီးစပ်ရွက်ကို ကျပ်ခိုးစင် ထက်၌သာ သိမ်းဆည်းထားမည်ဖြစ်ကြောင်း ပြန်ပြောလိုက် လေသည်။ ဘုရင်မင်းမြတ်က လေးအား ထိုက်တန်သော လက်ဆောင်ပဏ္ဏာပေးရန် အမိန့်တော်ချမှတ်လျက် ပုပ္ပါး တောင်ကလပ်ဘက်သို့ သွားရောက်ကြရန် ဟန်ပြင်လေတော့၏။

လေးသည် ယာတဲကလေးအတွင်းမှ မြင်းခုန်းစိုင်းစီးလျက် ထွက်ခွာသွားကြသူ မြင်းသည်တော်ငါးဦးကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။ သည့်နောက်မှ မြင်းသည်တော်တစ်ဦး ပေးအပ်ခဲ့သည့် ယွန်းအစ်ကလေးကို အသာအယာဖွင့်ကြည့် လိုက်၏။ ယွန်းအစ်ထဲတွင်တော့ အရောင်တောက်ပလျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

သော ပတ္တမြားတစ်လုံးကို တွေ့ရှိရလေသည်။ လုံးမှာ အတိုင်း အဆမရှိ ဖုံးဖြသွားလေသည်။ ဤမြင်းသည်တော် မင်းချင်းတို့ သည် သူ့အပေါ်၌ အလွန်ကောင်းမွန်ရှာသည်။ သူ့အနေဖြင့် ရေနွေးကြမ်းနှင့် ထမင်းလျက်ခဲပင်ချ၍ ညည့်ဝတ်မပြုလိုက်ရ၊ ဒေါ်ရာကိုက်ခဲနေသဖြင့် ညည့်ဝတ်မကျေဖြစ်သွားသည်။

မြင်းသည်တော်များ ယာခင်းထဲမှ ထွက်ခွာသွားကြပြီး ရက်သတ္တနှစ်ပတ်ကြာလျှင်ပင် နေပြည်တော်မှ စာချွန်တော် တစ်စောင် လုံးထံသို့ ရောက်ရှိလာ၏။ သူ၏ ယာတဲသို့ရောက် ဖူးသူ မြင်းသည်တော်တစ်ဦးက လာရောက်ပို့ဆောင်ခြင်း ဖြစ်ပါသည်။ စာချွန်တော်တွင် လုံးအား တိုင်းသူပြည်သား အများအကျိုးငှာ ပုဂံမင်းနေပြည်တော်သို့ လာရောက်အမှု တော် ထမ်းရန် အမိန့်ထုတ်ပြန်ထားလေသည်။ ယင်းမြင်း သည်တော် ပြောပြတော့မှ မိမိအား မြင်းပေါ်သို့တင်ကာ ယာတဲဆီသို့ လိုက်ပို့သူမှာ ပြည့်ရှင် မင်းအနော်ရထာမင်းမြတ် ကိုယ်တော်တိုင်ပင်ဖြစ်ကြောင်း လုံး သိရှိလာရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ညောင်ဦးဖီး



www.burmeseclassic.com

www.burmeseclassic.com

## ၆။ ညောင်ဦးဖီး

ညောင်ဦးရွာတွင် အခြေစိုက်ထားသည့် ဘုရင့်ရေတပ်မတော်ကို အမတ်ကြီး သိယံပတေ့က အုပ်ချုပ်ရပါသည်။ အမတ်ကြီး၏လက်အောက်တွင် လှေတော်အမှုထမ်း အများအပြားရှိရာ လှေတော်ပဲ့နင်း ငဖီးတစ်ဦး အပါအဝင်ဖြစ်၏။ ငဖီးသည် ညောင်ဦးရွာဇာတိဖြစ်သည့်အလျောက် သူ့ကို ညောင်ဦးငဖီးဟု ခေါ်ဆိုကြသည်။ ကြာတော့ ညောင်ဦးဖီးဟုသာ ခေါ်ကြတော့၏။

လှေတော်ပဲ့နင်း ညောင်ဦးဖီးက အခြားသာမန်ပဲ့နင်းများကဲ့သို့မဟုတ်။ သူ့တွင်ထူးခြားသော အရည်အချင်းတစ်ရပ်ရှိပါသည်။ ၎င်းအရည်အချင်းသည်ကား ဧရာဝတီမြစ်ကို မမောမပန်း ဖြတ်ကူးနိုင်စွမ်းရှိခြင်းပင်ဖြစ်၏။ ညောင်ဦးဖီးက ညောင်ဦးကမ်းပါးမြင့်ထက်မှ ပြေးဆင်း၍ ဧရာဝတီမြစ်ကို လက်ပစ်ကူးကာ အောင်သာတစ်ဘက်ကမ်းအရောက်တွင် ခြေမထောက်ဘဲ ညောင်ဦးကမ်းသို့ ပြန်လည် ကူးခတ်လာနိုင်သည်ဆို၏။ ညောင်ဦးကမ်းပါးသို့ရောက်လျှင် ကမ်းထက်သို့ပင် ပြေးတက်နိုင် ပေသေးသည်။ ညောင်ဦးဖီး၏ အရည်အချင်းကို အတူအမှုထမ်းရွက်ကြသည့် လှေတော်ပဲ့နင်းများကပင် အသိအမှတ်ပြုကြရ၏။

www.burmeseclassic.com

ညောင်ဦးဖီးသည် ငယ်စဉ်ကပင် ဧရာဝတီမြစ်ကြီးနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သူဖြစ်ပါသည်။ သူသည် ဧရာဝတီမြစ်ကမ်းဘေး၌ ဖွားမြင်ခဲ့သူဖြစ်ပြီး ဖခင်မှာလည်း ရေလုပ်သားတစ်ဦးဖြစ်သည့်အလျောက် ရေကူးကျွမ်းကျင်ဖို့ရာ အခြေအနေက ပေးလာသည်။ ညောင်ဦးဖီးသည် ဇွဲလုံ့လဝီရိယ ကြီးမားသူဖြစ်၏။ သူသည် ငယ်စဉ်ကပင် ကြီးပြင်းလာသော တစ်နေ့၌ ဧရာဝတီမြစ်ကြီးကို ဖြတ်ကူးနိုင်ရမည်ဟူ၍ သံဓိဋ္ဌာန်ချမှတ်ထားခဲ့သူဖြစ်သည်။ သူ၏ သံဓိဋ္ဌာန်အတိုင်းလည်း ညောင်ဦးဖီးက ကြိုးစားလေ့ကျင့်သည်။ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် ဧရာဝတီမြစ်ကို တိုး၍တိုး၍ကူး၏။ သို့ဖြင့် အသက်နှစ်ဆယ်အရွယ်၌ပင် ဧရာဝတီမြစ်ကို အောင်မြင်စွာကူးခတ်နိုင်လေတော့သည်။

ညောင်ဦးဖီး ဧရာဝတီမြစ်ကို ဖြတ်ကူးနိုင်စက တစ်ဘက်ကမ်း အောင်သာဆိပ်သို့ရောက်လျှင် ညောင်ဦးဘက်သို့ ပြန်မည့်လှေကြုံဖြင့် ပြန်လိုက်လာတတ်၏။ သို့သော် ညောင်ဦးဖီးက ဤသို့ အမြဲတစေမလုပ်။ အောင်သာဆိပ်မှ ညောင်ဦးဘက်သို့ တစ်စကူးခတ်ကြည့်သည်။ ပထမတော့ ကိုက်အနည်းငယ်သာပြန်ကူးနိုင်တော့၏။ ညောင်ဦးမှ အောင်သာသို့တစ်ကြောင်း

www.burmeseclassic.com

ကူးခတ်ပြီးပြီမို့ ခြေကုန်လက်ပန်းကျနေပေပြီ။ သို့သော် ဖွဲလုံ့လဝီရိယဖြင့် လေ့ကျင့်ဖန်များလာသောအခါ ကိုက်အနည်းမှ မြစ်လယ်အထိလည်းကောင်း၊ ထိုမှတစ်ဆင့် ညောင်ဦးကုမ်းပါးသို့လည်းကောင်း ပြန်လည်ကူးခတ်လာနိုင်တော့သည်။ ညောင်ဦးဖီးသည် ယင်းသို့လေ့ကျင့်ရာ၌ မြစ်လယ်သောင်ပြင်ရှိရာ နေရာတွင် ခေတ္တခဏ နားခိုလေ့ရှိ၏။

နောက်ပိုင်းတွင် ညောင်ဦးဆိပ်ကမ်းမှ အောင်သာသို့ အရောက်လက်ပစ်ကူးသည်။ အောင်သာဆိပ်ရောက်လျှင် ခြေပင် မထောက်တော့ဘဲ ညောင်ဦးဆိပ်သို့ ပြန်ကူးလာသည်။ ထို့ပြင် ချောက်ကမ်းပါးအတိုင်း အထက်သို့ပင် ပြေးတက်လာနိုင်လေသည်။ ညောင်ဦးဖီး၏ အရည်အချင်းကို လုပ်ဖော်ကိုင်ဖက် လေ့တော်အမှုထမ်းများမှတစ်ဆင့် အမတ်ကြီး သယ်ပတော့ သိရှိသွားသည်။ အမတ်ကြီးက ပထမတော့ ညောင်ဦးဖီး၏ အရည်အချင်းကို မယုံကြည်။ သူ့အနေဖြင့် ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ရမှသာ ယုံကြည်မည်ဆို၏။ သို့ဖြင့် ညောင်ဦးဖီးက ညောင်ဦး လေ့ဆိပ်မှ တစ်ဘက်ကမ်းအောင်သာဆိပ်သို့ ကူးခတ်ပြရလေသည်။

ညောင်ဦးဖီး၏ သတင်းက ဘုရင့်လေ့တော်တပ်အတွင်း

www.burmeseclassic.com

သာမက ရဲမက်စစ်သည်များအကြားတွင် ပျံ့နှံ့သွား၏။ အချို့က အထူးအဆန်းသဖွယ် လာရောက်ကြည့်ရှုကြသည်။ ဆွေမျိုးသားချင်းများကလည်း ညောင်ဦးဖီးအား လာရောက်တွေ့ဆုံကာ ချီးမွမ်းစကားဆိုကြသည်။ ညောင်ဦးဖီးက ယင်းသို့အများ၏ အာရုံစိုက်မှုမျိုးကို မခံလိုပေ။ လူတိုင်းတွင် အစွမ်းအစရှိကြသည်။ ယင်းအစွမ်းအစကို လက်တွေ့အသုံးချနိုင်ကြလျှင် လူတို့၏ စွမ်းပကားကို အံ့ဩဖွယ်ရာ တွေ့မြင်ကြရမည်သာ ဖြစ်သည်။ ညောင်ဦးဖီးအား အမတ်ကြီးသိယံပတေ့က မေးမြန်းသောအခါ မိမိအနေဖြင့် ငယ်စဉ်ကပင် ရေကူးဝါသနာပါကြောင်း။ တစ်ဆင့်ထက်တစ်ဆင့် တိုးတက်လေ့ကျင့်ရာမှ ကြိမ်ဖန်များစွာ လေ့ကျင့်မိသောအခါ ယခုကဲ့သို့ အရည်အချင်းတစ်ရပ်ကို ပိုင်ဆိုင်လာပါကြောင်း ရှင်းလင်းလျှောက်ထား၏။

အမတ်ကြီး သိယံပတေ့က ကြည့်ချင်သည်ဟုဆို၍ ညောင်ဦးဖီး ညောင်ဦးဆိပ်ကမ်းမှ အောင်သာဆိပ်သို့ တစ်ကြိမ် လက်ပစ်ကူးပြရသေးသည်။ ညောင်ဦးဖီးက လေ့ကျင့်ထားသည့်အတိုင်း ဧရာဝတီမြစ်ကို အသွားအပြန်ဖြတ်ကူးရုံမျှမက ညောင်ဦးကမ်းပါးသို့ပင် ပြေးတက်ပြလိုက်သေး၏။ အမတ်ကြီး သိယံပတေ့က ညောင်ဦးဖီးအားကြည့်ကာ အံ့ဩသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤကိစ္စကို ပုဂံမင်းနေပြည်တော်မှ ပြည့်ရှင်မင်း အနော်ရထာ ထံသို့လည်း အစောတလျင် လျှောက်ထားသိစေလိုက်၏။ ဘုရင်မင်းမြတ်က အမတ်ကြီး၏အဆိုကြောင့် ညောင်ဦးဖီးကို တွေ့ချင်သွားသည်။ ညောင်ဦးဖီး၏ အရည်အချင်းကိုလည်း မျက်မြင်ဒိဋ္ဌကြည့်ရှုလိုလှသည်တဲ့။

သည်တစ်ကြိမ်တွင်တော့ အမတ်ကြီးသီယံပတော့ ကိုယ်တိုင် ရေပွဲသဘင်ကျင်းပနိုင်ရေးအတွက် စီစဉ်ရတော့သည်။ ဘုရင့်လှေတော်တပ်အပါအဝင် ရေကြောင်းချီတပ်များ အားလုံးမှ လှော်ကားလှေကြီးများကို လှော်ခတ်ပြိုင်ကြမည် ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် လှေတော်သားများ၊ ရဲမက်များ၏ ရေကူးပြိုင်ပွဲကိုလည်း ထည့်သွင်းထားသည်။ ညောင်ဦးဖီးကတော့ ညောင်ဦး ဘက်ကမ်းမှ အောင်သာဘက်ကမ်းသို့ လက်ပစ်ကူးခတ်၍ အောင်သာကမ်းသို့ ရောက်လျှင် ခြေမှုပမထောက်ဘဲ ညောင်ဦးဘက်ကမ်းသို့ ပြန်လည်ကူးခတ်လာမည်။ ထို့နောက် ညောင်ဦးကမ်းပါးအတိုင်း အပေါ်သို့ ပြေးတက်လာပြမည်ဖြစ်သည်။

လှေလှော်ပြိုင်ပွဲနေ့တွင် ညောင်ဦးဆိပ်ဘက်မြစ်ကမ်းနဖူး၌ ဘုရင်မင်းမြတ်နှင့် မိဖုရားများ၊ ဘုရင့်ဆွေတော်မျိုးတော်များ ကြည့်ရှုနိုင်ရန် ယာယီစံနန်းတော်မဏ္ဍပ်ကို လုပတင့်တယ်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဆောက်လုပ်ထားပေသည်။ ရေဝတီမြစ်ကမ်းနဖူး၌ လှေပြိုင်ပွဲကိုလာရောက်ကြည့်ရှုကြသူ ပရိတ်သတ်မှာလည်း ကမ်းလုံးညွတ်မျှ ပြည့်နှက်နေ၏။ မကြာမီ ခရာသင်းမှုတ်သံများကြားရကာ အနော်ရထာမင်းမြတ် ကြွချီတော်မူလာပြီဖြစ်ကြောင်း ရှေ့တော်ပြေးများက အော်ဟစ်ပြောကြားကြ၏။ ပရိတ်သတ်အပေါင်းတို့သည် မြစ်ကမ်းနဖူးမှနေ၍ ဘုရင်မင်းမြတ်ကြွချီတော်မူရာ မင်းလမ်းတစ်လျှောက်ဆီသို့ဦးတည်ကာ အနော်ရထာမင်းမြတ်အား ဦးညွတ်အရိုအသေပြုကြ၏။

အနော်ရထာမင်းမြတ်သည် ဆင်ဖြူတော်စီးကာ ပုဂံမင်းနေပြည်တော်မှ ညောင်ဦးကမ်းပါးဆိပ်သို့ ကြွချီလာခဲ့ခြင်းဖြစ်သည်။ မြင်းသည်တော်များ၊ စစ်သူကြီးများ၊ မှူးကြီးမတ်ရာများက ရှေ့ဆုံးမှ ဦးဆောင်ချီတက်ခဲ့ကြ၏။ အားလုံး ဆင်ဖြူတော် သုံးကောင်ပါဝင်ပြီး မင်းမြတ်အနော်ရထာက တစ်စီး၊ သားတော် မင်းသားကလေး တောင်နန်းမတော် မိဖုရားကြီးနှင့် မယ်တော်တို့ကတစ်စီး၊ ဘုရင်မင်းမြတ်၏ မယ်တော်ကြီးက တစ်စီး ဖြစ်ပါသည်။ မြင်းသည်တော်များ၊ ခြေလျင်လိုက်ပါလာကြသည့် ရဲမက်တော်များနှင့် ဆင်ဖြူတော်များသည် ရာဇမတ်ကာထားသော လမ်းကလေးအတွင်းမှ ဝဲယာတစ်



www.burmeseclassic.com

www.burmeseclassic.com

လျှောက် ဦးခိုက်ရှိခိုးနေကြသော လူအုပ်ကြီးကို ဖြတ်ကျော်ကာ မဏ္ဍပ်ဆီသို့ ဦးတည်ဝင်ရောက်လာလေသည်။

ဘုရင်မင်းမြတ်စီးနင်းရာ ဆင်ဖြူတော်အနီး ရှေ့ဘက်တွင် တော့ ကျွန်စစ်သား၊ ငထွေရှုးနှင့် ငလုံးလက်ဖယ်တို့ မြင်း ကိုယ်စီဖြင့် စီးနင်းလိုက်ပါကြ၏။ အနော်ရထာမင်းမြတ်နှင့် သားတော်၊ မိဖုရားတို့ မဏ္ဍပ်တော်အတွင်းနေရာ ယူလိုက် သည်နှင့် စည်တော်သံက ဝန်းကျင်တစ်ခိုသို့ ဟိန်းညံသွားလေ သည်။ ထို့နောက် မကြာမီစည်တော်သံတိတ်သွားပြီး မဏ္ဍပ် တော်အတွင်းမှ မောင်းသုံးချက်ထုလိုက်သည်နှင့် လှေပြိုင်ပွဲနှင့် ရေကူး ပြိုင်ပွဲများ စတင်လေတော့၏။ ပထမဦးစွာ ဘုရင့် ရေတပ်မတော်ကြီးမှ လော်ကားလှေများပြိုင်ပွဲကို ကျင်းပသည်။ လှေတော် အမှုထမ်းများမှာ အားကြိုးမာန်တက် လော်ခတ် ပြိုင်ပွဲဝင်ကြ၏။

ထို့နောက် ရေတပ်မတော်အဖွဲ့အလိုက် လှေပြိုင်ပွဲများ ဆက်လက်ကျင်းပသည်။ အိုးစည်ဗုံမောင်းသံများမှာ မိုးယံသို့ တိုင် မြည်ဟီးလျက်ရှိပေသည်။ ပြိုင်ပွဲအတော်များများတွင် ဘုရင့် လှေတော်တပ်က အနိုင်ရရှိခဲ့၏။ လှေပြိုင်ပွဲပြီးစီး သွားသောအခါ ရေကူးပြိုင်ပွဲကို ဆက်လက်ကျင်းပပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရေကူးပြိုင်ပွဲအတွက် ရောဝတီမြစ်ကမ်းဘေးတွင် ရေပြင်ပေါ်၌ ကြိုးများဖြင့် အကန့်လုပ် သွယ်တန်းကာ ကြိုးအတွင်းမှ ယှဉ်ပြိုင်ကူးခတ်ကြရခြင်းဖြစ်သည်။ ဤပွဲတွင်လည်း အဝေးဆုံး ကူးနိုင်သူအဖြစ် မြစ်လယ်နီးပါးသို့ ရောက်အောင်ကူးခတ်နိုင်သူ ဘုရင့်လေ့တော်သားတစ်ဦး ဗိုလ်စွဲခဲ့သည်။

လှေပြိုင်ပွဲနှင့်ရေကူးပြိုင်ပွဲများ ကျင်းပပြီးစီးသောအခါ ညောင်ဦးဖီး၏ အစီအစဉ်သို့ ရောက်ရှိလာ၏။ မဏ္ဍပ်တော် အတွင်းမှ စာချီဗိုလ်က ဖေးအမည်ရှိ ဘုရင့်လေ့တော်ပဲ့နင်း တစ်ဦးက ရောဝတီမြစ်ကို အသွားအပြန်မရပ်မနား ကူးခတ် ပြတော့မည်ဖြစ်ကြောင်း ကြေညာလေသည်။ ပရိတ်သတ်များ အားလုံးမှာ ရုတ်ရုတ်သဲသဲဖြစ်သွားကြ၏။ ထို့နောက် ညောင် ဦးဖီးသည် ရောဝတီမြစ်ကမ်းနဖူးထိပ် ချောက်ကမ်းပါး၌ နေရာ ယူလိုက်၏။ မကြာမီ ခရာသင်းမှုတ်သံ၊ အိုးစည်ဗုံမောင်း တီးသံ များနှင့်အတူ ညောင်ဦးဖီးရေစပ်သို့ ဆင်းသွားကာ တဟုန်ထိုး ကူးဖြတ်လေတော့သည်။

ညောင်ဦးဖီးသည် မြစ်လယ်သောင်ပြင်အနီးသို့ လုံးဝမကပ် ဘဲ သောင်ပြင်နှင့်ခပ်ကွာကွာနေရာမှ တစ်ဘက်အောင်သာ ဘက်ကမ်းသို့ မရပ်မနားကူးခတ်သွား၏။ ညောင်ဦးဖီးအား


www.burmeseclassic.com

www.burmeseclassic.com

ခပ်လှမ်းလှမ်းမှ ဘုရင့်လှေတော်အမတ်က လှေဖြင့်လိုက်လံကြည့်ရှု အကဲခတ်နေလေသည်။ ယခုအခါ မဏ္ဍပ်တော်အတွင်းမှ ကြည့်ရှုလျှင် ညောင်ဦးဖီးအား အမွှန်းအပြောက်ကလေးတစ်ခုအသွင်မျှသာ တွေ့ရတော့၏။ မကြာပါချေ။ ညောင်ဦးဖီး ညောင်ဦးဘက်ကမ်းသို့ မမောမပန်း ပြန်လည်ကူးခတ်လာနေသည်ကို တွေ့ကြရသည်။ ညောင်ဦးဖီးသည် မြစ်ကမ်းနားသို့ ရောက်သောအခါ၌လည်း လုံးဝမရပ်နားဘဲ ညောင်ဦးကမ်းပါးထိပ်သို့ အပြေးတက်လာကာ ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်၌ ဦးခိုက်အရိုအသေပြုလိုက်လေသည်။

မင်းပရိတ်သက်အပေါင်းတို့သည် ညောင်ဦးဖီးအား လက်ခုပ်ဩဘာဝီးကာ ကြိုဆိုကြလေသည်။ မရေးမနှောင်း ၌ပင် ဘုရင့်လှေတော်အမတ်လည်း လှေပေါ်မှဆင်း၍ ကမ်းဘက်သို့ တက်လာကာ ဘုရင်မင်းမြတ်အား ညောင်ဦးဖီးသည် အမှန်ပင် အောင်သာဘက်ကမ်းသို့ ရောက်ရှိလျက် ခြေပင်မထောက်ပဲ ညောင်ဦးဘက်ကမ်းသို့ ပြန်လည်ကူးခတ် လာခြင်းဖြစ်ကြောင်း။ လမ်းခရီး၌ လုံးရပ်ကိုယ်ဖော့ရပ်နားခြင်း မရှိပါကြောင်း လျှောက်ထားလေ၏။ ဘုရင်မင်းမြတ်သည် ညောင်ဦးဖီး၏ အရည်အချင်းအား မျက်ဝါးထင်ထင် တွေ့မြင်ရ



www.burmeseclassic.com

www.burmeseclassic.com

သောအခါ များစွာ နှစ်ထောင်းအားရမိလေသည်။ မင်းမြတ် အနော်ရထာသည် ညောင်ဦးဖီးအား အဖိုးအနဂ္ဃ ထိုက်တန်သော နဝရတ်လက်စွပ်တစ်ကွင်းကို ဆုလာဘ်တော် အဖြစ်ချီးမြှင့်လေသည်။

•

ပြိုင်ပွဲအခမ်းအနားနှင့် ညောင်ဦးဖီး၏ စွမ်းရည်ပြ ရေကူးခတ်မှုအစီအစဉ် ပြီးဆုံးသွားသောအခါ ဆုလာဘ်တော်များ ချီးမြှင့်ပြီးနောက် ဘုရင်မင်းမြတ်နှင့် ဆွေတော်မျိုးတော်များ ဆင်စီး၍ ပုဂံမင်းနေပြည်တော်သို့ ပြန်လည်ကြွရောက် ကြလေသည်။ အောင်စည်အောင်မောင်းများ တီးခတ်ကြသည်မှာလည်း သောသောညံလျက် ရှိပေ၏။ လှေတော်အမှုထမ်းများလည်း အသီးသီး မိမိတို့၏ တပ်တော်များတည်ရှိရာ ပုဂံမင်းနေပြည်တော်သို့ ပြန်လည်ထွက်ခွာသွားကြလေသည်။ အမတ်ကြီးသိယံပတေ့မှာမူ ညောင်ဦးဖီး၏ ကျောအား ညင်သာစွာ လက်ဖြင့် ပုတ်လျက် ဘုရင်မင်းမြတ် မျက်ဝါးထင်ထင်တွေ့ရှိ ရှုမြင်သွားပြီဖြစ်၍ ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း ပြောကြားလေ၏။

ယင်းနေ့ ညနေပိုင်း၌ပင် ပုဂံမင်းနေပြည်တော်မှ ပြည့်ရှင်မင်းမြတ်အနော်ရထာ၏ စာချွန်တော်တစ်ရပ် ပေါ်ထွက်လာ

www.burmeseclassic.com

လေသည်။ စာချွန်တော်တွင် ဘုရင့်လှေတော်ပဲ့နင်း ညောင်ဦးဖီးအား အရည်အချင်းပြည့်ဝသူ မင်းမှုထမ်းတစ်ဦးဖြစ်သည့်အလျောက် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်တို့နှင့်အတူ ဘုရင်မင်းမြတ်ထံတော်ပါး၌ အမှုတော်ကို ထမ်းရွက်ရန် ဖော်ပြထား၏။ သို့ဖြင့် ညောင်ဦးဖီးတစ်ယောက် ဘုရင့်လှေတော်ပဲ့နင်းဘဝမှ ဘုရင်မင်းမြတ်စံတော်မူရာ အဆောင်တော်အနီးသို့ ပြောင်းရွှေ့ အမှုထမ်းရလေတော့သည်။

ညောင်ဦးဖီးသည် ဘုရင်မင်းမြတ် စံအိမ်တော်အနီး၌ နေထိုင်ခစား အမှုထမ်းရွက်ရချိန်မှစ၍ ဓါးခုတ်၊ လှံထိုး၊ မြင်းစီး၊ စသည့်အတတ်ပညာတို့ကို ဆည်းပူးလေ့ကျင့်လေတော့၏။ ကျန်စစ်သား၊ ငထွေရူးနှင့် ငလုံးလက်ဖယ်တို့ကလည်း ညောင်ဦးဖီးအား အစွမ်းကုန် ကူညီကြသည်။ သို့ဖြင့် ရက်အ နည်းငယ်အတွင်း၌ပင် ဓါးခုတ်၊ လှံထိုးအတတ်သာမက မြင်းရေးအတတ်မျိုးစုံကိုပါ ကျွမ်းကျင်စွာ တတ်မြောက်လာလေသည်။ မူလကပင် ဘုရင့်လှေတော်အမှုထမ်းတစ်ဦးဖြစ်သည့် အားလျော်စွာ ဓါးခုတ်၊ လှံထိုးအတတ်တို့ကို အခြေခံအားဖြင့် တတ်မြောက်ထားပြီးဖြစ်ပေရာ ယခုအခါ မြင်းစီးအတတ်ကိုပါ ကျွမ်းကျင်နေပြီဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အနော်ရထာမင်းမြတ်သည် နယ်မြေဒေသအသီးသီးသို့ သာမန်အသည်သားအသွင် ဝတ်ဆင်လျက် လှည့်လည်မှု ဖြစ်လေရာ ယခုအခါ ကျန်စစ်သား၊ ငထွေရုး၊ ငလုံးလက်ဖယ်တို့သာမက ညောင်ဦးဖီးတစ်ယောက်ပါ ပါဝင်လာပြီဖြစ်ပါသည်။ ဘုရင်မင်းမြတ်သည် ယင်းသို့ သွားရောက်သည့်အခါတိုင်း မိမိအား သာမန်မြင်းသည်တော်တစ်ဦးကဲ့သို့သာ ဆက်ဆံစေ၍ မည်သူ့ကိုမျှ ဘုရင်မင်းမြတ်ဟု မသိစေရဟု တင်းကျပ်စွာ အမိန့်တော်ချ မှတ်ထားလေသည်။ သို့ဖြစ်၍ ပထမတွင် ညောင်ဦးဖီးအတွက် သာမက ကျန်စစ်သား၊ ငထွေရုး၊ ငလုံးလက်ဖယ်တို့သည်ပင်လျှင် ဘုရင်မင်းမြတ်အား ရောင်းရင်းမိတ်ဆွေတစ်ဦးကဲ့သို့ ပြောရသည်မှာ ခဲယဉ်းနေပေသည်။ အတန်ငယ်ကြာမှ ကျင့်သားရကာ အဆင်ပြေသွားကြ၏။

တစ်ကြိမ်တွင် ဘုရင်မင်းမြတ် ဧရာဝတီမြစ်ကြောင်း သွားလမ်းအတိုင်း မြင်းစီး၍ မြစ်ကြောင်းတစ်လျှောက် မြောက်ဘက်သို့ ထွက်ခွာလေသည်။ ကျန်စစ်သား၊ ငထွေရုး၊ ငလုံးလက်ဖယ်နှင့် ညောင်ဦးဖီးတို့လေးဦး ဘုရင်မင်းမြတ် နှင့်အတူ လိုက်ပါကြရ၏။ မင်းမြတ်အနော်ရထာသည် လမ်းခရီးတွင် လယ်ယာစိုက်ပျိုး ရေးလုပ်ငန်းများကို စနစ်တကျ ဖော်လာ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ရွာသူကြီး၊ ရွာခေတ်များကို ခေါ်ယူမေးမြန်းသည်။ ကလန်သံပျင်တို့နှင့် တိုင်းရေးပြည်ရာကို ဆွေးနွေးကြည့် သည်။ သို့ဖြင့် နိုင်ငံတစ်ဝှမ်း လိုအပ်ချက်များ ပြုပြင်ရန်လိုသည်များကို သိရှိလာရ၏။

ဘုရင်မင်းမြတ်နှင့်အဖွဲ့သည် မြောက်ဘက်သို့ မြစ်ကြောင်း တစ်လျှောက်ဦးတည်လျက် မြင်းစီးသွားရောက်ရာမှ ထုံးစံ အတိုင်းဖောင်တော်ဖြင့် မြစ်တစ်ဘက်ကမ်းသို့ ကူးခတ်ကြ သည်။ ဤတစ်ကြိမ်တွင်တော့ သလ္လာဝတီမြတ်ကမ်းဘေး ရောက်တော့ မြစ်ကြောင်းအတိုင်း မြင်းဖြင့်ကမ်းနီဘက်သို့ သွားရောက်ရန် ပြင်ဆင်လေသည်။ ဘုရင်မင်းမြတ်သည် လမ်းခရီးတွင် ကျုန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦး ဖီးတို့နှင့်အတူ ထမင်းစမြိန်စာထုပ်ကို လက်ရေတာပြင်တည်း စားသောက်လေသည်။ ယခုအခါ ဘုရင်မင်းမြတ်နှင့် ကျန်စစ် သားတို့လေးဦးမှာ အလွန်ပင် ရင်းနှီးကျွမ်းဝင်နေကြပြီဖြစ်၏။

အနော်ရထာမင်းမြတ်သည် ကမ်းနီဘက်သို့ ဦးတည်ကာ မြင်းစီးသွားရောက်ရာမှ ဆားလင်းကြီးရွာသို့ ရောက်ရှိသောအခါ သလ္လာဝတီမြစ်တစ်ဘက်ကမ်း၏ အခြေအနေကို သိလိုလာ၏။ ထိုအခါ ညောင်ဦးဖီးအား တစ်ဘက်ကမ်းသို့ ကူးခတ်လှေ

www.burmeseclassic.com

သွားရောက်ကြည့်ရှုရန် တာဝန်ပေးအပ်လေသည်။ ညောင်ဦး ဖီးမှာ ရောဝတီမြစ်ကိုပင် အသွားအပြန်မရပ်မနား ကူးခတ်နိုင် ခဲ့သူဖြစ်ပေရာ သလ္လာဝတီမြစ်မှာ သူ့အဖို့ ကလေးကစားစရာ ဟုပင် ဆိုနိုင်သည်။ ညောင်ဦးဖီးသည် သလ္လာဝတီမြစ်ကို ဖြတ်ကူးကာ တစ်ဘက်ကမ်းသို့ သွားရောက်ကြည့်၏။ ကမ်း ထိပ်ရောက်တော့ တဲအိမ်ကလေးတစ်လုံးကို တွေ့၍ အကျိုး အကြောင်းစုံစမ်း ကြည့်သည်။

တဲရှင်မှာ ညောင်ဦးဖီးကို မြင်လျှင် တဲအိမ်ထဲသို့ ဝင်ကာ တံခါးပိတ်ရန် ပြင်လေသည်။ ညောင်ဦးဖီးက မိမိသည် သူခိုး ဓါးပြတစ်ဦးမဟုတ်ကြောင်း။ မင်းမှုထမ်းတစ်ဦးသာဖြစ်ကြောင်း ပြောပြကာ ဘုရင်မင်းမြတ်၏ ဆုလာဘ်တော် နဝရတ်လက်စွပ် ကို သက်သေပြလိုက်၏။ ထိုအခါမှ တဲရှင်သည် ပိတ်လက်စ တံခါးကို ဖယ်ရှားလျက် ညောင်ဦးဖီးအား အတွေ့ခံလေသည်။ ညောင်ဦးဖီးက ယခုကမ်းပါးနေရာမှ ဆက်သွားလျှင် မည်သည့် အရပ်သို့ရောက်ကြောင်း မေးမြန်း၏။ တဲရှင်က ဤကမ်းပါးမှ ဆက်သွားလျှင် ကျောက္ကာသို့ ရောက်သည်ဆို၏။ ကျောက္ကာ တွင် လက်မှုလုပ်ငန်းများ လုပ်ကိုင်ကြကြောင်းနှင့် စီးပွားရေး ကောင်းမွန်သောဒေသဖြစ်ကြောင်းများကို ရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com

ညောင်ဦးဖီးက တဲရှင်ပြောသမျှကို မှတ်သားပြီး သလ္လာဝတီ မြစ်တစ်ဘက်ကမ်းသို့ ပြန်ကူးသွား၏။ တစ်ဘက်ကမ်းသို့ ပြန်ရောက်တော့ ဘုရင်မင်းမြတ်အား တဲရှင်ထံမှ သိရှိလာရသမျှကို လျှောက်ထားလိုက်၏။ မင်းမြတ်အနော်ရထာက ညောင်ဦးဖီးကဲ့သို့သော အရည်အချင်းရှိသူတစ်ဦးကြောင့် စိတ်ထဲမှ ကြိတ်၍ဝမ်းသာလျက်ရှိပေသည်။ ထမင်းစားသောက်ပြီးပြီဖြစ်၍ ဘုရင်မင်းမြတ်က ခေတ္တခဏ သက်သာသလို နားနေကြရန် အမိန့်တော်ချမှတ်လေသည်။

ငထွေရူးနှင့် ငလုံးလက်ဖယ်တို့သည် မြစ်ကမ်းနဖူးတစ်နေရာ၌ စကားထိုင်ပြောနေကြ၏။ ကျန်စစ်သားမှာ ဘုရင်မင်းမြတ်၏အပါးတော်၌ ခစားနေလေသည်။ ညောင်ဦးဖီးမှာမူ သလ္လာဝတီမြစ်ကမ်းထိပ်မှ မိမိကူးခတ်ခဲ့ရာ တစ်ဘက်ကမ်းဆီသို့ ငေးမောကြည့်နေလေ၏။ မည်မျှ ကြာသွားလေသည်မသိ။ မိမိထံပါးသို့ မင်းမြတ်အနော်ရထာရောက်ရှိလာကာ နံဘေး၌လာထိုင်သည်ကိုပင် သတိမပြုမိလိုက်။ ဘုရင်မင်းမြတ်ကြွရောက်လာကြောင်းသိရတော့ ညောင်ဦးဖီးပျာပျာသလဲဖြစ်သွားသည်။ ညောင်ဦးဖီးသည် လက်အုပ်ချီလျက် မြေပြင်ထက်သို့ ဒူးထောက်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

မင်းမြတ်အနော်ရထာက ပြုံးရယ်ကာ ညောင်ဦးဖီးကို အသာအယာဆွဲထူလိုက်သည်။ ထို့နောက် သလ္လာဝတီမြစ်ဆီသို့ ငေးမောလျက် မည်သို့မည်ပုံ အတွေးနယ်ချဲ့နေကြောင်း မေးမြန်းလိုက်၏။ ညောင်ဦးဖီးက သူသည်ယခုအခါ သလ္လာဝတီမြစ်ကိုလည်းကောင်း၊ ရောဝတီမြစ်ပြင်ကျယ်ကိုလည်းကောင်း ဖြတ်ကူးနိုင်ခဲ့သူတစ်ဦး ဖြစ်နေပြီဖြစ်၍ မြစ်ကိုအောင်နိုင်သူဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့် ပင်လယ်ပြင်ကို ဖြတ်ကျော်ကူးခတ်နိုင်အောင် သူကြိုးပမ်းဆောင်ရွက်လိုသေးကြောင်း၊ ပြန်လည်လျှောက်ထား၏။ ဘုရင်မင်းမြတ်က ညောင်ဦးဖီး၏ လုံ့လဝီရိယကို ချီးမွမ်းပြောဆိုလေသည်။

မင်းမြတ်အနော်ရထာသည် ညောင်ဦးဖီးအား ပြင်ပသို့ ခရီးထွက်ခွာသည့်အခါ ရောင်းရင်းမိတ်ဆွေတစ်ဦးကဲ့သို့ပင် ပြောဆို ဆက်ဆံရမည်ဖြစ်ကြောင်း ထပ်မံ သတိပေးကာ ညောင်ဦးဖီး၏နံဘေး သစ်မြစ်ပေါ်၌ ထိုင်ချလိုက်လေသည်။ ထို့နောက် မြစ်ကိုအသုံးပြုရန်မှာ အခြားနည်းလမ်းကောင်းများ ရှိသေးကြောင်း၊ ယခုညောင်ဦးဖီးအနေဖြင့် လှိုင်းလေကို အောင်နိုင်လျက် တစ်ဘက်ကမ်းသို့ ကူးခတ်နိုင်ခြင်းမှာ ခွန်အား ဗလနှင့် စွမ်းရည်သတ္တိ၊ မိမိကိုကိုယ် ယုံကြည်အားထားမှုများ



www.burmeseclassic.com

www.burmeseclassic.com

ပြည့်ဝနေမှုတို့ကြောင့် ဖြစ်ကြောင်းဆို၏။ ထို့နောက် အခြားနည်းလမ်းတစ်ရပ်အနေဖြင့် မြစ်ကိုလှေဖောင်များပေါ်၌ လူနှင့်ကုန်ပစ္စည်းများတင်ကာလှေခတ်လျက် လိုရာခရီးသို့ သွားရောက်ကြကြောင်း ဆိုပြန်သည်။

ဘုရင်မင်းမြတ်နှင့် ညောင်ဦးဖီးတို့ စကားစမြည်ပြောဆိုနေရာသို့ ကျွန်စစ်သား၊ ငလုံးလက်ဖယ်နှင့် ငထွေးရူးတို့ပါ ရောက်ရှိလာကြရာ ဧရာဝတီမြစ်ကြီး၊ သာလွှာဝတီမြစ်နှင့် မြစ်ရေများအကြောင်း ဆွေးနွေးတိုင်ပင်ကြမှုမှာ ပိုမိုမြိုင်ဆိုင်သွားလေသည်။ ငလုံးလက်ဖယ်သည် စိမ်းဖန့်ဖန့်ရေပြင်ကိုကြည့်ကာ အခြားနည်းဖြင့် ဤရေကိုအသုံးချရန်မှာ ရေလိုအပ်သော စိုက်ခင်းများ၊ သစ်ပင်များ၊ စားပင်များနေရာသို့ တူးမြောင်းဖောက်လုပ်သွယ်ယူကာ စိုက်ပျိုးရေးဖြစ်ထွန်းဖို့ရာ စီမံကြဖို့ဖြစ်ကြောင်း ဝင်ရောက်ပြောကြားသည်။

အနော်ရထာမင်းမြတ်သည် ငလုံးလက်ဖယ်၏ အကြံအစည်ကို သဘောကျသွားကာ သူ့အဆိုအား အပြည့်အဝထောက်ခံလိုက်၏။ ရေအလျှင်ကို ငေးမောကြည့်နေကြမည့်အစား သည့်ထက်ပိုမိုကောင်းမွန်သော စိတ်ကူးစိတ်သန်းများကို အကောင်အထည်ဖော်နိုင်အောင် ကြိုးစားကြရမည်။

www.burmeseclassic.com

ဤအစီအမံသာ အောင်မြင်ခဲ့ပါမူ မိုးခေါင်ရေရှားရာ ပုဂံဒေသကြီးတစ်ခုလုံး စိမ်းလန်းစိုပြေလျက် သာယာလှပလာသည်မှာ အမှန်ပင်ဖြစ်ပေသည်။ မင်းမြတ်အနော်ရထာသည် ထိုနေ့မှစ၍ သူ၏ မင်းမှုထမ်းများဖြစ်ကြသော ကျန်စစ်သား၊ ငထွေရှုး ငလုံးလက်ဖယ်နှင့် ညောင်ဦးဖီးတို့ကို သူ့ရဲကောင်းလေးဦးဟူ၍ ခေါ်ဆို သမုတ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ၇။ ရွှေဖျင်းညီနောင်

နေထန်းတစ်ဖျားအချိန်သို့ ရောက်ပြီ။ ဤအချိန်ဆိုလျှင် မဟာကဿပရသေ့ကြီး ရေချိုးသန့်စင်နေကျ။ ရသေ့ကြီးအခါတိုင်း ကဲ့သို့ ကျောင်းသင်္ခမ်းဆီမှ ထန်းပင်ချောင်းထဲသို့ ဆင်းသွားသည်။ ထန်းပင်ချောင်းကား တောင်ကျချောင်းကလေးဖြစ်၏။ ပင်လယ်နှင့် တစ်ဆက်တစ်စပ်တည်းမို့ ဒီရေအတက်အကျ ရှိသည်။ ထန်းပင်ချောင်းဟု ခေါ်ဆိုခြင်းကား ရှေးယခင် သုဝဏ္ဏဘူမိမင်းများလက်ထက်က ယင်းမြို့ဘက်သို့ ကူးသွားရန် ထန်းပင်လုံးများဖြင့် တည်ဆောက်ထားသည့် လူကူးတံတား ကလေး ရှိခဲ့ဖူးသောကြောင့်ဖြစ်သည်။ ထန်းပင်လုံးတံတားကို အစွဲပြု၍ နောင်တွင် ချောင်းကလေးကိုပင် ထန်းပင်ချောင်းဟု ခေါ်ဝေါ်ကြ၏။

ထန်းပင်ချောင်းဝနှင့် မလှမ်းမကမ်းတွင် မဟာကဿပရသေ့ ကြီး၏ ကျောင်းသင်္ခမ်းကလေးရှိပါသည်။ ရသေ့ကြီးကား သစ်ဥ သစ်ဖုများ ရှာဖွေစားသောက်လျက် တောတွင်း၌ တစ်ပါးတည်း တရားဘာဝနာကျင့်ကြံ အားထုတ်နေလေသည်။ နေ့စဉ် အရုဏ် တက်လျှင် ရသေ့ကြီးအိပ်ရာမှထကာ မျက်နှာသစ်လျက် ကောက်ညှင်းဆန်ပြားခြောက်ကလေးများအား မီးဖုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

အရုဏ်ဆွမ်းအဖြစ် ဘုဉ်းပေးစားသုံးသည်။ ထို့နောက် ကမ္မဋ္ဌာန်းတရား စီးဖြန်းတော်မူ၏။

နေထန်းတစ်ဖျားအချိန်ခန့် ရောက်ပြီဆိုလျှင် တရားထိုင်ခေတ္တရပ်နားကာ ရှိရှိသမျှသော တောတိရစ္ဆာန်သတ္တဝါ အပေါင်းတို့အား အမျှအတမ်းပေးဝေသည်။ ထို့နောက် ထန်းပင်ချောင်းထဲတွင် ကိုယ်လက်သန့်စင် ရေချိုးသည်။ ပြီးစီးပါက သပိတ်ကိုပိုက်လျက် အလှမ်းကွာလှသည့် တောင်ပေါ်ရွာကလေးဆီသို့ ဆွမ်းခံကြွ၏။ ရသေ့ကြီးသတ်သတ်လွတ် စားသုံးတတ်မှန်းသိ၍ ရွာရှိတဲအိမ်ကလေးများမှ ကောက်ညှင်း ဆန်ပြားခြောက်၊ သစ်သီးဝလံများ၊ ဟင်းရွက်ခြောက်များကို ဆွမ်းအဖြစ်လောင်းလှူတတ်ကြလေသည်။

ရသေ့ကြီးတောင်ပေါ်ရွာကလေးမှ ပြန်ကြွ၍ ကျောင်းသခ်န်းသို့ရောက်ပြီဆိုလျှင် နေအတော်မြင့်နေပြီဖြစ်၏။ ရသေ့ကြီးက ခေတ္တခဏ အပန်းဖြေကာ ဆွမ်းခံရရှိလာသော ကောက်ညှင်း ဆန်ပြားခြောက်မီးဖုတ်များအား သစ်ဥသစ်ဖုများနှင့် တွဲဖက်စားသုံးသည်။ ပြီးစီးပါက ဆွမ်းကျန်ကို သတ္တဝါ ကလေးများ စားသုံးနိုင်ရန် သစ်ရွက်ပေါ်၌ တင်ထားခဲ့ပြီး တရားဘာဝနာ အလုပ်ပြန်စတော့သည်။ ညနေစောင်းသည်အထိ ကမ္မဋ္ဌာန်း


www.burmeseclassic.com

www.burmeseclassic.com

တရားစီးဖြန်းပြီးနောက် ကျောင်းသခ်မ်း အနီးဝန်းကျင်တွင် အမှိုက်သရိုက်များရှင်းသည်။ ထို့နောက် တရားကျင့်ကြံအား ထုတ်ပြန်သည်မှာ ညကျိန်းစက်ချိန်အထိ ဖြစ်ပါသည်။

နေ့တစ်နေ့တွင်တော့ မဟာဏ္ဍသိရသေ့ကြီးအဖို့ ထူးဆန်း အံ့ဩဖွယ်မြင်ကွင်းတစ်ရပ်ကို တွေ့ရလေသည်။ ယင်း မြင်ကွင်းကား အခြားမဟုတ်။ ထန်းပင်ချောင်းတွင်း၌ ရေမိုးချိုး သန့်စင်နေစဉ် သစ်သားဖျပ်တစ်ချပ်ကို အမီပြုလျက် မျော ပါလာကြသည့် ကလေးငယ်နှစ်ဦးကို တွေ့လိုက်ရ ခြင်းပင် ဖြစ်၏။ ရသေ့ကြီးအဖို့ ဤကဲ့သို့သောမြင်ကွင်းမျိုးကို တစ်ကြိမ် တစ်ခါမျှ မတွေ့ကြုံခဲ့ဖူးသည့်အလျောက် အံ့အားသင့် နေပေ သည်။

ရသေ့ကြီးသည် ရေချိုးသန့်စင်နေရာမှ မိမိအနီးသို့ မျော ပါလာသော သစ်သားဖျပ်ကို ဆယ်ယူလိုက်၏။ ဖျပ်ကိုအမှီပြု လျက် မျောပါလာကြသူကလေးများမှာ ဆံပင်ကောက်ကောက် အသားမဲမဲနှင့် အိန္ဒိယတိုင်းသားကလေးများ ဖြစ်ဟန်တူနေ ပေသည်။ ရသေ့ကြီးက ကလေးနှစ်ဦးအား ကမ်းစပ်သို့ ခေါ်ဆောင်သွား၏။ ကလေးများကို ကြည့်ရသည်မှာ အစာ အဟာရပြတ်၍ အင်အားချိနဲ့နေလေသည်။ သို့ဖြစ်၍ ရသေ့ကြီး



www.burmeseclassic.com

www.burmeseclassic.com

က ကလေးများအား ကောက်ညှင်းဆန်ပြားခြောက်များကို ကျွေးမွေးသည်။ ထို့နောက် ရေအေးဝတိုက်သည်။ ဤသို့ဖြင့် ကလေးငယ်နှစ်ဦးမှာ အနည်းငယ် စိုပြေလန်းဆန်းလာလေ၏။

နောက်ရက်အနည်းငယ်အတွင်း ရသေ့ကြီး ဆွမ်းခံကြွတော့ ကလေးနှစ်ယောက်ကို တောင်ပေါ်ရွာသို့ ခေါ်သွားသည်။ ရသေ့ကြီးက သူ၏ ဒါယကာ၊ ဒါယိကာမများအား အကျိုးအကြောင်းပြောပြသောအခါ ကလေးနှစ်ယောက်အတွက် လိုလေသေးမရှိအောင် ကျွေးမွေးပြုစုစောင့်ရှောက်ကြ၏။ ကလေးငယ်တို့အား ကျွေးမွေးပြုစုခေါ်ယူထားလိုသူတွေလည်း မနည်းလှ။ သို့သော် ကလေးနှစ်ဦးက ရသေ့ကြီးထံပါးမှ ခွဲခွာမသွားလိုကြပေ။ သူတို့၏ အသက်သခင်ကျေးဇူးရှင် ရသေ့ကြီးအား မျက်စိအောက်မှ အပျောက်မခံ။ သို့ကြောင့်လည်း ရသေ့ကြီးကြွရာနေရာသို့ အမြဲလိုက်ပါခဲ့ကြလေ၏။

ရသေ့ကြီးက သစ်သားဖျာကလေးဖြင့် ထန်းပင်ချောင်းထဲသို့ မျောပါလာခဲ့ကြသူကလေးငယ်နှစ်ဦးကို ဖျတ်ဝိနှင့် ဖျတ္တဟု အမည်ပေးထားလေသည်။ ကလေးငယ်များသည် မူလက သူတို့၏ တိုင်းရင်းဘာသာစကားကိုသာ တတ်ကျွမ်းကြသဖြင့် ရသေ့ကြီးနှင့် ဆက်သွယ်စကားပြောဆိုရာတွင် သက္ကတ



www.burmeseclassic.com

www.burmeseclassic.com

ဘာသာစကားဖြင့်သာ ဆက်သွယ်ကြရ၏။ သက္ကတဘာသာ စကားမှာ သူတို့တိုင်းရင်းဘာသာနှင့် အတော်အတန် နီးစပ်ဟန်ရှိသည်။ ရသေ့ကြီး သက္ကတဘာသာစကားဖြင့် ပြောလျှင် သူတို့နားလည်ကြ၏။ သူတို့တိုင်းရင်းဘာသာစကားဖြင့် ပြောကြားသည့်အခါ၌လည်း အများအားဖြင့် ရသေ့ကြီးမှာ နားလည်နေတတ်လေသည်။

နောင်အနေကြာလာတော့လည်း ဖျတ်ဝိဖျတ္တတို့ မြန်မာဘာသာစကားကို နားလည်ရုံမျှမက ကျွမ်းကျင်နိုင်နင်းစွာ ပြောတတ်လာကြသည်။ ထိုအခါ၌ ရသေ့ကြီးက သူတို့၏ဘဝဇာတ်ကြောင်းကို မေးမြန်းကြည့်မိတတ်၏။ အစ်ကို ကြီးဖြစ်သူ ဖျတ်ဝိက သူတို့ဖြတ်သန်းခဲ့ရသည့် ဘဝခရီးကြမ်းကို မှတ်မိသ၍ ရသေ့ကြီးအား ပြောပြသည်။ မိတများနှင့်အတူ ရွက်သင်္ဘောဖြင့် အိန္ဒိယကမ်းခြေမှ မာလာယုသို့အသွားလမ်းခရီးတွင် မုန်တိုင်းမိကာ ရွက်သင်္ဘောနစ်မြုပ်ခဲ့ရပုံ၊ ညီအစ်ကိုနှစ်ယောက် သာအသက်ရှင် ကျစ်ရစ်ပြီး ဖျတ်ငယ်ကလေးတစ်ချပ်ကို အမှီပြုလျက် ပင်လယ်အတွင်း၌ မျောပါနေခဲ့ရပုံများပင်ဖြစ်ပေသည်။

ကံတရားသည်ကား ဆန်းကျယ်လှပေ၏။ ဖျတ်ဝိသည် မိမိတို့ ညီအစ်ကိုနှစ်ယောက် ဘယ်သောအခါမှ အသက်ရှင်


www.burmeseclassic.com

www.burmeseclassic.com

လျှက်ရှိတော့မည်မဟုတ်ဟု တွက်ဆမိခဲ့သည်ဆို၏။ ရှက်သဘော်နစ်မြုပ်စဉ်က ရေကူးကျွမ်းကျင်လှသည့် မိမိ၏ မိဘများသည်လည်းကောင်း၊ သဘော်သူကြီး ခလာသီတို့သည်လည်းကောင်း၊ ရေတွင်နစ်မြုပ်သွားခဲ့ကြသည်။ မိမိနှင့် ညီငယ်မှာမူ ရှက်သဘော် ကုန်းပတ်ပေါ်မှ အသင့်တွေ့ရှိရသည့်"သစ်သား ဖျပ်ကလေးကိုကိုင်လျှက် အသက်ရှင် ကျန်ရစ်ခဲ့ကြ၏။ ပင်လယ်ပြင်တွင် စတင်မျောပါစဉ်က အနီးအပါးသို့ ရောက်ရှိမျောပါလာသည့် စားသောက်ဖွယ်ရာ အချို့ကို ဖျတ်ဝိက ဖျပ်ကလေးထဲသို့ ထည့်ယူသိမ်းဆည်းထားသဖြင့်သာ ညီအစ်ကိုနှစ်ယောက် ယခုကဲ့သို့ အသက်ရှင်ခဲ့ရခြင်းဖြစ်သည်ဆိုပါသည်။

ဖျတ်ဝိနှင့် ဖျတ္တာတို့သည် ရသေ့ကြီးနှင့်အတူ အနီးအပါးသို့ လိုက်ပါကြစမြဲဖြစ်ပေရာ တစ်ကြိမ်တွင် တောလမ်းခရီးရှည်ကိုလိုက်ပါခဲ့ကြ၏။ ရသေ့ကြီးသည် ဝင်းကျိုက်တောင်ထက်ရှိသူ၏ဆရာသူတော်စင်ကြီးနှင့် သွားရောက်တွေ့ဆုံရာ ဖျတ်ဝိတို့ညီအစ်ကိုလိုက်ပါခဲ့ကြခြင်းဖြစ်သည်။ လမ်းခရီးတစ်နေရာအရောက်တွင် ဇော်ဂျီဖိုလ်ဝင်ဟုဆိုအပ်သော ဝိဇ္ဇာတစ်ဦး၏အလောင်းကို တွေ့ရှိကြ၏။ သို့ဖြင့် ရသေ့ကြီးက ဆေးဝါးရှင်



www.burmeseclassic.com

www.burmeseclassic.com

ရန်အလို့ငှါ ကျောင်းသခ်ိန်းသို့ ယူဆောင်ပြီးပြန်ကြရန် မှာရစ်ပြီး ဇင်းကျိုက်သို့ ဆက်လက်ထွက်ခွာသွားကြသည်။ ဗျတ်ဝိတို့ညီအစ်ကိုလည်း ဇော်ဂျီဖိုလ်ဝင်ကို သယ်ဆောင်ကာ ကျောင်းသခ်ိန်းသို့ ပြန်လာခဲ့ကြ၏။

ရသေ့ကြီးက ဇော်ဂျီဖိုလ်ဝင်ကို ရရှိသူသည် သိဒ္ဓိပြီးမြောက်သည်ကို သိရှိသည့်အလျောက် ဇင်းကျိုက်တောင်ရောက်မှ စိုးရိမ်မကင်းဖြစ်ကာ ကျောင်းသခ်ိန်းသို့ တောလမ်းခရီးဖြင့် အလျင်အမြန်ပြန်လည်ကြွရောက်လာခဲ့လေသည်။ ထိုအခါ ဇော်ဂျီဖိုလ်ဝင်ကို ရရှိသွားကြသည့် ဗျတ်ဝိ၊ ဗျတ္တညီနောင်မှာလည်း သိဒ္ဓိများပြီးမြောက်လျက် ရှိနေကြလေသည်။ ရသေ့ကြီးသည် အကျိုးအကြောင်းသိရသောအခါ မိမိနှင့်ပယောဂမကင်းဟု မှတ်ယူလျက် သုဝဏ္ဏဘူမိဘုရင်ထံ အလျင်အမြန်သွားရောက် လျှောက်ထားပြန်လေသည်။ သိဒ္ဓိပြီးမြောက်သူသည် ရာဇဝတ်မှုနှင့်မကင်းသူဖြစ်သည့်အလျောက် ရသေ့ကြီးက ဘုရင်မင်းမြတ်သို့ ဦးစွာသွားရောက် လျှောက်ထားခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏဘူမိဘုရင်သည် ရသေ့ကြီးထံမှ သတင်းစကားကြားရသည်နှင့် သိဒ္ဓိပြီးမြောက်သော ဗျတ်ဝိဗျတ္တညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com

ကို ဖမ်းဆီးဆက်သရန် မင်းချင်းမိုလ်ပါတို့အား အမိန့်တော် ချမှတ်လေသည်။ မင်းချင်းတို့ကလည်း ချက်ချင်းပင် တော တောင်တစ်ဝိုက်၌ ဗျတ်ဝိ ဗျတ္တာတို့ကို လိုက်လံဖမ်းဆီးကြ၏။ သို့သော် သိဒ္ဓိပြီးမြောက်ပြီး သူများကို ဖမ်းဆီးနိုင်ရန်မှာ လွယ်ကူသော ကိစ္စတော့ မဟုတ်ပါပေ။ နောက်ဆုံးနည်းမျိုးစုံ သုံး၍ တိုက်ခိုက်တော့မှ အစ်ကိုဖြစ်သူ ဗျတ်ဝိတစ်ဦးတည်းကို သာ ဖမ်းဆီးရမိလေသည်။ ညီငယ် ဗျတ္တာမှာမူ သုဝဏ္ဏဘူမိ ဘုရင်မင်းမြတ်၏ မင်းချင်းမိုလ်ပါများ ဝိတ်ဆို့ဖမ်းဆီးကြ သည့်ကြားမှ ထွက်ပြေး လွတ်မြောက်သွားခဲ့၏။ ဘုရင်မင်း မြတ်က သိဒ္ဓိပြီးမြောက်နေသူ ဗျတ်ဝိအား လုပ်ကြံစီရင်စေ၏။

ဗျတ္တာမှာမူ မင်းချင်းတို့လက်မှ ထွက်ပြေးလွတ်မြောက်သွား သောအခါ သုဝဏ္ဏဘူမိ အပိုင်နယ်မြေတွင် မနေတော့ဘဲ အထက်မြန်မာနိုင်ငံ ပုဂံမင်းနေပြည်တော်သို့ ထွက်ခွာသွား၏။ ပုဂံရောက်တော့ သရဖာတံခါးစောင့်မင်းမှုထမ်းအား မိမိဘဝ အဖြစ်မှန်များကို ပြောပြသည်။ ဘုရင်မင်းမြတ်ကို သံတော်ဦး တင်ပေးပါဟုလည်းဆိုသည်။ တံခါးစောင့် မင်းမှုထမ်းက သိယံပတော့ အမတ်ကြီးအား အကျိုးအကြောင်း ပြောပြ လျှောက်ထားသောအခါ သိယံပတော့သည် ဗျတ္တာအား ခေါ်ယူ

www.burmeseclassic.com

တွေ့ခဲ့လျက် အကဲခတ်ကြည့်၏။ ဇျတ္တသည် အမုန်ပင် အား ကောင်းမောင်းသန် ယောက်ျားပီသသူတစ်ဦးဖြစ်သည်။ သို့ဖြင့် မင်းမြတ်အနော်ရထာထံ လျှောက်ထားကြည့်သည်။

မင်းမြတ်အနော်ရထာက ဇျတ္တအား ရှေ့တော်သွင်းစေလျက် ပုဂံမင်းနေပြည်တော်အတွက် လိုအပ်သည့်ပန်းများအား ဆက်သရန် ပန်းတော်ဆက်ရာထူးခန့်အပ်လေသည်။ တောင်နန်းမတော်ကြီးအလိုရှိရာ စကားဖြူပန်းမှာလည်း ပုပ္ပါးတောင်တစ်ဝိုက်၌သာ ပေါက်ရောက်လေရာ ဇျတ္တအဖို့ ပုဂံမှပုပ္ပါးအရပ်သို့ နေ့စဉ် သွားရောက်ကာ ပန်းခူးဆက်သရ၏။ သို့ဖြစ်၍ ဇျတ္တသည် နေ့စဉ်အသွားအပြန်ခရီး (၁၅)တိုင် ခန့် ရောက်ရှိလေသည်။ ဇျတ္တသည် နံနက်အရုဏ်တက်သည်နှင့် မြင်းတစ်စီးဖြင့် ပုပ္ပါးသို့ ခရီးနှင်ရ၏။ ထို့နောက် တောင်နန်း မတော်မိဖုရားကြီး အလိုရှိရာ စကားဖြူပန်းများကို ခူး၍ကုန်းနှီး ၌ ချိတ်ခွဲထားသော ခြင်းတောင်းငယ် အတွင်းသို့ စနစ်တကျ ထည့်ရသည်။ ပြီးလျှင် မြင်းဒုန်းစိုင်းစီးလျက် ပုဂံနေပြည် တော်သို့ ပြန်လာရ၏။

နေနစ်ချက်တီးလျှင် ဇျတ္တနေပြည်တော်သို့ ပြန်ရောက် လေပြီ။ ဇျတ္တသည် ခရီးရောက်မဆိုက် တောင်နန်းမတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အခေါင်တော်သို့ ဝင်ရောက်ကာ စကားဖြူပန်းများ ဆက်သလေ့ရှိပါသည်။ ဤသည်မှာ ပုဂံဘုရင်မင်းမြတ်အနော်ရထာနန်းတက်စနေ့များက ဖြစ်ပါသည်။ ပုဂံဘုရင်သစ်သည် ဇျွတ္တအား မြှောက်စားချီးမြှင့်ခဲ့သော်လည်း ပန်းတော်ဆက် ဇျွတ္တက ဖောက်လွဲဖောက်ပြန်ပြု၏။ ပန်းတော်ဆက်ရာဝတ္တုရကို၍မှ တစ်လ မကြာသေး။ ပုပ္ပါးနယ်သူမယ်ဝဏ္ဏာနှင့် တွေ့ဆုံမေတ္တာမျှခဲ့သည်။ မယ်ဝဏ္ဏာသည် ရွှေရောင်အဆင်းရှိ၍ ချောမောလှပ သူငယ်လေး ဖြစ်၏။ မယ်ဝဏ္ဏာနှင့်တွေ့တော့ ဇျွတ္တပုဂံနေပြည် တော်သို့ အချိန်မီပြန်မရောက်တော့။ သည်ကြားထဲ နန်းခလေ့ ထုံးစံအတိုင်း မလိုတမာဂုံးစကား ဆိုကြသူများလည်းရှိသည်။ ဇျွတ္တသည် ဇော်ဂျီဖိုလ်ဝင်သား စားပူးသူလူစွမ်းကောင်း တစ်ဦးဖြစ်သဖြင့် ဘုရင်မင်းမြတ်အား အချိန်မရွေး ဒုက္ခပေးနိုင်သူဖြစ်သည်။ ယခုလည်း ကြန့်ကြာနေခြင်းမှာ အကြောင်းတစ်ခုခုရှိပေလိမ့်မည်။ ပုပ္ပါးနယ်ကို အခြေပြုလျက် တောင်ထားခြားနားရန် လက်နက် လူသူစုရုံးနေခြင်းပေလော။ မင်းမြတ် အနော်ရထာက သူ့ထံ ရောက်လာသည့် ရွှေနားတော်သွင်း စကားအတင်းအဖျင်းများကို မယုံကြည်လို။ သို့သော် ပြုပြန် တိုက်ဖန်များလာတော့ နည်းနည်းတော့ စဉ်းစားရှာသည်။

www.burmeseclassic.com

သူကိုယ်တိုင် ပုပ္ပါးနယ်မှာ နေခဲ့ဖူးသည်။ နောင်တော် စုက္ကဲ့လေးကို ထီးနန်းက ဖယ်ရှားဖို့ရာ ယင်း ပုပ္ပါးနယ်ကိုပင် အခြေပြုခဲ့ရဖူးသည် မဟုတ်ပါလော။

ဗျတ္တကိုယ်တိုင်မှာမူ သူပြသနာနှင့် သူဖြစ်၏။ မယ်ဝဏ္ဏ နှင့်မကြာခဏ ဆုံတွေ့မိရာမှ မယ်ဝဏ္ဏတွင် ပဋိသန္ဓေရှိလာ သည်။ ထိုအခါ မယ်ဝဏ္ဏအပေါ် ယာခင်ကထက်ပို၍ ဂရုစိုက် ရတော့၏။ သို့ဖြင့် ဗျတ္တတစ်ယောက် မယ်ဝဏ္ဏတို့ နေထိုင်ရာ တဲအိမ်ကလေးဆီမှ ပုဂံမင်းနေပြည်တော်သို့ အချိန်မီမပြန်နိုင် ဖြစ်ခဲ့ရသည်။ တောင်နန်းမိဘုရားကြီးက နောက်ကျရသည့် အကြောင်းရင်းကို မေးမြန်းတော့ တောင်ခြေတွင် စကားဖြူပန်း များတစ်စစ နည်းပါးလာပြီမို့ တောင်လယ်ကမှ အထက်တက် ရောက်ခူးယူနေရသည်ဆိုသည်။ ပထမတော့ တောင်နန်း မယ်တော်ကြီးက သံသယမဖြစ်မိ။ သို့သော် နောက်ပိုင်း မင်းမြတ် အနော်ရထာနှင့် တိုင်ပင်နီးနှောမိလာသောအခါ၌မူ ဗျတ္တကိစ္စက စဉ်းစားစရာဖြစ်လာသည်။

ဘုရင်မင်းမြတ်သည် ပုပ္ပါးနယ်တွင် ငါးနှစ်ကြာမျှ နေခဲ့ဖူး သူဖြစ်သည့်အလျောက် ပုပ္ပါးတောင်ခြေတွင် စကားဖြူပင် မည်မျှ ပေါများကြောင်းသူသိ၏။ တစ်နေ့လျှင် ခြင်းတောင်း

www.burmeseclassic.com

နှစ်တောင်း ခူးယူရုံမျှဖြင့် ဤတောင်ခြေစကားဖြူပန်းများ ကုန်စင်သွားမည် မဟုတ်ပေ။ မိဖုရားကြီးလျှောက်တင်လာမှ ဗျတ္တနေပြည်တော် အဝင်နောက်ကျသည့်ကိစ္စကို ဘုရင်မင်းမြတ် သိရှိသွားသည်။ သို့သော် တိုင်းတစ်ပါးသား ဗျတ္တသည် ဘုရင် မင်းမြတ်၏ စိတ်နေ စိတ်ရင်းကို အမှန်အတိုင်းမသိမြင်နိုင်ပေ။ သူသည် မယ်ဝဏ္ဏ နှင့် မေတ္တာမျှနေရုံမျှမက ပဋိသန္ဓေပင် ရရှိနေပြီဖြစ်ကြောင်းကို ရေငုံနေလိုက်၏။

မယ်ဝဏ္ဏမှ အမွှာပူးသားငယ်ကလေးနှစ်ဦး ဖွားမြင်သော နေ့တွင် ဗျတ္တ ပုဂံနေပြည်တော်သို့ပင် မပြန်နိုင်ခဲ့။ မိမိ၏ ရင်သွေး ငယ်ကလေးများကိုကြည့်၍ ဗျတ္တကြည်နူးခဲ့ရသည်။ ဤကလေးငယ်များကို ရတ်တရက်ခွဲခွာကာ ပုဂံနေပြည်တော် သို့ ပြန်မသွားလိုခဲ့။ သို့ဖြင့်ပုပ္ပါးတွင် တစ်ညအိပ်ဖြစ်သွားသည်။ တောင်မိဖုရားကြီးက ဗျတ္တယနေ့ ပန်းတော်လာမ ဆက်သ ပါကြောင်း ဘုရင်မင်းမြတ်ထံ လျှောက်ထားရာမှ မင်းမြတ် အနော်ရထာ သိရှိသွား၏။ နောက်တစ်နေ့နံနက် ညီလာခံ သဘင်တွင် ဗျတ္တကို ရှေ့တော်သွင်းရန် အမိန့်တော် ချမှတ် သည်။ သို့တိုင်အောင် ညီလာသဘင်ကျင်းပပြီးစီးချိန်အထိ ဗျတ္တရောက် ရှိမလာခဲ့။

www.burmeseclassic.com

ဗျတ္တ ပုဂံမင်းနေပြည်တော်သို့ ရောက်ရှိလာတော့ နေ့တစ်ချက်တီးကျော်နေပေပြီ။ ဗျတ္တက တောင်နန်းမတော်မိဖုရားကြီးထံ အခစားဝင်ရင်း စကားဖြူပန်းများ ဆက်သသည်။ မိဖုရားကြီး အမေးတော်ရှိတော့ ဗျတ္တက ပန်းခူးအသွား တောင်ပေါ်၌ မျက်စိလည်လမ်းမှားကာ ကြန့်ကြာနေရကြောင်း လျှောက်ထား၏။ ဗျတ္တ၏ သတင်းစကားက ဘုရင်မင်းမြတ်ထံ ရောက်ရှိသွားသည်။ မင်းမြတ်နော်ရထာက အနီးအပါး၌ မပြတ်တစေလျှောက်တင် နေသည့်အမတ်မဟာဗိုလ်၏ စကားကိုယုံမှတ်ကာ လတ်တလောအားဖြင့် အကျဉ်းချထားရန် အမိန့်တော်ချမှတ်၏။ ဤသည်ကို ဗျတ္တအပေါ် မလိုလားသည့် မဟာဗိုလ်က တစ်မျိုးအဓိပ္ပါယ် ကောက်သည်။ ဤသို့ဖြင့် ဗျတ္တ စီရင်ကွပ်မျက်ခံခဲ့ရသည်။

မယ်ဝဏ္ဏသည် ပုဂံမင်းနေပြည်တော်၌ ခင်ပွန်းသည် ဗျတ္တ အပြစ်အလျောက်စီရင်ကွပ်မျက်ခံရကြောင်း သတင်းစကားကြားသိရသောအခါ အလွန်အမင်းစိတ်မချမ်းမြေ့ဖွယ် ခံစားလိုက်ရ၏။ သို့ဖြင့် မင်းမြတ်အနော်ရထာထံ ပေါက်ရောက်နိုင်မည့် အမတ်ကြီးတစ်ဦး၏ အကူအညီနှင့် အကြောင်းစုံကို တင်ပြလျှောက်ထားလေသည်။ ဘုရင်မင်းမြတ်အဖြစ်မှန်ကို သိ၍



www.burmeseclassic.com

www.burmeseclassic.com

ရချိန်တွင် ဗျတ္တတစ်ယောက်လျှလောက်နှ မရှိတော့။ သို့သော် ဖြားလည်း ဘုရင်မင်းမြတ်က သဘောထားပြည့်ဝသည်။ မယ်ဝဏ္ဏ၏ သားငယ်ကလေးများအား နေပြည်တော်သို့ ခေါ်ယူကာ ကျွေးမွေး စောင့်ရှောက်စေခဲ့သည်။ လိုအပ်သည့် အထောက်အပံ့မှန်သမျှ တာဝန်ယူ ထောက်ပံ့ပေး၏။ အကြောင်းစုံသိရှိရသောအခါ၌ တောင်မိဖုရားခေါင်ကြီးမှာလည်း စိတ်မကောင်း။

ဘုရင်မင်းမြတ်က ကလေးငယ်နှစ်ယောက်ကို ရွှေဖျင်းကြီး ရွှေဖျင်းငယ်ဟု အမည်ပေးအပ်သည်။ နောင် ကျန်စစ်သား ခေါ် ထီးလိုင်အရပ်မှ ကလန်စစ်သား နေပြည်တော်သို့ လာရောက် အမှုထမ်းသောအခါ ရွှေဖျင်းညီနောင်အား ကျန်စစ်သား ထံ၌ အပ်နှံထားရှိလေသည်။ ကျန်စစ်သားက ရွှေဖျင်းညီနောင်အား ယောက်ျားတို့ တတ်အပ်သော အင်္ဂရသအတတ် ပညာတို့ကို သင်ကြားတတ်မြောက်စေခဲ့၏။ ရွှေဖျင်းညီနောင် ကလည်း အတတ်ပညာမျိုးစုံကို ကြိုးစားသင်ယူသည်။ သို့ဖြင့် ငယ်ရွယ်စဉ်ကာလ၌ပင် မင်းမြတ်နော်ရထာ၏ အမှုထမ်း ကောင်းများ ဖြစ်လာကြ၏။

ရွှေဖျင်းကြီးနှင့် ရွှေဖျင်းလေးတို့သည် မင်းမြတ်အနော်ရ

www.burmeseclassic.com

ထာ ထံပါးသို့ နေ့စဉ်ခစားဝင်ရောက်လေ့ရှိကြ၏။ ဘုရင်မင်းမြတ်ကလည်း မိမိသားတော်မင်းသားကလေးနှင့် အရွယ်အားဖြင့် မတိမ်းမယိမ်းရှိကြသည့် ရွှေဖျဉ်းညီနောင်တို့ကို ချစ်မြတ်နိုးရှာသည်။ ထို့အတူ တောင်နန်းမတော် မိဖုရားခေါင်ကြီးကလည်း ရွှေဖျဉ်းညီနောင်၏ အဖြစ်သနစ် ဘဝဇာတ်ကြောင်းကို ခရေစေ့တွင်းကျ သိရှိထားသူဖြစ်သည့်အလျောက် ရွှေဖျဉ်းညီနောင်အား မိမိသားတော်အရင်းကလေးကဲ့သို့ပင် ချစ်ခင်ရှာပါသည်။ ရွှေဖျင်းညီနောင်တို့ကလည်း ကျိုးနွံသည်။ လူမမယ်ဘဝကပင် နန်းတွင်းသို့ ရောက်ရှိနေပေရာ နန်းခလေ့ထုံးစံများကို ရင်းနှီး ကျွမ်းဝင်နေလေ၏။ သူတို့က ပုဂံနန်းတွင်းသူ နန်းတွင်းသားများနှင့်မခြား ယဉ်ကျေးသိမ်မွေ့ကြသည်။

ရွှေဖျင်းညီနောင်တို့သည် နန်းတွင်း၌ ကြီးပြင်းလာခဲ့ကြသည့်အလျောက် မိမိတို့ဘဝဇာတ်ကြောင်းကိုပင် ကောင်းစွာမသိရှိကြတော့ပေ။ သူတို့က တောင်နန်းမတော် မိဖုရားကြီးအား မယ်တော်အရင်းကဲ့သို့ပင် မှတ်ထင်ကြ၏။ မင်းမြတ်အနော်ရထာကလည်း သားတော်ကလေးနှင့်မခြား အရေးပေးသည်။ တစ်ခါတစ်ရံ သားတော်စောလူးမင်းသားကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com

ရွှေဖျင်းညီနောင်တို့ ဆော့ကစားနေကြရာသို့ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် လာရောက်ကာ ဝမ်းသာအားရ ငေးမောကြည့်ရှုနေတတ်လေသည်။ တစ်ခါတစ်ရံ ဗျတ္တအကြောင်းစဉ်းစားမိသည့် အခါမျိုး၌ မင်းမြတ်အနော်ရထာ စိတ်မကောင်းဖြစ်ရပြန်သည်။ အကယ်၍ ဗျတ္တသည် မိမိအား အဖြစ်မှန်ကိုလျှောက်တင်ခဲ့ပါမူ ယခုကဲ့သို့ ဖြစ်ဖွယ်ရာမရှိပေ။ အမတ်မဟာဗိုလ်ကလည်း ဆိုးရွားလှသည်။ နောက်နောင် ဤသို့မဖြစ်စေရေးအတွက် မဟာဗိုလ်ကိုပင် အပြစ်ဒဏ်ပေးခဲ့ရသေးသည်။

ဘာပဲဖြစ်ဖြစ် ယခုဆိုလျှင် ပုဂံမင်းနေပြည်တော်ကြီး၏အနာဂတ်အတွက် မျှော်လင့်လို့ရနေပေပြီ။ ဘုရင်မင်းမြတ်အဖို့တွေးလိုက်တိုင်း ကြည်နူးမိ၏။ မိမိတွင် ကျန်စစ်သား၊ ငထွေရူးလုံးလက်ဖယ်နှင့် ညောင်ဦးဖီးဆိုသူ အမှုထမ်းကောင်းလေးဦးရှိနေပေပြီ။ ထို့ပြင် ဗျတ္တ၏သားငယ်ကလေးနှစ်ဦးဖြစ်သောရွှေဖျင်းကြီးနှင့် ရွှေဖျင်းငယ်လေးတို့သည်လည်း နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် အသုံးတည့်လာမှာ အမှန်ပင်ဖြစ်သည်။ သူတို့က ငယ်ရွယ်စဉ်ကပင် ဖွဲ့လုံ့လဝီရိယရှိသည်။ အရွယ်နှင့်မလိုက်အောင် လျင်မြန်ဖျတ်လတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေဖျင်းကြီးနှင့် ရွှေဖျင်းလေးတို့မှာ ယခုအခါ အသက်ငါးနှစ်ကျော်ခြောက်နှစ်သားအရွယ်များသို့ ရောက်ရှိကြလေပြီ။ သူတို့၏ အမျိုးဇာတ်က တိုင်းတစ်ပါးသား အယူတစ်ခြားဖြစ်ကြသော်လည်း သူတို့ကိုမူ မိဘဘိုးဘွားများကဲ့သို့ အယူလွဲစေ၍ မဖြစ်။ သူတို့ကို သားတော်ကလေးနှင့်အတူ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတစ်ပါးပါးထံ အပ်နှံရလျှင် ကောင်းမည်လော။ သို့ဆိုပါမူ မိမိကိုယ်တော်တိုင် ခွင့်ပြုထားသည့် လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုကို ပိတ်ပင်တားမြစ်ရာ ရောက်နိုင်သလော။ မင်းမြတ်အနော်ရထာအနေဖြင့် ရွှေဖျင်းကြီး၊ ရွှေဖျင်းငယ်တို့၏ အနာဂတ်အရေးအတွက် ကြိုတင်ပူပန်နေမိသည်။

တောင်နန်းမတော် မိဖုရားကြီးကမူ သူတို့၏ မျိုးဇာတ်မူလက မည်သို့ပင်ဖြစ်ပါစေ၊ ယခုအခါ ပုဂံမင်းနေပြည်တော်၌ ကြီးပြင်းလာရသူများပီပီ ဗုဒ္ဓဘာသာအယူကိုသာ ယူစေသင့်သည်ဆို၏။ နောက်ဆုံးဘုရင်မင်းမြတ်လတ်တလောအားဖြင့် ဝေခွဲ၍မရသည့်အလျောက် ဤကိစ္စနှင့် စပ်လျဉ်း၍ ဆက်လက်မစဉ်းစားဖြစ်တော့။ ကျွန်စ်သားကမူ ကလေးများအား ငယ်စဉ်ကပင်သူတို့ အသက်အရွယ်နှင့် သင့်တင့်လျောက်ပတ်သော အတတ်ပညာတို့ကို သင်ယူနေစေပေသည်။ ရွှေဖျင်းကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com

ရွှေဖျင်းလေးတို့ကလည်း ငယ်စဉ်ကတည်းကပင် ဇွဲလုံ့လဝီရိယ ရှိကြသူများဖြစ်သည့်အားလျော်စွာ ခါးခုတ်၊ လှံထိုးအတတ်တို့အား အခြေခံမှအစ ကျွမ်းကျင်နိုင်နင်းစွာ တတ်မြောက်နိုင်ရန် လေ့လာသင်ယူကြ၏။

•

ဘုရင်မင်းမြတ်အဖို့ အမှုထမ်းကောင်းလေးဦးနှင့် ရွှေဖျင်းညီနောင်တို့အား ကြည့်၍ ကျေနပ်နှစ်သိမ့်နေလေသည်။ နောင်သားတော်ဘုရင်လက်ထက်တွင်လည်း ပြည်ပရန်အပေါင်းကို ဤအမှုထမ်းကောင်းများအားကိုးနှင့် တွန်းလှန်ချေမှုန်း တိုက်ခိုက်နိုင်မည်မှာ မုချပင်ဖြစ်ပေသည်။





www.burmeseclassic.com

www.burmeseclassic.com

# သူရဲကောင်းတို့ တိုင်းပြည်



www.burmeseclassic.com

www.burmeseclassic.com

## ၈။ သူရဲကောင်းတို့တိုင်းပြည်

ပုဂံမင်းနေပြည်တော်သို့ သုဝဏ္ဏဘူမိမှ သံဃာတော်တစ်ပါး ကြွရောက်လာကြောင်း ဘုရင်မင်းမြတ်သတင်းစကားကြားသိရ၏။ မေးမြန်းစုံစမ်းတော့ ဆရာတော်၏ ဘွဲ့အမည်မှာ ရှင်အရဟံဖြစ်ကြောင်း သိရှိရလေသည်။ ရှင်အရဟံသည် ထေရဝါဒဗုဒ္ဓဘာသာကို ပြန့်ပွားအောင်ကြံဆောင်နေသော ဆရာတော်ဖြစ်၏။ သုဝဏ္ဏဘူမိ သထုံဘုရင်သည် ဘာသာရေးကိုအားမပေးသော ဘုရင်မို့ ယခုကဲ့သို့ ပုဂံသို့ကြွရောက် နိုလုံ့လာခြင်းပေလော။ သို့တည်းမဟုတ် သာမန်အာဂန္တုမျှသာဖြစ်လေသလော။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင်က ပုဂံမင်းနေပြည်တော်တွင် လွတ်လပ်စွာကိုးကွယ် ယုံကြည်ခွင့်ပြုထားပေရာ ရှင်အရဟံသည် သံဃာဂိုဏ်း တစ်ဂိုဏ်းမှဖြစ်ပြီး သာသနာပြုရန် ကြွရောက်လာခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

များမကြာမီ သုဝဏ္ဏဘူမိမှ ဆရာတော်တစ်ရ ထပ်မံရောက်ရှိလာပြန်သည်။ သူတို့ သထုံပြည်တွင် ကြွမ်းစစ်သည်တွေ မကြာခဏဝင်ရောက်နှောက်ယှက်နေသည်။ ကြွမ်းတို့ကား မိစ္ဆာဒိဋ္ဌိများ ဖြစ်ကြသည်။ ကြွမ်းတို့သည် နတ်နင်းကိုး

www.burmeseclassic.com

ကွယ်၍ နောင်ဘဝကို မယုံကြည်ကြသူများ ဖြစ်သည်။ ယခု ကဲ့သို့ သုဝဏ္ဏဘူမိ၌ အင်အားချိနဲ့နေချိန်တွင် ကြွမ်းတို့ပို၍ ဝင်ရောက်နှောက် ယှက်ရန် လွယ်ကူနေပေသည်။ ကြွမ်းတို့၏ အကြီးအမှူးဖြစ်သော ခမာဘုရင် သူရိယဝါရမန်သည် သထုံ အား နှစ်ပေါင်းများစွာ အနှောက်အယှက်ပေးခဲ့သူဖြစ်၏။

သူရိယဝါရမန်၏ လက်ချက်ကြောင့် သထုံတွင် ဒေသခံ ဘိုင်းရင်းသားအချို့ ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ကြရသည်။ သူရိယဝါရမန်သည် သုဝဏ္ဏဘူမိခေါ် သထုံကိုသာ တိုက်ခိုက် ခဲ့သည်မဟုတ်။ ဒွါရာဝတီနိုင်ငံတော်ကိုလည်း တိုက်ခိုက်ဖျက် ဆီးခဲ့သေး၏။ သူရိယဝါရမန် ကြွမ်းတို့၏ ခမာနိုင်ငံတွင် ထီးနန်း စိုးစံခဲ့သည်မှာ အနှစ်လေးဆယ်ကျော်ပြီ ဖြစ်သည်။ သူရိယဝါရ မန်က နန်းသက်ရှည်သလောက် တိုင်းပြည်အပေါ်တွင်လည်း ဩဇာညောင်း၏။ သူတို့က မြဟ္မာဏ ဝါဒကိုးကွယ်သူများမို့ ဗုဒ္ဓဘာသာကို မလိုလား။ မိမိအနီးဝန်းကျင် ဗုဒ္ဓဘာသာနိုင်ငံ များကိုလည်း ပျက်စီးရာ ပျက်စီးကြောင်း အမြဲနှောက်ယှက် တိုက်ခိုက်လေ့ရှိလေသည်။ သို့ဖြင့် သုဝဏ္ဏဘူမိကို အကြိမ်ကြိမ် နှောက်ယှက်နေတော့၏။

သူရိယဝါရမန်မင်းသည် ဒွါရာဝတီနိုင်ငံတော်ကို အောင်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ပြီးနောက် ဝင်းမယ်အနီးရှိ ဟာရီဘုဋ္ဌကို ကိုယ်တိုင်တိုက်ခိုက် သိမ်းပိုက်နိုင်ရန် ကြိုးပမ်းခဲ့ကြပြန်၏။ သို့သော် ဟာရီဘုဋ္ဌကတော့ ညီညွတ်မှုရှိသည်။ အင်အားတောင့်တင်းသည်။ ကျူးကျော် တိုက်ခိုက်လာသူ ခမာတို့အား ရရာလက်နက်စွဲကိုင်လျက် ရှတ်ရှတ်ချွံချွံ တွန်းလှန်တိုက်ခိုက်သည်။ နောက်ဆုံးခမာများ ဟာရီဘုဋ္ဌကို တိုက်ခိုက်သိမ်းပိုက်ရန် အစီအစဉ်အား လက် လျှော့ လိုက်ရသည်။ ဟာရီဘုဋ္ဌကို တိုက်ခိုက်ရန် ကြိုးပမ်းမှု မအောင် မြင်သောအခါ သုဝဏ္ဏဘူမိခေါ် သုဓမ္မဝတီခေါ် သထုံသို့ ခြေဦး လှည့်လာကြပြန်၏။

သထုံတွင် ထီးနန်းစိုးစံလျက်ရှိသော မနုဟာမင်းသည် မိမိလက်အောက်ခံ နယ်စားပယ်စားများ၏ ယုံကြည်ကိုးစားခြင်း ကိုခံရသူမဟုတ်ပေ။ နယ်စားပယ်စားများသည် မနုဟာမင်း၏ အုပ်ချုပ်ရေး ပျော့ညံ့မှုကို အခွင့်ကောင်းယူကာ မကြာခဏ ပုန်ကန်ခြားနားလေ့ရှိကြ၏။ သို့ကြောင့်လည်း မကြာခဏဆို သကဲ့သို့ မနုဟာမင်း၏ စစ်သည်များလက်အောက်ခံ ခေါင်း ဆောင် မြို့စားနယ်စားတို့ကို သွားရောက်တိုက်ခိုက် နေရလေ သည်။ ပုန်ကန်ထကြွမှုများမှာလည်း အဆုံးသတ်သည်ဟူ၍ မရှိ။ တစ်နယ်နှင့် တစ်နယ် ဆက်စပ်နေပေသည်။ မနုဟာမင်း

www.burmeseclassic.com

သည် နိုင်ငံတော်အတွင်း စစ်မီးပွားနေမှုကို မလိုလားသည့် အလျောက် ရှင်းလင်းနှိမ်နင်းနေရ၏။

မကြာခဏစစ်မက်ဖြစ်ပွားတော့ ရဟန်းသံဃာများလည်း ဓမ္မရှုရ ဝိပဿနာရှုရများကို မကျင့်ကြံနိုင်တော့။ ဤသို့ဖြင့် ရဟန်းသံဃာအချို့ သီဟိုဠ် (သီရိလင်္ကာ) ဘက်သို့ ကူးသွားကြသည်။ အချို့ကလည်း ဗုဒ္ဓဘာသာ သာသနာထွန်းကား ပျံ့ပွားရာ ပုဂံမင်းနေပြည်တော်သို့ ပြောင်းရွှေ့သွားကြ၏။ ယင်းသို့ ပြောင်းရွှေ့သွားကြသည့် ရဟန်းသံဃာများထဲ၌ ရှင်အရဟံ တစ်ပါးလည်း အပါအဝင်ဖြစ်ပါသည်။ ရှင်အရဟံသည် မူလက သီဟိုဠ် (သီရိလင်္ကာ) သို့သွားရောက်ရန် ကြံစည်သေး၏။ သို့သော် ဣတ်တလောအားဖြင့် ပုဂံသို့ ဦးစွာသွားရောက်ခြင်းက လမ်းခရီး အခက်ပြေ၍ လွယ်ကူပေသည်။

အရှင်အရဟံသည် နောက်ဆုံးပုဂံသို့သွားရောက်မည်ဟု ဆုံးဖြတ်ကာ သုဓမ္မဝတီမှတစ်ဆင့် ဒဂုန်မြို့သို့လည်းကောင်း။ ထိုမှတစ်ဆင့် ပုဂံမင်းနေပြည်တော်သို့လည်းကောင်း ကြွရောက်လာလေသည်။ ကျန်ရဟန်းတော်များမှာလည်း ကစဥ့်ကလျား နှင့် ပရမ်းပတာဖြစ်ကုန်၏။ ပြဟ္မဏဘာသာဝင် ခမာစစ်သည် တို့က သထုံရှိ ဗုဒ္ဓဘာသာဝင်အများကို သူတို့အယူဝါဒများ



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲ ကိုးကွယ်စေရန် မြဟ္မဏဘာသာဝင်အဖြစ် အခမ္မ သွတ်သွင်း၏။ ဗုဒ္ဓဘာသာ ကျောင်းကန်ဘုရားများကိုလည်း ဖျက်ဆီးပစ်သည်။ ဗုဒ္ဓဘာသာ ရဟန်းများကိုလည်း အကြောင်း အမျိုးမျိုးပြကာ ဖမ်းဆီးသည်။

သူရိယဝါရမန်ဘုရင်သည် အနော်ရထာမင်းမြတ် နန်း တက်ပြီး ငါးနှစ်အကြာ၌ပင် နတ်ရွာစံသွားပါသည်။ သို့သော် သူရိယဝါရမန်ကို ဆက်ခံသည့်သားတော် ဘုရင်လက်ထက် တွင်လည်း သထုံကို တိုက်ခိုက်မြဲတိုက်ခိုက်လေသည်။ ခမာ ဘုရင်သစ်သည် သထုံကို သစ္စာပေးလျက် သူ၏လက်အောက် ခံ နိုင်ငံဖြစ်လာရေးအတွက် ကြိုးပမ်း၏။ သို့သော် သထုံဘုရင် မနုဟာက လက်ခံခြင်းမပြုခဲ့ပေ။ မနုဟာသည် သူတစ်လူ ငါတစ်မင်းဖြစ်နေသော လက်အောက်ခံနယ်စားပယ်စားများအား ထိန်းကွပ် အုပ်ချုပ်ရင်းတစ်ဘက်မှလည်း ခမာတို့၏ ခြိမ်း ခြောက်မှုရန်ကို ခံနေရလေသည်။

ခမာဘုရင်ကလေးသည် သထုံကိုသိမ်းပိုက်ရန် အခမ္မ ကြံစည်လာသောအခါ မနုဟာကပုဂံဘုရင်ထံ စစ်ကူတောင်းခံ ရတော့၏။ ပုဂံဘုရင်က သထုံမှ ကြွရောက်လာကြသူ ရှင် အရဟံနှင့် သံဃာအများတို့နှင့် တိုင်ပင်ဆွေးနွေးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

မနုဟာမင်းသည် မင်းကောင်းမင်းမြတ် ဖြစ်သော်လည်း လက်အောက်ခံ မြို့စားနယ်စားများကို အုပ်ချုပ်ရာ၌မူ အားနည်းချက်ရှိ၏။ သို့ကြောင့်လည်း လက်အောက်ခံတို့က ပုန်ကန်ခြားနားနေကြခြင်းဖြစ်လေသည်။ ရှင်အရဟံ၏ အဆိုအရ မနုဟာမင်းတွင် ပိဋကတ်တော် ရေးကူးပြီး ပေအစုံ သုံးဆယ်လည်းရှိနေသည်။ မိစ္ဆာမျိုးခြား ခမာများက သုဓမ္မဝတီကိုသာ သိမ်းပိုက်မိခဲ့ပါမူ ယင်း ပိဋကတ်တော်ပေစာများကို ဖျက်ဆီးပစ်မည်မှာ မလွဲပင်။ ပိဋကတ်တော်များ ပျက်စီးသွားမည်ကိုတော့ ရှင်အရဟံ အမှန်ပင် စိုးရိမ်မိ၏။

အနော်ရထာမင်းမြတ်သည် ရှင်အရဟံနှင့်တကွ သထုံမှ
ပြောင်းရွှေ့လာကြသူ ရဟန်းသံဃာအများနှင့် တိုင်ပင်လျှောက်
ထားပြီးသောအခါ သထုံကို စစ်ကူပေးရန် ဆုံးဖြတ်လိုက်တော့
၈ ၏။ အထူးသဖြင့် သထုံကဲ့သို့သော ဗုဒ္ဓဘာသာနိုင်ငံတော်ကို
ဗြဟ္မဏ အယူဝါဒ လွှမ်းမိုးမခံနိုင်ပေ။ သထုံဘုရင် မနုဟာမင်း
ကိုယ်တိုင်က တလေးတစား စစ်ကူတောင်းခံလာတော့ မင်းမြတ်
အနော်ရထာအနေဖြင့် လက်ပိုက် ကြည့်မနေနိုင်တော့။ သထုံ
ကို ခမာစစ်သည်တို့ ဝိုင်းရံလျက်ရှိပြီဆို၏။ ခမာဘုရင်သစ်
သူရိယဝါရမန်၏ သားတော်သည် လက်ရဲဇက်ရဲရှိသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ဖခင်လက်ထက်က မအောင်မြင်ခဲ့သည့် ဟရိ ဘုဋ္ဌကို သူကအမိ အရထိန်းချုပ်နိုင်ဖို့ ကြိုးစားသည်။

အနော်ရထာမင်းနန်းတက်ပြီး (၁၃) နှစ်အကြာ မြန်မာသက္ကရာဇ် (၄၁၉) ခု တွင်ပင် အနော်ရထာ မင်းမြတ်ကိုယ်တိုင် ဦးဆောင်လျက် သုဝဏ္ဏဘူမိသို့ စစ်ချီလေတော့၏။ ဘုရင်မင်းမြတ်နှင့်အတူ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်နှင့် ညောင်ဦးဖီးအမည်ရှိ သူရဲကောင်းလေးဦးတို့ လိုက်ပါကြသည်။ ကျန်စစ်သားသည် နှလုံးကွန့်ခေါင်အမည်ရှိ မြင်းကြီးကိုလည်းကောင်း၊ ငထွေရူးသည် နှလုံးလျှင်တိုင်း ဟူသော အမည်ရှိ မြင်းကြီးကိုလည်းကောင်း၊ ငလုံးလက်ဖယ်သည် လေမိုးယဉ်ခေါင်အမည်ရှိ မြင်းကြီးကိုလည်းကောင်း၊ ညောင်ဦးဖီးသည် နှလုံးအတုမရှိဟူသော မြင်းကြီးကိုလည်းကောင်း စီးနင်း၍ လိုက်ပါကြ၏။

ဘုရင်မင်းမြတ်အနော်ရထာမှာမူ ခန္တီကလက်လှအမည်ရှိ နတ်မြင်းညိုကြီးကို စီးနင်းကာ တပ်မကို ကွပ်ကဲလျက် ချီတက်လေသည်။ ပုဂံသူရဲကောင်းလေးဦးမှာမူ တပ်ဦးမှချီတက်ကြ၏။ သထုံသို့ချီရာတွင် ကြည်းကြောင်း၊ ရေကြောင်းဖြင့် စစ်နှစ်ကြောင်း ချီတက်တိုက်ခိုက်ပေရာ စစ်သည်အင်အားမှာလည်း

www.burmeseclassic.com

အလျှံများပြားလှပေသည်။ ကြည်းကြောင်းမှ ဆင်တပ်၊ မြင်းတပ်များ ပါဝင်သကဲ့သို့ ရေကြောင်းမှလည်း လှေတပ်စုများလိုက်ပါခဲ့ကြသည်။ ခမာဘုရင်၏ စစ်သည်များသည် သထုံမြို့ကိုဝန်းရံထားရာမှ အနော်ရထာ၏တပ်များ သထုံသို့ ချီတက်လာပြီ ဖြစ်ကြောင်း ကြားသိရသောအခါ အလျှံတုန်လှုပ်သွား၏။

အထူးသဖြင့် ပုဂံဘုရင်မင်းမြတ်ကိုယ်တိုင် သူရဲကောင်းလေးဦးနှင့်အတူ ကြည်းတပ်၊ ရေတပ်ကိုအုပ်ချုပ်လျက် အင်အားအလုံးအရင်းနှင့် ချီတက်လာကြောင်း ကြားသိရသဖြင့် ပြန်လည် ခုခံတိုက်ခိုက်ရန် သင့်မသင့်ကို စဉ်းစား ဆင်ခြင်ရတော့၏။ မြို့တွင်း၌ မြို့တံခါးများအလုံပိတ်ဆို့လျက် ခုခံတိုက်ခိုက်နေရသည့် သထုံဘုရင် မနုဟာမင်းမှာမူ စစ်ကူတပ်များ ချီတက်လာပြီဖြစ်ကြောင်း ကြားသိရသောအခါ များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေတော့၏။ တစ်ဘက်မှလည်း ပုဂံစစ်သည်များ ခမာတို့နှင့် တိုက်ခိုက်စဉ် မိမိတို့ တပ်များအနေဖြင့် မည်သို့မည်ပုံ ကူညီတိုက်ခိုက်ရမည်ကို စီမံနေလေသည်။

ပုဂံတပ်များ သထုံသို့ရောက်ရှိသည်နှင့် မြို့ရိုးကိုရံထားသည့် ကြွမ်းဘုရင်၏ ခမာစစ်သည်များနှင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားလေတော့သည်။ ပုဂံသူရဲကောင်းများဖြစ်ကြသော



www.burmeseclassic.com

www.burmeseclassic.com

ကျန်စစ်သား၊ ငထွေရူး၊ လေးလက်ဖယ်နှင့် ညောင်ဦးဖီး တို့ကလည်း မြင်းတပ်၊ ဆင်တပ်တို့ကို စီမံအုပ်ချုပ်လျက် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ကြ၏။ သထုံဘုရင် မနုဟာ၏ တပ်များကလည်း မြို့တံခါးကိုဖွင့်ကာ ပုဂံတပ်များနှင့် ရန်သူကို ညှပ်ပူးညှပ်ပိတ်ပြုကာ တိုက်ခိုက်လေသည်။ ဤသို့ဖြင့် ခမာ စစ်သည်အမြောက်အများ ကျဆုံးလျက် နောက်ဆုံးတွင် ခမာ တပ်များ ပုဂံဘုရင်အနော်ရထာထံ လက်နက်ချ အညံ့ခံရတော့ သည်။

မင်းမြတ်အနော်ရထာသည် မိမိထံအညံ့ခံလာသော ခမာ စစ်သည်များအား တစ်ယောက်မကျန် လိုက်လံဖမ်းဆီးစေ၏။ ထို့နောက် သူတို့၏ လက်တွင်းမှ ဓါး၊ လှံ၊ လက်နက်တို့ကို သိမ်းပိုက်သည်။ ဖမ်းဆီးရသမျှ သုံ့ပန်းတို့ကိုလည်း သထုံမြို့ ပြင်၌ ယာယီတဲများဆောက်လုပ်ကာ စနစ်တကျ ထိန်း သိမ်းထားရှိ၏။ ပြီးစီးသောအခါ သထုံဘုရင်မနုဟာအား မင်းမြတ် အနော်ရထာက သုဝဏ္ဏဝတီနန်းတွင်း၌ သွားရောက် တွေ့ဆုံ၏။ မနုဟာမင်းမှာ နောင်တော်အနော်ရထာမင်းမြတ် အား ကျေးဇူးတင်မဆုံးရှိနေလေသည်။ အနော်ရထာမင်းမြတ် နှင့် တွေ့ဆုံရာတွင် မိမိအနေဖြင့် လက်ဆောင်ခံမြို့စား ရွာစား


www.burmeseclassic.com

www.burmeseclassic.com

များက ကျိုးနွံမှုမရှိသည့်အတွက် တိုက်ခိုက်နှိမ်နင်းနေ ရပါ ကြောင်းကိုလည်း မနုဟာက ဆိုပေသည်။

နောက်ဆုံး အနော်ရထာမင်းမြတ်က အကောင်းဆုံးသော အစီအစဉ်တစ်ရပ်ကို ချမှတ်လေသည်။ မနုဟာမင်း အုပ်ချုပ်နေ သရွေ့ ခမာတို့၏ရန်ကာမဒေအး။ အထူးသဖြင့် လက်အောက် မြို့စား နယ်စားများ မကျိုးမနွံရှိနေချိန်တွင် ပိုမိုလာရောက် တိုက်ခိုက်ကြသည်မှာမလွဲ ဖြစ်သည်။ မြဟ္မဏအယူရှိသူတို့ သထုံကို လွှမ်းမိုးသွားပါမူ စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာမှာ မေးမှိန် ပျောက်ကွယ်သွားပေလိမ့်မည်။ ထို့ကြောင့် အခိုက် အတန့်အားဖြင့် သုဓမ္မဝတီခေါ် သုဝဏ္ဏဘူမိခေါ် သထုံမြေကို ပုဂံမှ တိုက်ရိုက် အုပ်ချုပ်ထားခြင်းက ကောင်းမွန်ပေလိမ့်မည်။ မနုဟာမင်းသည် နောင်တော်အနော်ရထာ၏ အံဆိုအမိန့်ကို အကြွင်းမဲ့ထောက်ခံ၏။ မိမိ၏အခြေအနေမှန်ကို မိမိသာလျှင် သိပါ၏။ ပိဋကတ်တော်များ ခမာတို့လက်တွင်းသို့ ရောက်ရှိသွား လျှင် မီးရှို့ဖျက်ဆီးခံရမည်မှာ အမှန်ပင်ဖြစ်သည်။ သို့ဖြစ်၍ လတ်တလောအားဖြင့် သထုံကိုပုဂံမှ တိုက်ရိုက်အုပ်ချုပ်စေရုံမျှ မက ပိဋကတ်သုံးပုံ ပေစာအစုံသုံးဆယ်ကိုလည်း ပုဂံသို့ ပြောင်း ရွှေ့သိမ်းဆည်းထားခြင်းက ပိုမိုသင့်မြတ်ပေလိမ့်မည်။ ဒို့မှသာ



www.burmeseclassic.com

www.burmeseclassic.com

သာသနာတော်၏အနာဂတ်အတွက်လည်း စိတ်ချရပေလိမ့်မည်။

နောက်ဆုံး အနော်ရထာမင်းမြတ်၏ အကြံပြုချက်အရ မနူဟာမင်းပါ ပုဂံမင်းနေပြည်တော်သို့ လိုက်ပါနေထိုင်မည် ဖြစ်သည်။ မနူဟာမင်းအနေဖြင့် သထုံတွင် ဆက်လက်စိုးစံ နေပါက ခမာဘုရင်၏ ဘက်တော်သားများ ထပ်မံလာရောက် နှောက်ယှက် အသက်ကိုရန်ရှာကြလိမ့်မည်မှာ မလွဲပင်။ သူတို့က မိစ္ဆာမျိုးခြားမို့ ဗုဒ္ဓဘာသာထွန်းကားစည်ပင်ရာ နိုင်ငံတော်ဟူသမျှကို ချေမှုန်းတိုက်ခိုက်ဖျက်ဆီးပစ်ကြမည်မှာ အမှန်ပင်ဖြစ်ပေသည်။ မနူဟာမင်း ပုဂံမင်းနေပြည်တော်သို့ ပြောင်းရွှေ့ လိုက်ပါသွားလျှင် သထုံကို ယာယီအားဖြင့် မည်သူက အုပ်ချုပ် စိုးစံမည်နည်း။

မနူဟာမင်းက မိမိနှင့် နင်္ဂလဒေဝီမိဖုရားတို့မှ ဖွားမြင်သူ သားတော်ကြီး သီဟကုမ္မာရကို သထုံထီးနန်း၌ ဆက်လက်ထား ရှိ စေလိုသည်။ မင်းမြတ်အနော်ရထာက မည်သူ့ကိုမဆို ထီးမွေ နန်းမွေထားရှိနိုင်ကြောင်း။ ပုဂံနေပြည်တော်မှ ပါလာသည့် ရဲမက် စစ်သည်တို့က သထုံကို ကြွမ်းတို့အန္တရာယ်မှ စောင့်ရှောက် ပေးထားမည်ဖြစ်ကြောင်း မိန့်ဆိုပါသည်။ ထို့အတူ ဝိဋူကာတ်



www.burmeseclassic.com

www.burmeseclassic.com

အစုံသုံးဆယ်ကို ဆင်တော်များနှင့် ပုဂံသို့ ဆောင်ယူ လျက် ပိဋကတ်တိုက် ဆောက်လုပ်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း။ ခမာသံ့ပန်းများကိုတော့ အားလုံးဖမ်းဆီး ခေါ်ဆောင်သွားမည် ဖြစ်ကြောင်းကိုလည်း မိန့်ဆိုခဲ့၏။

ဤတွင် ပုဂံသူရဲကောင်းကျန်စစ်သားက သံ့ပန်းများကို ပုဂံအထိခေါ်ဆောင်မသွားဘဲ ဒလလယ်မြိုင်၌ နေရာချထားပေးလျှင် ကောင်းမည်ဟု အကြံပြု၏။ ကျန်စစ်သား၏အကြံအစည် ကို မင်းမြတ်အနော်ရထာက သဘောတူညီသည်။ သို့ဖြင့် အမတ်ကြီး သိယံပတော့ဦးဆောင်လျက် ခမာသံ့ပန်းများကို ခေါ်ဆောင်သွားလေသည်။ ယင်းသို့ခေါ်ဆောင်သွားစဉ်အတွင်း ခမာစစ်သည်အချို့မှာ ထွက်ပြေးလွတ်မြောက်သွားကြသည် ဟုလည်း ဆိုပါသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အမတ်ကြီး သိယံပတော့ပင် ဘုရင်မင်းမြတ်၏ အမျက်ဒေါသထွက်ခြင်းကို ခံရပါသေးသည်။

အနော်ရထာမင်းစော သထုံမှ ထွက်ခွာမည့်နေ့တွင် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်နှင့် ညောင်ဦးဖီး သူရဲကောင်း လေးဦးတို့က ရှေ့မှမြင်းဖြင့် ချီတက်ကြ၏။ သို့ နောက် ပိဋကတ်တော်အစုံသုံးဆယ်ကို ဆင်ဖြူတော်သုံးဆယ်



www.burmeseclassic.com

www.burmeseclassic.com

နှစ်စင်းဖြင့် တင်ဆောင်သည်။ ပြီးလျှင် နောက်မှ ပုဂံရွှေနန်းရှင် အနော်ရထာမင်းမြတ်နှင့် မနူဟာမင်းတို့ သားအဖ ဆင်တစ်စင်းတည်း စီးနင်းလိုက်ပါကြ၏။ မနူဟာမင်း၏ မိဖုရား နဂ်လဒေဝီနှင့် ရံရွေတော်တို့က ဝေါတော်ဖြင့် စီးနင်းလိုက် ပါကြသည်။ ထို့နောက် မနူဟာမင်း၏ မှူးမတ်အချို့လည်း ဝေါစီး၍လည်း ကောင်း၊ မြင်းစီး၍လည်းကောင်း စီးနင်းလိုက်ပါကြ၏။

မနူဟာမင်း၏ သားတော်နှစ်ပါးရှိသည့်အနက် သားတော်ကြီး သီဟကုမ္မာရမှာ သထုံမြို့စောင့်အဖြစ် ကျန်ရစ်ကာ သားတော်ငယ်စိတ္တကုမ္မာရသာလျှင် ဖခမည်းတော်နှင့်အတူ ပုဂံမင်းနေပြည်တော်သို့ လိုက်ပါခဲ့လေသည်။ ပုဂံရောက်တော့ မင်းမြတ်အနော်ရထာက သထုံဘုရင်မနူဟာမင်း၊ မိဖုရား နဂ်လဒေဝီနှင့်တကွ သားတော်စိတ္တကုမ္မာရတို့ကို မိမိမင်းသားဘဝက ရှာစားအရာ ရရှိခဲ့ဘူးရာ အနုရာဓရွာ (ယခုမြင်းကပါ) တွင် စံအိမ်တော်ဆောက်လုပ်လျက် နေရာချထားပေး၏။ မနူဟာဘုရင့်စံအိမ်တော်အနီးဝန်းကျင်၌လည်း သုဓမ္မဝတီမှ လိုက်ပါလာကြသည့် မနူဟာဘုရင်၏ မှူးမတ်အရာရှိများ နေထိုင်ရန် အိမ်တော်များ ဆောက်လုပ်ပေးထားလေသည်။

မနူဟာမင်းသည် ပုဂံသို့ရောက်ရှိသောအခါ ရှေးမင်းများ


www.burmeseclassic.com

www.burmeseclassic.com

တည်ထားကိုးကွယ်ခဲ့ကြသော စေတီပုထိုးတို့ကို တွေ့ရှိဖူးမြော်ရပေရာ ကြည်ညိုသဒ္ဓါစိတ်ပွားများလျက် စေတီတော်တစ်ဆူတည်ထားကိုးကွယ်ရန် အကြံအစည်ပေါ်ပေါက်ခဲ့၏။ သို့ဖြင့်မိမိပိုင် မနောမယ ကျောက်မျက်ရွဲကို မြင်းကပါသူဌေးထံရောင်းချလျက် ငွေကြေးစုဆောင်း၏။ စုစုပေါင်းကျောက်မျက်ရွဲရတနာရောင်း ချရရှိငွေ အသသပြာမှာ လုည်းခြောက်စီးတိုက်ရလေသည်။ ထို့နောက် မနုဟာမင်းသည် မိမိ၏မှူးမတ်များအားဗိုင်းဝန်းကာ သီရိဖေယျာဘုံကုန်းနေရာကို ဝယ်ယူရှင်းလင်းစေသည်။ ပြီးနောက် ကုလားကျောင်းခံပေါ် ဥဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးကို ရည်ညွှန်းလျက် စေတီငယ်သုံးဆယ့်ခုနစ်ဆူကိုတည်သည်။ မနုဟာမင်းကိုယ်တော်တိုင် တည်ထားကိုးကွယ်ခဲ့သည့် ဤစေတီကို နောင် မနုဟာဘုရားဟု ခေါ်ဆိုကြ၏။

မင်းမြတ်အနော်ရထာသည် မနုဟာမင်းကို ပုဂံ၌ကောင်းမွန်စွာ စံနေစေလျက် ချီးမြှင့်မြောက်စားခဲ့သည်သာမက မနုဟာမင်း၏ သားတော် စိတ္တကုမ္မာရကိုလည်း သုဓမ္မရာဇာဘွဲ့ပေးအပ်ခဲ့ပေသေး၏။ ထို့အပြင် သထုံမှလိုက်ပါလာကြသည့် မနုဟာ၏မှူးမတ်အချို့ကိုလည်း နန်းတွင်းတွင် အရာရှိကြီးများအဖြစ်

www.burmeseclassic.com

ခန့်ထား သုကောင်းပြုခဲ့သေးသည်။ ထို့ပြင် သုရဲကောင်းလေးဦးဟု ထင်ရှားလာသည့် ကျွန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်နှင့် ညောင်ဦးဖီးတို့ကိုလည်း အထိုက်အလျောက် သုံ့ကောင်းပြုခဲ့၏။

မင်းမြတ်အနော်ရထာသည် သထုံမှ ပုဂံသို့ ပြန်လည်ရောက်ရှိလာသောအခါ ရှင်အရဟံမထေရ်မြတ်အား နန်းတွင်းသို့ ပင့်ဆောင်ကာ ပိဋကတ်တော်များကို သီဟိုဠ် (သီရိလင်္ကာ) မှရရှိသော ပိဋကတ်သုံးပုံနှင့် ညှိနှိုင်းစေခဲ့လေသည်။ ထို့နောက် ပိဋကတ်တော်များကို ထိန်းသိမ်းထားရှိရန် ပိဋကတ်တိုက် တစ်ဆောင်ကိုလည်း ဆောက်လုပ်သည်။ ထိုစဉ်က ပုဂံတစ်ပိုက်ရှိ သံဃာတော် သုံးထောင်ခန့်အား လည်း ပိဋကတ်သုံးပုံကို ဖြန့်ဝေလေ့လာစေခဲ့လေ၏။

ယခုအခါ နိုင်ငံတော်တောင်ဘက်မျက်နှာ သုဝဏ္ဏဘူမိကို ခမာခေါ် ကြွမ်းတို့ရန်မှ ကာကွယ်နိုင်ခဲ့လေပြီ။ သထုံဘုရင် မနုဟာမင်းအားလည်း အသက်အန္တရာယ်မှ ကာကွယ်နိုင်ခဲ့ပြီ ဖြစ်၏။ မင်းမြတ်အနော်ရထာက သထုံပြည်ကို ခမာတို့ အန္တရာယ်မှ ကာကွယ်နိုင်ခဲ့ခြင်းမှာ ပုဂံသုရဲကောင်းလေးဦး အပါအဝင် စစ်သည်ရဲမက်တို့၏ စွမ်းစွမ်းတမံ ဆောင်ရွက်တိုက်



www.burmeseclassic.com

www.burmeseclassic.com

နိုက်ခဲ့မှုကြောင့်ဖြစ်ကြောင်း မိန့်ဆိုပါသည်။ ပုဂံမင်းနေပြည်တော် အေးချမ်းသာယာလာသောအခါ မင်းမြတ်အနော်ရထာက ရောဝတီမြစ်ကမ်းဘေး၌ လောကနန္ဒာစေတီကို တည်ထား ကိုးကွယ်သည်။ လောကနန္ဒာသည် သီဟိုဠ်(သီရိလင်္ကာ) သင်္ဘောများဆိုက်ကပ်ရာ သင်္ဘောဆိပ်နေရာဖြစ်သည်။ စေတီ တော်ကို ဗှာပနာပြုတည်ထား ကိုးကွယ်စဉ် ပုဂံနန်းတွင်းမှ မြန်မာမှူးမတ်များသာမက မနုဟာမင်း၏ မှူးမတ်ပေါင်းများပါ တက်ရောက်ခဲ့ကြ၏။ ထို့အတူ ပုဂံသူရဲကောင်းလေးယောက် သည်လည်း လောကနန္ဒာစေတီတော် ဗှာပနာပြု အခမ်းအနားသို့ တက်ရောက်ခဲ့ကြသေး၏။ ယခုအခါ ပုဂံသူရဲကောင်းလေး ယောက်သာမက ဗျတ္တ၏သားများဖြစ်ကြသော ရွှေဖျဉ်းကြီးနှင့် ရွှေဖျဉ်းငယ်တို့သည်ပင် ဆယ်ကျော်သက်ရွယ် လူငယ်ကလေး များဖြစ်နေကြပေပြီ။ မဝေးတော့သောအနာဂတ်တွင် ပုဂံပြည်ကို သူရဲကောင်းတို့ တိုင်းပြည်ဟု ခေါ်ဝေါ်သမုတ်နိုင်ကြပေ တော့ မည်။ သူရဲကောင်းဟူသည် တိုင်းပြည်၏ ဆူးငြောင့်ခလုတ် ရန်စွယ်ဟူသမျှကို ဖယ်ရှားရှင်းလင်းပစ်နိုင်သူဖြစ်သည့် အ လျောက် သူရဲကောင်းတို့၏ တိုင်းပြည်သည်လည်း အေးချမ်းသာ ယာသော တိုင်းပြည်ပင်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

# စွယ်တော်ပင့်ခရီး



www.burmeseclassic.com

## ၉။ စွယ်တော်ပင့်ခရီး

ဗုဒ္ဓဘာသာကို ကြည်ညိုလေးစားသည့် သာသနာ့ဒါယကာ မင်းမြတ်အနော်ရထာအနေနှင့် တစ်ကြိမ်တစ်ခါတွင် ဂန္ဓာလရာဇ်တိုင်းဖြစ်သော တရုတ်ပြည်မှစွယ်တော်မြတ်တစ်ဆူကို ပင့်ဆောင်လိုသောဆန္ဒဖြစ်ပေါ်လာ၏။ ဂန္ဓာလရာဇ်ပြည်မှ စွယ်တော်မြတ်တစ်ဆူကို တရုတ်ဘုရင် ဥတည်တွားထံမှ တောင်းခံလျက် ပြည်သူ ပြည်သားအများအား ကိုးကွယ်ရာဖြစ်စေပါသော် သာသနာတော်မှာ အတိုင်းအထက် ထွန်းလင်းတောက်ပရာ၏ဟုလည်း စဉ်းစားမိ၏။ ဤသို့ဖြင့် အနော်ရထာမင်းမြတ်က သူ၏အကြံအစည်ကို သူရဲကောင်း ကျန်စစ်သားအား မိန့်ဆို တိုင်ပင်လေသည်။

ကျန်စစ်သားက မင်းမြတ်အနော်ရထာ၏ အကြံ အစည်မှာ သင့်မြတ်လှပါကြောင်း ပြန်လည်လျှောက်ထား၏။ သို့ဖြင့် တရုတ်ပြည် ယူနန်ပြည်နယ်သို့ ကြွရောက်လျက် စွယ်တော်တောင်းခံရန် စီမံကြတော့သည်။ ဤခရီးစဉ်တွင် စစ်သည်အင်အား အမြောက်အများလိုက်ပါကြရန် လိုအပ်၏။ ကြည်းကြောင်းမှ ဆင်တပ်၊ မြင်းတပ်တို့လိုက်ပါကြရမည် ဖြစ်သကဲ့သို့ ရေကြောင်း ခရီးမှလည်း အချို့တစ်ဖော်

www.burmeseclassic.com

www.burmeseclassic.com

သွားရောက်ကြဦးမည်။ အနော်ရထာမင်းကြီးသည်လည်း ကိုယ်တော်တိုင် ဆင်စီးလျက် လိုက်ပါမည်ဖြစ်ပါသည်။ စစ်သည်အင်အားက စုစုပေါင်း (၃) သိန်းခန့် ပါဝင်ပါသည်။ စစ်သည်ရဲမက်များအားလုံးကို သူရဲကောင်းလေးဦးတို့က အုပ်ချုပ်ကြရမည်ဖြစ်၏။

မင်းမြတ်အနော်ရထာဦးစီးသော မြန်မာ့တပ်မတော်ကြီးကို ခေါဘာဏီတပ်ကြီးဟု ခေါ်ဆိုကြသည်။ ခေါဘာဏီစစ်တပ်ဟူသည် စုစုပေါင်းအင်အား (၂)သိန်းကျော်ပါဝင်သောတပ်ဖြစ်၏။

| | | | |
|---|---|---|---|
| ဆင်တပ် | - | ၂၁၈၇၀ | ယောက် |
| မြင်းတပ် | - | ၆၅၆၁၀ | ယောက် |
| ရထားတပ် | - | ၈၇၄၀၀ | ယောက် |
| ကြည်းကြောင်း | - | ၁၀၉၃၅၀ | ယောက် |
| **စုစုပေါင်း** | **-** | **၂၈၄၂၃၀** | **ယောက်** |

ဟူ၍ ကျမ်းစာများ၌ တွေ့ရှိရသည်။ ခေါဘာဏီတပ်အတိုင်း အပြည့်အဝရှိခဲ့ပါမူ အနော်ရထာမင်း၏ စစ်သည်အင်အားက မနည်းလှ။



www.burmeseclassic.com

www.burmeseclassic.com

ဤတစ်ကြိမ်တွင် သူရဲကောင်းကျန်စစ်သားက လူလား မြောက်စအရွယ်ရောက်ပြီဖြစ်သော ရွှေဖျဉ်းကြီးနှင့် ရွှေဖျဉ်းငယ် တို့အား အတွေ့အကြုံရရှိစေရန် အတူတကွ ခေါ်ဆောင်သွား မည်ဖြစ်ကြောင်း ဘုရင်မင်းမြတ်အားလျှောက်ထားလာသည်။ အနော်ရထာမင်းမြတ်ကလည်း မိမိ၏ မွေးစားသားများသဖွယ် ဖြစ်သော ရွှေဖျဉ်းညီနောင်တို့အား ခေါ်ဆောင်သွားလိုကြောင်း လျှောက်ထားချက်ကို သဘောတူညီလေသည်။ ရွှေဖျဉ်း ညီနောင်မှာ ယခုအခါ အသက်တစ်ဆယ့်သုံးနှစ်အရွယ် ခန့်ရှိကြပြီ ဖြစ်ပြီး ဓါးခုတ်၊ လှံထိုး၊ မြင်းစီးမှအစ အတော် အတန် လေ့ကျင့်သင်ကြား တတ်မြောက်ခဲ့ကြပြီ ဖြစ်လေ သည်။ စစ်သည်ရဲမက် အင်အား အရံသင့်ဖြစ်တော့ သွား ရောက်ရာ လမ်းခရီးကို စဉ်းစားကြရသည်။ ဦးစွာ ပုဂံနေပြည် တော်မှဗန်းမော်သို့ ဆန်တက် ကြရမည်။ ပုဂံမင်းနေပြည်တော် နှင့် ဗန်းမော်မြို့မှာ ခရီး(၂၃) ယူဇနာနှင့် တာ(၅၀၀)ကွာဝေးပြီး တစ်လကျော်ကြာ ချီတက်သွားရောက်ကြရမည်ဖြစ်၏။ ပုဂံနေပြည်တော်ရှိ ပုဂံဈေးသို့ ဗန်းမော်မှတစ်ဆင့် တရုတ်ကုန် သည်များ လာရောက်ကာ ရောင်းဝယ်ဖောက်ကားကြ၏။ တရုတ်ကုန်သည်တို့သည် အများအားဖြင့် တရုတ်ပြည်ကြက်


www.burmeseclassic.com

www.burmeseclassic.com

ပိုးထည်၊ ဖဲထည်များ ကြွေထည်အိုးများကို လာရောက်ရောင်းချကြခြင်းဖြစ်၏။

ဗန်းမော်သို့အသွားခရီးကို ကျန်စစ်သားနှင့် ဒေသခံမွတ်ရှုတို့က တရုတ်ကုန်သည်များထံမှ စုံစမ်းလေ့လာသည်။ ကုန်သည်တစ်ဦးက သူတို့လာနေကြလမ်းကြောင်းဖြစ်ပြီး ပုဂံသို့ ရောက်ရန် (၃၂)ရက် ကြာမြင့်ကြောင်း ကျန်စစ်သားကို ပြောပြ၏။ ကျန်စစ်သားသည် အခြားတရုတ်ကုန်သည်များထံ ဗန်းမော်မှ တရုတ်ပြည်ဘက် ခရီးစဉ်ကို စုံစမ်းမေးမြန်းပြန်လေသည်။ ဗန်းမော်မှ ကိုင်ဖွန်မူးသို့သွားလျှင်ပင် တစ်လကျော် သွားရောက်ရမည်ဆို၏။ သို့ဆိုပါ က ပုဂံနေပြည်တော်မှဆိုလျှင် စုစုပေါင်း နှစ်လကျော်ကြာမြင့် ပေလိမ့်မည်။ ဤသည်ပင်လျှင် အသွားခရီးမျှသာရှိသေး၏။

ငလုံးလက်ဖယ်ကလည်း လမ်းခရီးတွင် ရိက္ခာရှာဖွေခြင်းနှင့် ချက်ပြုတ်စားသောက်ရန် လိုအပ်မည့်အချိန်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုသည်။ မှန်ပေသည်။ စစ်သည်အင်အား မြောက်များစွာပါဝင်သော တပ်မတော်ကြီးကို ဦးဆောင်ကာ ချီတက်သွားဖို့ရာအတွက် အချိန် ဤထက်ပို၍ယူရပေလိမ့်မည်။ ကျန်စစ်သားသည် အဖက်ဖက်မှ



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားဆင်ခြင်ကာ တစ်နေ့လျှင် တစ်ယူဇနာသာ ခရီးပေါက်နိုင်ကြောင်း တွက်ချက်ပြ၏။ တရုတ်နယ်စပ်သို့ပင် နှစ်လခရီးခန့် သွားရမည်ဖြစ်သည်။ အကယ်၍ တရုတ်မင်းနေပြည်တော်သို့တိုင် သွားရောက်မည်ဆိုပါမူ ယူဇနာ (၁၅၀) ကျော် ကွာဝေးသည့်အားလျော်စွာ အချိန်များစွာကြာမြင့်ပေလိမ့်မည်။

ညောင်ဦးဖီးက ညောင်ဦးသို့ရောက်ရှိလာသမျှ တရုတ်ကုန်သည်တို့အား တရုတ်ပြည်မကြီးအကြောင်း လိုက်လံမေးမြန်းကြည့်သည်။ အချို့က ဗန်းမော်မြို့တွင် နေထိုင်ကြီးပြင်းကြသူများဖြစ်သည့်အလျောက် ပြည်မကြီးခရီးစဉ်ကို သိပ်မသိကြ။ အချို့ကလည်း ယူနန်နယ်စပ်မှလာကြသူများသာဖြစ်ပေရာ လမ်းခရီးကို အသေးစိတ်မပြောနိုင်ကြပေ။ ညောင်ဦးဖီးသည် လိုက်လံမေးမြန်းရင်း ကျစ်ဆံမြီး တစ်စကျစ်လျက် ဆေးတံသောက်နေသူ တရုတ်ကုန်သည်အဘိုးကြီးတစ်ဦးအား တွေ့မိလေသည်။

တရုတ်အဘိုးကြီးက ညောင်ဦးတွင် မြန်မာအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျနေသူမို့ မြန်မာဘာသာစကားကို ရေလည်စွာ ပြောဆိုတတ်လေသည်။ သူက လမ်းခရီးတွင် ကူးတို့ဖြတ်ကူးရန် မြစ်ကြောင်းများရှိသေးကြောင်း သတိပေးပြောကြား၏။



www.burmeseclassic.com

www.burmeseclassic.com

သံလွင်မြစ်၊ ဝုမ်းဟိုမြစ်၊ ရန်ဆီမြစ်၊ ဆီကိုင်းမြစ်စသည်ဖြင့် ရေ တွက်ပြသည်။ ယင်းမြစ်ကြီးများကို ကူးတို့ကူးရန်ပင် အချိန် လနှင့်ချီ၍ကြာနိုင်ကြောင်း ဆိုပါသည်။ သတင်းအချက်အလက် အားလုံး ရရှိလာသောအခါ သူရဲကောင်းလေးဦး ခေါင်းချင်းဆိုင် တိုင်ပင်ကြတော့၏။ ဘုရင်မင်းမြတ်ကို တရုတ်ပြည်သို့ ကြွရောက် မည့်အစီအစဉ်အား ပယ်ဖျက်နိုင်းမည်လော။

သူရဲကောင်းလေးဦးတို့သည် တရုတ်ပြည်လမ်းကြောင်းခရီး နှင့်ပတ်သက်၍ အသီးသီးစုံစမ်း တိုင်ပင်ဆွေးနွေးနေကြသော် လည်း သူတို့သွားရောက်စုံစမ်းသည့်အခါတိုင်း မည်သည့်ကိုမျှ စွယ်တော်ပင့်သွားရောက်မည်ဆိုခြင်းကို မပြောကြားခဲ့ပေ။ သို့ကြောင့်လည်း တရုတ်ကုန်သည်တို့က တရုတ်မင်း နေပြည် တော်အထိ ခရီးစဉ်ကို ရှင်းပြပြောကြားနေကြခြင်းဖြစ်ပေသည်။ မင်းနေပြည်တော်သို့ မကြာမီကမှ ရောက်ရှိကာ ပြန်လာခဲ့သူ တရုတ်ကုန်သည်တစ်ဦးကဆိုလျှင် လက်ရှိတရုတ်ကောရာင် တာ့ဆွန်းမင်းဆက်၏ စတုတ္ထမြောက်ဘုရင် ကျင်တာ့ဆွန်း အနေဖြင့် ပုဂံမင်းနေပြည်တော်မှ မင်းကောင်းမင်းမြတ် အနော် ရထာကဲ့သို့ပင် စိတ်နှလုံးများစွာ ကောင်းမွန်သူ ဖြစ်ကြောင်း ကျွန်စစ်သားအား ပြောပြ၏။



www.burmeseclassic.com

www.burmeseclassic.com

စင်စစ်အားဖြင့် ဗုဒ္ဓမြတ်စွာတော်မှာ တရုတ်မင်းနေပြည်တော်ကြီး၌ ကိန်းဝပ်စံပါယ်နေသည်မဟုတ်ပဲ နယ်ခြားဒေသယူနန်နယ်အတွင်း၌သာ ကိန်းဝပ်နေခြင်း ဖြစ်ပါသည်။ ဤသတင်းစကားကို ပြောပြမိန့်ဆိုသူကား ပုဂံသို့ကြွရောက်လာနိုက် ရှင်အရဟံထံသို့ လာရောက်ဖူးမြော် တွေ့ဆုံခဲ့သည့် တရုတ်ဘုန်းတော်ကြီး အရှင်ကျူးယန် ဖြစ်ပါသည်။ ကျန်စစ်သားသည် ဆရာတော်အရှင်ကျူးယန်အား တွေ့ခံ့ဖူးမြော် ဂါရဝပြုကာ မြတ်ဗုဒ္ဓစွယ်တော်အကြောင်း မေးမြန်းစုံစမ်းကြည့်၏။ ဤသို့ဖြင့် မင်းမြတ်အနော်ရထာ၏ စိတ်ကူးမှာ ဖြစ်နိုင်ဖွယ်ရှိကြောင်း တွေ့ရှိလာလေသည်။ မိမိတို့အနေဖြင့် ကျင်တော့ခွန်း ကောရာဇ်ထံ သဝဏ်လွှာပေးပို့ကာ ဦးစွာဆက်သွယ်သင့်သည်ဟု လည်း ထင်မြင်မိ၏။

မင်းမြတ်အနော်ရထာသည် ကျန်စစ်သားလျှောက်ထားလာသော တရုတ်ပြည်စွယ်တော်ပင့်ခရီးနှင့် ပတ်သက်သည့်အယူအဆ သဘောထားများကို အလေးအနက်စဉ်းစားဆင်ခြင်မိ၏။ အထူးသဖြင့် လမ်းခရီးတွင် ဆင်တပ်နှင့် မြင်းတပ်သား ဦးရေကို ပိုမိုထားရှိသင့်ပြီး ရထားတပ်ကိုမူ ရိက္ခာရာအဖွဲ့နှင့် ပူးပေါင်းထားရှိ ရန်ကိုလည်းသဘောပေါက်မိ၏။ သို့ဖြင့်

www.burmeseclassic.com

ကျန်စစ်သားအား တိုင်ပင်ကာ အသေးစိတ် အစီအစဉ်ရေးဆွဲတော့၏။ မိမိတို့နှင့်အတူ တရုတ်ဧရာဇ်ထံ ပေးပို့ရန် စာသဝဏ်ကိုလည်း ယူဆောင်သွားရပေမည်။

ပုဂံနေပြည်တော်မှစတင် ထွက်ခွာကြမည့်နေ့ရက်အတွက် ဟူးရားဖြူ၊ ဟူးရားညိုတို့က နေ့ကောင်းရက်သာ ရွေးချယ်ကြသည်။ ဟူးရားဖြူက ပြာသိုလပြည့်နေ့တွင် ထွက်ခွာလိုသည်။ ပြာသိုလပြည့်က ရက်ကောင်းရက်မြတ်ဖြစ်သည်။ သို့သော် ဟူးရားညိုက ဤအချက်ကိုလက်မခံ။ ပြာသိုလပြည့် နေ့သည် လမင်းပြည့်ပြည့်ဝဝ သာသောနေ့မို့ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည်မှာ မှန်၏။ သို့သော် ယခု စွယ်တော်ပင့်ကိစ္စမျိုးတွင် စမ်မက်ခင်း၍ ရယူမှသာ မိမိတို့ အလိုရှိရာကို ရရှိနိုင်မည့် ကိန်းခန်းမျိုးဖြစ်နေသည်။

ဟူးရားညို၏ အဆိုအရ ပြာသိုလဆုတ် (၄) ရက်နေ့က ပိုမိုသင့်တော်သည်။ ဘာသာရေးကိစ္စမို့ ကြိုပ်ကောင်း ကြိုပ်မြတ်များ ကောဇာအစီးအနင်းကျရောက်ရာနေ့ကို ဦးစားပေး ရွေးချယ်သင့်သည်ဟု အနော်ရထာမင်းထံ တင်ပြလျှောက်ထား၏။ သို့ဖြင့် ၄၂၉ ခု၊ ပြာသိုလဆုတ် (၄) ရက် နေ့တွင် ပုဂံနေပြည်တော်မှ တရုတ်ပြည်နယ်စပ်ဆီသို့ ချီတက်ထွက်ခွာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြလေသည်။

အနော်ရထာမင်းမြတ်၏ စွယ်တော်ပင့် သွားရောက်ရေး အစီအစဉ်မှာ ထူးခြားလှ၏။ အနော်ရထာမင်းမြတ်သည် ပထမဦးစွာ နန်းဦးစေတီငယ်ကို ပူဇော်ကန်တော့သည်။ ထို့နောက် ရှင်အရဟံ မထေရ်မြတ်ထံသို့ ဝင်ရောက်ဖူးမြော်ကာ ဆုံးမဩဝါဒ ခံယူ၏။ ထို့နောက်မှ စစ်ကြောင်းများ ထွက်ခွာ ကြခြင်း ဖြစ်လေသည်။ ဘုရင်မင်းမြတ်၏ အမိန့်တော်အရ ဗုံသံလွင်၊ အောင်စည်အောင် မောင်းများ ဆူညံညံ မတီး မှုတ်ရ။ ဤ ခရီးကား ဝင့်ဝင့်ထည်ထည် သွားလာရမည့်ခရီးမျိုး မဟုတ်ဟု ဘုရင်မင်းမြတ်က မိန့်ကြားတော်မူ၏။

ကျန်စစ်သားတို့ သူရဲကောင်းလေးဦးကမူ စိတ်ထဲမှ ကြိတ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြလေသည်။ မိမိတို့သည် ဘုရင် မင်းမြတ်အား သာမန်မင်းမှုထမ်းငယ်တစ်ဦးအသွင်ဖြင့် ကြိမ်ဖန်များစွာ ပြောဆိုဆက်ဆံခဲ့ရဖူးလေ၏။ ထိုအခါမျိုးနှင့် ဘုရင်မင်းတရားတွင် မာန်မာနဟူ၍ အလျဉ်းမရှိခဲ့။ ယခုလည်း ဘုရင်မင်းမြတ် ကိုယ်တော်တိုင်က အမိန့်တော်ရှိပေရာ များစွာ နှစ်ထောင်းအားရဖွယ်ဖြစ်ပါသည်။ ဗျတ္တ၏ သားများဖြစ်ကြ သော ရွှေဖျဉ်းညီနောင်မှာမူ ငယ်ရွယ်သူများ ဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com

အလျော့က် ဘဝအတွေ့အကြုံများစွာ မရှိကြသေးပေ။

ကျန်စစ်သားသည် တရုတ်ကုန်သည်တို့အား ခရီးလမ်းကြောင်းကို အသေအချာမေးမြန်းထားပြီးဖြစ်လေရာ ခရီးယူဇနာ (၂၃) ယူဇနာနှင့် တာ (၅၀၀) ရှိသော ဗန်းမော်မြို့သို့ အခက်အခဲမရှိ သွားရောက်နိုင်ခဲ့လေသည်။ ဗန်းမော်မြို့သို့ အရောက် မိမိတို့မျှော်မှန်းထားသကဲ့သို့ တစ်လအတွင်းရောက်ရှိသွား၏။ ဘုရင်မင်းမြတ်သည် စွယ်တော်ပင့်ဆောင်နိုင်ရေးအတွက် စိတ်ဆန္ဒစောနေသည့်အလျောက် သက်တော် (၄၀) ကျော် အရွယ်ရှိပြီဖြစ်သည့်တိုင် ဖျတ်လတ်သွက်လက်လျင်မြန်နေဆဲ ဖြစ်ပါသည်။

ဗန်းမော်ရောက်တော့ (၂)ရက်တာမျှ စခန်းချကာ ယူနန်နယ်အတွင်း ကောင်းမွန်ကျွမ်းကျင်စွာ လမ်းပြပေးနိုင်မည့် တိုင်းရင်းသားလူငယ်တစ်ဦးကို ရှာဖွေငှားရမ်းရ၏။ ထိုသူငယ်ကား ယူနန်ပြည်နယ်ဖွားဖြစ်ပြီး မြန်မာဘာသာစကားကိုလည်း ကောင်း စွာပြောဆိုတတ်သူဖြစ်လေသည်။ လမ်းပြပေးနိုင်မည့်လူရွယ် ရောက်ရှိလာသောအခါ ဗန်းမော်မှတစ်ဆင့် ကိုင်ဖွန်မူးသို့ ခရီး ဆက်ကြလေ၏။ ဗန်းမော်မှထွက်သည်နှင့် ခရီးလမ်းမှာ ကြမ်းတမ်း ခက်ထန်သွားလေသည်။ အချို့နေရာများတွင်

www.burmeseclassic.com

ချောက်ကမ်းပါး နံဘေးမှ ပွတ်သီကာ သွားရောက်ကြသည်မှာ များစွာအန္တရာယ် များလှပေသည်။

အနော်ရထာမင်း၏တပ်များ နယ်ခြားဒေသသို့ ရောက်ရှိလာကြောင်း ကြားသိရသောအခါ ဆက်လက်သွားရောက်နိုင်ရေးအတွက် တရုတ်ကေရာဇ် ဝမ်တိဖ (ဥတည်ဘွား)ထံ သက်ဆိုင်ရာခြေမြန်တော်တို့က အစီရင်ခံကြတော့၏။ အနော်ရထာမင်းမြတ်သည် ထိုအတောအတွင်း ယူနန်ဘုရင်ခံ၏ ကိုးကွယ်ရာ ရသေ့ကြီးနှင့် တွေ့ဆုံဆွေးနွေးကြည့်သည်။ အနော်ရထာမင်းမြတ် အနေဖြင့် သဗ္ဗညုဘုရားရှင်၏ စွယ်တော်မြတ်ကို ပင့်ဆောင်လိုပါကြောင်း လျှောက်ထားတင်ပြ၏။ ဘုရင်မင်းမြတ်စွယ်တော် တောင်းခံပင့်ဆောင်ရန် လာရောက်ကြောင်း သတင်းကို ရသေ့ကြီးမှတစ်ဆင့် ယူနန်ဘုရင်ခံကြားသိသွား၏။ သို့ဖြင့် မြို့တံခါးများ ပိတ်ကာ မြို့ကို အခိုင်အမာပြု၍နေလေသည်။

မင်းမြတ်အနော်ရထာသည် ယူနန်ဘုရင်ခံအား အကြိမ်ကြိမ် တွေ့ဆုံရန်ကြိုးပမ်းခဲ့ရာ နောက်ဆုံးတွင် အောင်မြင်မှုရရှိသွား၏။ ယူနန်ဘုရင်ခံက မိမိအနေဖြင့် ပုဂံဘုရင်မင်းမြတ်ကိုယ်တော်တိုင် ကြွရောက်လာသည်ကို မသိ၍သာ မကြိုဆို

www.burmeseclassic.com

ခဲ့မိခြင်းဖြစ်ပါကြောင်း တောင်းပန်ပြောကြား၏။ အနော်ရထာမင်းမြတ်ကလည်း ယခုလိုလာရောက်ရခြင်းမှာ လောကစည်းစိမ်ကို အလိုရှိ၍လာ ရောက်ရခြင်းမဟုတ် လော ကုတ္တရာချမ်းသာသို့ ရောက်မည့်အကြောင်း စွယ်တော်မြတ်ကို ကိုးကွယ်လို၍ တောင်းခံပင့်ဆောင်ရန် လာရောက်သည်ဟု မိန့်ကြားလေသည်။

ယွန်းဘုရင်ခံသည် ပုဂံပြည့်ရှင်မင်းအား ကောင်းမွန်ကျနစွာ ဧည့်ခံဝတ်ပြုလေ၏။ စွယ်တော်မြတ်ကိုလည်း ရှိခိုးဦးခိုက်ခွင့်ပြုတော်မူ၏။ သို့သော် ပင့်ဆောင်သွားရန်ကိုမူ မလိုက်လျောနိုင်ပေ။ အနော်ရထာမင်းမြတ်အနေဖြင့် လိုအပ်ပါက ကေရာဇ်ကျင်တော့ခွန်းထံသို့ သဝဏ်လွှာ ပေးပို့တင်ပြလျှောက်ထားပေးပါရန်လည်း ယွန်းဘုရင်ခံထံ ပန်ကြား၏။ ယွန်းဘုရင်ခံက တရုတ်ကေရာဇ်ထံ အနော်ရထာမင်းမြတ်၏ဆန္ဒအတိုင်း သဝဏ်လွှာကို ပေးပို့ခဲ့သည်။ သို့သော် လမ်းခရီးအဆင်မချော၍ သဝဏ်လွှာက ကေရာဇ်နန်းတော်သို့ မရောက်ရှိခဲ့ပေ။

အနော်ရထာမင်းမြတ်သည် ကေရာဇ်မင်း ဝမ်တိဖ (ဥတည်ဘွား) ထံမှ အမြေကိုစောင့်ဆိုင်းရင်း ယွန်း၌အချိန်သုံးလကြာ မြင့်ခဲ့ရ၏။ နောက်ဆုံးယွန်းဘုရင်ခံက အနော်ရထာမင်းမြတ်အား မြခင်းတုတော်တစ်ဆူကို ပေးအပ်ကာ ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com

နှစ်သိမ့် စေခဲ့လေ၏။ အနော်ရထာမင်းကြီးလည်း ဤစွယ်တော်မြတ်အား မိမိကိုးကွယ်စေဟူ၍ ဗျာဒိတ်တော်မရှိ၊ ဂန္ဓလရာဇ်တိုင်းတွင် သာသနာတော်ငါးထောင်တည်ရစေဟူသော ဗျာဒိတ်တော်ရှိ၍ ဖြစ်မည်ဆိုကာ မြဆင်းတုကိုသာ ပင့်ဆောင်လျက် ပုဂံသို့ပြန်လည် ကြွချီပါလာတော့သည်။

အနော်ရထာမင်းမြတ်၏ နေပြည်တော်ခရီးစဉ်တွင် မိုင်းမောစော်ဘွားက သမီးတော်တစ်ပါးကို ဘုရင်မင်းမြတ်အား ဆက်သခဲ့သေး၏။ မိုင်းမောစော်ဘွားသည်ကား ရွှေလီမြစ်ညာပိုင်းကို အုပ်ချုပ်ရသော စော်ဘွားကြီးဖြစ်လေသည်။ မိုင်းမော စော်ဘွားသည် သမီးတော်စောမွန်လှအား ဘုရင်မင်းမြတ်ထံ ဆက်သခဲ့ပေရာ ဘုရင်အနော်ရထာက အခမ်းအနားဖြင့် သိမ်းပိုက်ကာ ပုဂံနေပြည်တော်သို့ ခေါ်ယူဆောင်ကြဉ်းခဲ့လေသည်။ ပုဂံနေပြည်တော်သို့ရောက်ရှိသောအခါ စောမွန်လှအား မိဖုရားငယ်အရာပေးအပ်နှီးမြှင့်၏။

ဂန္ဓာလရာဇ်မှအပြန်ခရီးတွင် ကြမ္မာဆိုးဝင်ခဲ့ရသူ နှစ်ဦးမှာ ရွှေဖျဉ်းညီနောင်တို့ပင်ဖြစ်၏။ အနော်ရထာမင်းမြတ်သည် တောင်ပြုံးအရပ်၌ ဆုတောင်းပြည့်စေတီတော်ကို တည်လုပ်စဉ် မင်းမှုထမ်းများအားလုံး ဘုရင်မင်းမြတ်နှင့်အတူ ကာသိုလ်ပါဝင်ခဲ့ကြသည်။ သို့သော်ဘုရင်မင်းတရားက အမျိုးဇာတ် မတူသူ လူရွယ်ကလေးနှစ်ဦးအား အရေးပေး လိုက်လျောမှုကို မလိုလားသော

www.burmeseclassic.com

မရှုစိမ့်နိုင်သူတို့က ရွှေဖျဉ်းညီနောင်အား ရာဇဝတ်သင့်စေခဲ့ကြလေသည်။ ကျန်စစ်သားနှင့် ကျန်သူရဲကောင်းများမှာ ဤကိစ္စကို အချိန်လွန်မှသိရှိကြရ၏။

အနော်ရထာမင်းမြတ်အနေဖြင့် ဂန္ဓာလရာဇ်မှ အပြန်တွင် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်များ ဆက်တိုက်ဆိုသကဲ့သို့ ကြုံတွေ့ခဲ့ရ၏။ ဤအထဲတွင် မိဖုရားငယ်စောမွန်လှ၏ ပြဿနာတစ်ရပ်လည်းပါဝင်ခဲ့၏။ အနော်ရထာမင်းမြတ်သည် စောမွန်လှအပေါ် သနားဂရုဏာ သက်ကာအလေးပေးဆက်ဆံသော်လည်း ကျန်နန်းတွင်း အသိုင်းအဝိုင်းကမူ သူ့ကိုမလိုလားပေ။ နောက်ဆုံး တောင်နန်းမတော်ကြီးကပါ လိုလားသည့်အမှုအရာ မပြတော့သောအခါ ဘုရင်မင်းမြတ်ကိုယ်တိုင်က စောမွန်လှအား ရှမ်းပြည်နယ် နေရပ်ဒေသသို့ ပြန်သွားစေခဲ့ရလေသည်။

ဘုရင်မင်းမြတ်သည် ထိုအဖြစ်အပျက် နောက်ပိုင်းတွင် ဘာသာရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ကိုင်တော့၏။ တစ်စစ အသက်အရွယ်လည်းရလာပြီမို့ ဘဝအတွေ့အကြုံလည်း စုံလင်လာပြီဖြစ်ပေသည်။ အနော်ရထာမင်းမြတ်သည် ပုဂံရွှေစည်းခုံစေတီတော်ကို တည်းထားကိုးကွယ်၏။ ယင်းသို့ စေတီတော်တည်ဆဲကာလ၌ပင် သီဟိုဠ် (သီရိလင်္ကာ) မှ စွယ်တော်တစ်ဆူပင့် ဆောင်ရရှိခဲ့ပေရာ ရွှေစည်းခုံစေတီ၌ ဌာပနာပြုခဲ့လေသည်။ ထို့ပြင် ဆည်မြောင်း ချောင်းကန်



www.burmeseclassic.com

www.burmeseclassic.com

အမြောက်အမြားကိုလည်း လုပ်ဆောင်တော်မူ၏။

အနော်ရထာမင်းသည် အသက်အရွယ်ကြီးရင့်လာသည်နှင့် အမျှ ဘာသာရေးကိုသာ အလေးပေးဆောင်ရွက်တော်မူ၏။ တိုင်းပြည်အုပ်ချုပ်ရေးတာဝန်ကို မိဖုရားကြီးမှ ဖွားမြင်သူ စောလူး မင်းသားခေါ် မင်းလုလင်ကိုသာ လွှဲအပ်ထားလေသည်။ ယခုအခါ စောလူးမင်းသားကလေးပင် သက်တော်နှစ်ဆယ်ကျော်အရွယ်ရှိ နေပေပြီ။





www.burmeseclassic.com

www.burmeseclassic.com

# သာယာရွှေပြည်



www.burmeseclassic.com

www.burmeseclassic.com

## ၁၀။ သာယာရွှေပြည်

သုဓမ္မဝတီခေါ် သထုံကို လက်လွှတ်လိုက်ရသည့် ခမာတို့သည် မင်းမြတ်အနော်ရထာအပေါ် ကြီးစွာသောအညိုးအတေး ကိုထားကြ၏။ ခမာစစ်သည်အချို့သည် သုံ့ပန်းအဖြစ် ဖမ်းဆီးခံကြရရာမှ ထွက်ပြေးလွတ်မြောက်သွားကြသောအခါ ခမာဘုရင် ဥဒယဒိဿဝါရမန်မင်းအား အကြောင်းစုံကို လျှောက်ထားကြလေသည်။ ထိုအခါ ခမာဘုရင်သည် ဒေါသအမျက်ချောင်းချောင်းထွက်လျက် ပဲခူးဟံသာဝတီကို လုပ်ကြံတိုက်ခိုက်ရန် ကြံစည်ပြန်၏။ ထိုစဉ်က ပဲခူးဟံသာဝတီတွင် တိဿရာဇာဘုရင် ထီးနန်းစိုးစံနေချိန်ဖြစ်ပါသည်။

တိဿရာဇာဘုရင်သည် သမလဝိမလမင်းဆက်၏ (၁၇) ဆက်မြောက်မင်းဖြစ်၏။ တိဿရာဇာသည် မိစ္ဆာဒိဋ္ဌိတို့နှင့်ပူးပေါင်းမိကာ သူကိုယ်တိုင်ပင် မိစ္ဆာဒိဋ္ဌိဖြစ်သွားခဲ့သည်။ မိစ္ဆာတို့၏ အယူဝါဒအရ ဗုဒ္ဓရုပ်ပွားတော် ကိုးကွယ်မှုကို မကိုးကွယ်စကောင်းဟု မှတ်ယူခဲ့သည်။ သို့ဖြင့် ပဲခူး ဟံသာဝတီ၌ ဗုဒ္ဓဆင်းတုတော်များကို လုံးဝမကိုးကွယ်ရ၊ ကိုးကွယ်သူများအား ရာဇဒဏ်သင့်စေဟူ၍ အမိန့်တော်ထုတ်ပြန်ခဲ့၏။ ဘုရင်မင်းမြတ်၏ အမိန့်တော်ကြောင့် ပြည်သူပြည်သားများသည်



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓရုပ်ပွားတော်များအား မြစ်ချောင်း၊ အင်းအိုင်များအတွင်း နှစ်မြှုပ်ဖျောက်ဖျက်ခဲ့ကြသည်။

တိဿရာဇာမင်း၏ မလျော်ကန်မသင့်မြတ်သော အမိန့်တော်ကြောင့် ထိုနှစ်တွင် ဟံသာဝတီ၌ ငတ်မွတ်ခေါင်းပါးသော ဘေးဒုက္ခကို ကြုံတွေ့ခဲ့ရ၏။ ယင်းသို့သော အခြေအနေမျိုးတွင် ဥဒယဒိဿဝါရမန်မင်းအဖို့ တိဿရာဇာမင်းအား သွေးဆောင်သိမ်းသွင်းရန် ပိုမိုလွယ်ကူလာပေသည်။ ကြွမ်းစစ်သည် အမြောက်အမြားသည် ပဲခူးဟံသာဝတီမြို့တွင်းသို့ ဝင်ရောက်ကာ တိဿရာဇာမင်းထံ ချဉ်းကပ်ကြ၏။ သူတို့သည် တိဿရာဇာ မင်း၏အပြုအမူအပေါ် ကောင်းချီးပေးကြ၏။ ဗုဒ္ဓအယူဝါဒပ ပျောက်သွားရန်ကိုလည်း တွန်းအားပေးကြသည်။

ခမာဘုရင်သည် ပဲခူးဟံသာဝတီကို ထိုးဖောက်ရန် လွယ်ကူ ကြောင်း သိရှိလာသောအခါ စစ်ရေးအတွက်ပြင်ဆင်တော့၏။ သူ့အနေဖြင့် သတိထားရမည့်သူမှာ ပုဂံဘုရင်သာ ဖြစ်ပေသည်။ ပုဂံသည် အင်အားနှင့်ပြည့်စုံသော လက်နက်နိုင်ငံဖြစ်၏။ ပုဂံတွင် သူ့ရဲကောင်းလေးဦးလည်းရှိသည်။ ပုဂံသူ့ရဲကောင်းလေးဦး၏အစွမ်းကို ခမာဘုရင် ဥဒယဒိဿဝါ ရမန်တလေးတစားရှိ၏။ ခမည်းတော် သူရိယဝါရမန်မင်းလက်

www.burmeseclassic.com

ထက်က ပုဂံက မိမိတို့အား လာရောက်နှောက်ယှက်မှုမျိုး မရှိခဲ့သေး။ သို့သော် သထုံတိုက်ပွဲမှစတင်ကာ ပုဂံဘုရင်၏ အင်အားကို အသိအမှတ် ပြုခဲ့ရသည်။

ခမာဘုရင် စစ်ရေးပြင်ဆင်နေဆဲကာလ၌ပင် ပဲခူးဟံသာဝတီ၌ အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့၏။ မနုဟာသူဌေး၏ သမီးတော်ဖြစ်သူ တလတော် သည် အဖော်အမျိုးသမီးတစ်ဝ နှင့် ရေကန်အတွင်း ရေချိုးကိုယ်လက်သန့်စင်နေရာမှ ဗုဒ္ဓ ရုပ်ပွားတော်တစ်ဆူနှင့် တိုက်မိသဖြင့် စိတ်မကောင်းဖြစ်သွားမိ လေသည်။ တလတော်မင်းသမီးသည် တိဿရာဇာဘုရင်က သူ့အား သတ်လိုက သတ်ပါစေဆိုကာ ရေကန်အတွင်း နှစ်မြှုပ် ထားသော ရုပ်ပွားတော် (၈)ဆူကိုဆယ်ယူလျက် မွှာရုံပြုလုပ် ကိုးကွယ်လေ၏။ ထိုစဉ်က ပဲခူးဟံသာဝတီတွင် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအား လုံးဝကိုးကွယ်ခြင်းမပြုရဟု အမိန့်တော် ထုတ်ပြန်ထားချိန်ဖြစ်လေသည်။

တိဿရာဇာမင်းသည် တလတော် ၏အမျိုးသမီးငယ် အကြောင်းကြားသိရသောအခါ မင်းချင်းများအား သွား ရောက်ဖမ်း ဆီးခေါ်ဆောင်လာစေ၏။ တလတော်သည် ဗုဒ္ဓ မြတ်စွာ၏ ဂုဏ်တော်တို့ကို အာရုံပြုလျက် မင်းချင်းများ

www.burmeseclassic.com

ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေသည်။ မိမိအား လာရောက်ဖမ်းဆီးသူ မင်းမှုထမ်းများအားလည်းကောင်း၊ တိဿ ရာဇာဘုရင်အားလည်းကောင်း မေတ္တာပို့၏။ ထိုကွက်အာဏာ သားများက တလဝေါ်ကို ဘုရင့်အမိန့်တော်အရ ဆင်ဖြင့် နင်းသတ်စေသောအခါ ဆင်က နင်းသတ်ခြင်းမပြုပေ။ သို့ဖြင့် ဆင်ကိုအရက်တိုက်ကာ နင်းသတ်စေပြန်၏။

အရက်တိုက်ထားသော ဆင်ကြီးက တလဝေါ်၏ သီလ၊ မေတ္တာကြောင့် တလဝေါ်ကို မနင်းသတ်။ သို့ဖြင့် အခြားနည်း မျိုးစုံဖြင့် တလဝေါ်အား ကြိုးပမ်းစီရင်ကြပြန်၏။ မည်သို့မျှ လုပ်ကြံစီရင်၍မရသောအခါ တိဿရာဇာမင်းထံ လျှောက်ထား၏။ တလဝေါ်အား တိဿရာဇာမင်းက ခေါ်ယူမေးမြန်းသော အခါ တလဝေါ်က မိမိကိုးကွယ်သော ရုပ်ထုမှာ လူသားရုပ် ထုမဟုတ်။ လူနတ်သတ္တဝါတို့၏ ပူဇော်အထူးကို ခံထိုက်သော သီလ၊သမာဓိ၊ ပညာအရာ၌ တုနှိုင်းမမီ မြင့်မြတ်လှသော မြတ်စွာဘုရား၏ ဆင်းတုတော်သာဖြစ်ကြောင်း ရှင်းလင်း လျှောက်ထား၏။

တလဝေါ်သည် မြတ်စွာဘုရားသည် သတ္တဝါတို့အား ၌ ရင်ဝယ်သားကဲ့သို့ ငဲ့ညှာကရုဏာကြီးမားတော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤစကား မှန်ကန်ပါက ရုပ်ပွားတော်များ တန်ခိုးပြာဋိဟာပြ၍ ကြွလာတော်မူပါစေသတည်းဟု ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုလျက် သစ္စာဆိုလေရာ ရုတ်တရက်ချက်ချင်း လေပြင်းကျသကဲ့သို့ ဖြစ်ပေါ်လာပြီး ရုပ်ပွားတော်ဆင်းတုတော်များလည်း ကောင်းကင်သို့ ပျံတက်ကြလေသည်။ တိဿရာဇာမင်းသည် ထူးဆန်းသော မြင်ကွင်းကိုမြင်ရသဖြင့် ထိတ်လန့်အံ့ဩသွား၏။ ထို့နောက် တရားသံဝေဂရကာပြီး မိစ္ဆာအယူကို စွန့်ပယ်လျက် သမ္မာဒိဋ္ဌိ အယူမှန်ကို ပြန်လည်သက်ဝင်ယုံကြည်သွားလေတော့သည်။

တလထေော်မှာ ဘုရင်မင်းမြတ် အယူမှန်သက်ဝင်ယုံကြည်သွားမှုကြောင့် များစွာဝမ်းမြောက်ဝမ်းသာသွားလေသည်။ တိဿရာဇာသည် တလထေော်အား သုဘဒ္ဒါဓေဝီဘွဲ့ဖြင့် အဂ္ဂမဟေသီ အရာတင်မြှောက်၏။ ဘုရားဆင်းတုတော်များ မိုးပေါ်ပျံတက်၍ မြေသို့ပြန်လည်ဆင်းသက်သည့်နေရာတွင် ကျိုက်ပေါ (ကျဉ်ပစ်) စေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။ ကျိုက်ပေါမှာ ဘုရားပျံဟု အဓိပ္ပါယ်ရလေသည်။ ပဲခူး ဟံသာဝတီပြည်တွင် ယခုအခါ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကား စည်ပင်လာလေ၏။ တိဿရာဇာမင်းမှာလည်း ဖွေ



www.burmeseclassic.com

www.burmeseclassic.com

ဘာသာ သာသနာတော်ကို စောင့်သိရှိသေသော မင်းကောင်း မင်းမြတ် ဖြစ်လာလေသည်။

ဤသို့သော အခြေအနေကို မလိုလားမရှုစိမ့်ကြသူများ မှာ ကြွမ်းဘုရင် ဥဒယာတိသသခါရမန်၏ ဘက်တော်သားများ ဖြစ်ကြလေသည်။ သူတို့သည် တိဿရာဇာဘုရင် ဗုဒ္ဓဘာသာ ပြန်လည် ကိုးကွယ်ယုံကြည်လာကြောင်း ကြားသိရသောအခါ ပဲခူးဟံသာဝတီကို စစ်ဆင်သိမ်းပိုက်ရန် ဆုံးဖြတ်လိုက်ကြတော့ ၏။ သို့ဖြင့် အရံသင့်ပြင်ဆင်ပြီးဖြစ်သော စစ်သည်အင်အား အလုံးအရင်းဖြင့် ပဲခူးဟံသာဝတီသို့ စစ်ချီလာကြလေတော့ သည်။ ခမာစစ်သည်များ စစ်ချီလာကြောင်း ကြားသိရလျှင်ပင် တိဿရာဇာ၏ မှူးမတ်တို့က ပုဂံမင်းနေပြည်၌ အုပ်ချုပ်မင်း လုပ်နေသော အနော်ရထာမင်းမြတ်ထံ စစ်ကူတောင်းခံရန် အကြံပြု လျှောက်ထားကြ၏။

တိဿရာဇာမင်းသည် အဂ္ဂမဟေသီသုဘဒ္ဒါဒေဝီနှင့် တိုင် ပင်ကာ မြင်းသည်တော်ဆက်သားများ ပုဂံသို့ အလျင်အမြန် စေလွှတ်၍ အနော်ရထာမင်းထံ စစ်ကူတောင်းခံ၏။ အနော် ရထာမင်းမြတ်ကလည်း သူ့ရဲကောင်းလေးဦးနှင့်အတူ တိုင်းပြည် ကာ ပဲခူးဟံသာဝတီသို့ ချက်ချင်းပင် ချီတက်ကြရန် အမိန့်တော်

www.burmeseclassic.com

ချမှတ်လိုက်လေသည်။ သို့ဖြင့် စစ်သည်အင်အားအလုံးအရင်းဖြင့် ပုဂံမင်းနေပြည်တော်မှ ချီတက်ကြရလေ၏။ ပုဂံတပ်များကို သူရဲကောင်းလေးဦးတို့က အုပ်ချုပ်ကွပ်ကဲကာ မြင်းများဖြင့် ရှေ့မှ ဦးဆောင်ချီတက်သွားရောက်ကြ၏။ ကျန်စစ်သား၏ အစီအစဉ်အရ အိန္ဒိယလူမျိုး ခြေလျင်စစ်သည် ရှစ်သောင်းပါဝင်သည့် တပ်ကိုလည်း ခေါ်ဆောင်သွားလေသည်။

ပုဂံတပ်များ ပဲခူးဟံသာဝတီသို့ ရောက်ရှိပြီး မရှေးမနှောင်း ကာလ၌ပင် ဥဒယဒိဿဝါရမန်မင်း၏ ခမာတပ်များ ရောက်ရှိလာကြ၏။ စစ်သည်များ တစ်ဘက်နှင့်တစ်ဘက် တွေ့ဆုံကြသည်နှင့် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားလေတော့သည်။ ပုဂံသူရဲကောင်းလေးဦးသည် ကြွမ်းစစ်သည်တို့အား ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ကြ၏။ ကြွမ်းစစ်သည်တို့မှာလည်း ဆင်တပ်၊ မြင်းတပ်များဖြင့် ခုခံတိုက်ခိုက်ကြ၏။ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်နှင့် ညောင်ဦးဖီးတို့သည် ခမာတပ်ကြီးကို အလယ်မှ ထိုးဖောက် ဝင်ရောက်ကာ လေးစိတ်လေးမွှာကွဲပြား သွားစေလေသည်။ တိဿရာဇာမင်း၏ တပ်များကလည်း ကျန်စစ်သား၏ ပုဂံတပ်များနှင့်အတူ ကြွမ်းစစ်သည်တို့အား တွန်းလှန်ချေမှုန်း တိုက်ခိုက်ကြ၏။


www.burmeseclassic.com

www.burmeseclassic.com

တိုက်ပွဲမှာ ပြင်းထန်လွန်းလှပြီး ခမာအများအပြား ထိခိုက် သေကျေဒဏ်ရာရရှိကြလေသည်။ ကျန်စစ်သားသည် တိုက်ပွဲဖြစ်ပွားစဉ်အတွင်း အိန္ဒိယတိုက်သား ခြေလျင်စစ်သည်များကို စနစ်တကျ ကွပ်ကဲတိုက်ခိုက်စေခဲ့၏။ မကြာမီ ကွမ်းစစ်သည်များ အထိနာကာ လက်နက်ချအညံ့ခံတော့၏။ စစ်ပွဲတွင် ခမာ စစ်သူကြီးလေးဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။ စစ်သူကြီးတို့ ၏ အကြီးအကဲဖြစ်သူ အောက်ပြုဝိုက်က ပုဂံစစ်သူရဲများ၏ အစွမ်းသတ္တိကို မိမိလက်တွေ့ တွေ့ မြင်ရပြီဖြစ်ကြောင်း။ အမှန်ပင် အံ့မခန်းဖြစ်ရပါကြောင်း လျှောက်ထားပြောဆိုလေသည်။

တိဿရာဇာမင်းသည် ကွမ်းစစ်သည်များကို တိုက်ခိုက်အောင်မြင်သောအခါ ကျန်စစ်သားမင်းအပါအဝင် ပုဂံသူရဲကောင်းလေးဦးအား များစွာနှစ်ထောင်းအားရဖြစ်မိ၏။ ပုဂံစစ်သူရဲ များမှာမူ ခမာများကို လိုက်လံရှာဖွေဖမ်းဆီးကြရာ အချို့မှာ လက်နက်ဓားလုံတို့ကို ပစ်ချလျက် ထွက်ပြေးလွတ်မြောက်သွား ကြလေသည်။ ခမာတို့ကို ချေမှုန်းတိုက်ခိုက်အောင်မြင်ပြီဖြစ် သဖြင့် တိဿရာဇာမင်းက ပုဂံစစ်သည်တို့အား လက်ဆောင် ပဏ္ဏာများ ပေးအပ်ချီးမြှင့်၏။ ထို့ပြင်

www.burmeseclassic.com

ပုဂံဘုရင်မင်းမြတ်သို့လည်း နှမတော် မဏိစန္ဒာကို ဆက်သလေသည်။

ကျန်စစ်သားသည် ခမာစစ်သူကြီး အောက်ပြပိုက်နှင့် စစ် ဘက်ဆိုင်ရာအကြီးအကဲများအား တိဿရာဇာမင်းထံ လွှဲပြောင်း ပေးအပ်ကာ မဏိစန္ဒာမင်းသမီးကို ဝေါ်ဖြင့်ဆောင်ယူလျက် ပုဂံ မင်းနေပြည်တော်သို့ ပြန်လည်ထွက်ခွာလာခဲ့၏။ တိဿရာဇာမင်းသည် သာသနာ့ဒါယကာ မင်းမြတ်အနော်ရထာအတွက် မင်းအဆက်ဆက် နန်းတွင်း၌ ရတနာပန်းတောင်းဖြင့် တည်ထား ကိုးကွယ်ခဲ့ကြသည့် ဗုဒ္ဓဆံတော်မြတ်တစ်ဆူကိုလည်း ပဏ္ဏာတော်အဖြစ် ထည့်သွင်းပေးအပ်ခဲ့လေသည်။ ပုဂံမင်းနေပြည်တော်သို့ ရောက်ရှိသောအခါ မင်းမြတ်အနော်ရထာသည် ဆံတော်ဓာတ်ကို ဘုရားစည်းခံတည်၍ ကိုးကွယ်ဆည်းကပ်တော်မူ၏။ များမကြာမီ သက်တော် ၆၃ နှစ်အရွယ်ရှိ အနော်ရထာမင်းမြတ် နတ်ရွာစံတော်မူပြီး သားတော်စောလူးမင်းသား နန်းတက်ပါသည်။

စောလူးမင်းသားကား ငယ်ရွယ်သူဖြစ်သည့်အလျောက် ပုဂံ နေပြည်တော်ကို အုပ်ချုပ်စီမံရာတွင် အနော်ရထာမင်းမြတ်လောက် ချောမွေ့မှုမရှိခဲ့ပါပေ။ သူသည် နန်းတက်စဉ်၌ အသက်



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဆယ့်ခြောက်နှစ်အရွယ်သာရှိသေး၏။ စောလူးမင်းက နန်းတက်လျှင်ပင် သီရိဝဇြာဘရဏတြိဘုပတိ ဘွဲ့ကိုခံယူပါသည်။ သီရိစန္ဒာဒေဝီကို မိဖုရားကြီးအရာ အပ်နှင်း၏။ ဖခမည်းတော် အနော်ရထာမင်းလက်ထက်၌ပင် ပဲခူးဟံသာဝတီမှာ ပုဂံမင်းနေပြည်တော်၏ လက်အောက်ခံဖြစ်လာပေရာ စောလူးမင်းလက်ထက်တွင် အထိန်းတော်သား ရာမာခန် ခေါ် ငရမန်ကန်းအား ပဲခူးဟံသာဝတီမြို့စားအရာ ပေးအပ်ခဲ့၏။

ငရမန်ကန်းသည် စောလူးမင်းနှင့် အသက်အရွယ်အားဖြင့် မတိမ်းမယိမ်းဖြစ်သည်။ နို့စို့ဘက်လည်းဖြစ်၏။ ငရမန်ကန်း ပဲခူးဟံသာဝတီမြို့စားဖြစ်ချိန်တွင် စောလူးမင်းအား ပုန်ကန်ခြားနားလေသည်။ ငရမန်ကန်းသည် ရဲမက်ဗိုလ်ပါတို့ကို စုရုံးလျက် ကြည်းကြောင်း၊ ရေကြောင်းဖြင့် ပုဂံသို့ ဦးတည်ချီတက်လာလေသည်။ စောလူးမင်းသည် ငရမန်ကန်း၏ တပ်များ ချီတက်လာကြောင်း ကြားသိရသည်နှင့် ကျန်စစ်သားဦး ဆောင်သော ပုဂံသူရဲကောင်းလေးဦးကို ရှေ့ဦးချီတပ်မအဖြစ် စေလွှတ်လိုက်လေသည်။ သူကိုယ်တိုင်မှာမူ နောက်ပါတပ်များကို အုပ်ချုပ်လျက် ချီတက်လာခဲ့၏။

ကျန်စစ်သားဦးဆောင်သော ပုဂံတပ်မတော် မြည်တော်

www.burmeseclassic.com

သာကုန်းသို့ ရောက်ရှိသောအခါ မိုးစုန်းစုန်းချုပ်နေပြီဖြစ်ပါသည်။ ကျန်စစ်သားသည် ပြည်တော်သာကျွန်း၌ပင် စခန်းချရပ်နားရန် စောလူးမင်းကို လျှောက်ထား၏။ စောလူးမင်းသည် စစ်ရေးစစ်ရာ၌ ကျွမ်းကျင်သော ဘုရင်တစ်ပါးမဟုတ်ပေ။ သူ့အနေဖြင့် ငရမန်ကန်းအား တိုက်ခိုက်ချေမှုန်းရန်သာ အာသီသပြင်းပြနေ၏။ သူသည် ပုဂံသူရဲကောင်းလေးဦး၏ စကားကိုလည်း နာခံလိုသူမဟုတ်။ ပုဂံသူရဲကောင်းလေးဦးက ဝိုင်းဝန်းလျှောက်ထားကြတော့မှ စောလူးမင်း ပြည်တော်သာကျွန်းတွင် စခန်းချရေးကိစ္စကို သဘောတူညီသွား၏။

တပ်ချနားနေစဉ်အတွင်း ငရန်မန်ကန်းသည် ဥပါယ်တမျဉ်ဖြင့် စစ်ရေးပြင်လာ၏။ အောင်စည်အောင်မောင်းများတီးခတ်ကာ ငရန်မန်းကန်းကိုယ်တိုင် ဆင်စီး၍ ဟန်ရေးပြသည်။ စောလူးမင်းသည် ငရန်မန်ကန်း ချီတက်ဝန်းရံလာပြီကြားလျှင် ချက်ချင်းပင် ဆင်ပေါ်တက်၍ ထွက်ကာတိုက်ခိုက်လေတော့သည်။ သူရဲကောင်းလေးဦးက အရိပ်အခြေစောင့်ကြည့်ရန် လျှောက်ထားသည်ကိုပင် မနာခံတော့။ သို့ဖြင့် ငရန်မန်ကန်း၏ သွေးခေါင် ရာနေရာသို့ တစ်စစပါသွားလေရာ နောက်ဆုံးတွင် ဆင်တော် နွံနစ်၍ ဆင်ပေါ်မှ ဆင်းပြေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စောလူးမင်းကို ရေမန်ကန်း၏တပ်များ လက်ရဖမ်းဆီးရမိသွားကြ၏။

ပုဂံသူရဲကောင်းလေးဦးသည် ပြည်တော်ကျွန်း၌ပင် ညှိနှိုင်းတိုင်ပင်လျက် ပုဂံသို့ ပြန်လည်ထွက်ခွာသွားကြသည်။ ပုဂံသို့ရောက်ရှိသောအခါ မှူးမတ်ဗိုလ်ပါတို့က ကျန်စစ်သားကို ဝိုင်းဝန်းနှန်းတင်ကြ၏။ ကျန်စစ်သားက ဘုရင်မလုပ်လို၍ ငြင်းဆန်သည်။ ပုဂံသူရဲကောင်းတို့က အတင်းအကျပ်တိုက်တွန်းကြပြန်၏။ မှူးမတ်တို့ကလည်း ပြည်သူပြည်သားတို့ အကျိုးငှာ ပုဂံဘုရင်အဖြစ် လက်ခံနန်းပြုပါရန် ပန်ကြားကြသည်။ မှူးမတ်တို့သည် ကျန်ပုဂံသူရဲကောင်းတို့ကိုပါ စစ်သူကြီးများအဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ခန့်ထား တင်မြှောက်ရန် သဘောတူညီကြ၏။

ကျန်စစ်သားက ပုဂံထီးနန်းကို ရုတ်တရက်လက်မခံသေး။ မိမိ၏ အရှင်သခင် စောလူးမင်းကို သွားရောက်ကယ်တင်ဦးမည်။ စောလူးမင်းသည် အနော်ရထာမင်းမြတ်၏ သားတော်ရင်းဖြစ်သည်။ ပုဂံမင်းနွယ် နန်းဘွားလည်းဖြစ်သည်။ မိမိမှာ ထီးလှိုင်ရှင်သံပျင်ကြီး၏ သားတစ်ဦးသာဖြစ်သည်။သို့ဖြစ်၍ စောလူးမင်းကို ဦးစွာကယ်ထုတ်နိုင်ရန် ကြိုးပမ်းကြည့်မည်ဆို၏။ ပုဂံသူရဲကောင်းလေးဦးတို့က သဘောတူညီကြသည့်အလျောက် ရေမန်ကန်း စခန်းချရာတပ်အနီးသို့ တိတ်တဆိတ်ဝင်ရောက်နိုင်အောင် ကြိုးပမ်းကြ၏။

ကျန်စစ်သားသည် ရေမန်ကန်း၏တပ်တွင်းသို့ ညဥ့်အချိန်တွင် ထိုးဖောက်ဝင်ရောက်ခဲ့၏။ ကျန် သူရဲကောင်းများဖြစ်ကြသော ငထွေရူး၊ ငလုံးလက်ဖယ်နှင့် ညောင်ဦးဖီးတို့က တပ်စခန်း၏ပြင်ပမှ အခြေအနေကို စောင့်ကြည့် နေရာယူထားကြသည်။ ကျန်စစ်သားသည် အစောင့်များအလစ်တွင် စောလူးမင်းကို ချုပ်နှောင်ထားရာနေရာအထိ ရောက်ရှိသွားလေ၏။ ထို့နောက် စောလူးမင်းကို လာရောက်ကယ်တင်ခြင်းဖြစ်ကြောင်း၊ မိမိနှင့် တပါတည်း လိုက်ပါရန်ဖြစ်ကြောင်း လျှောက်ထားလေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

သို့သော် အခြေအနေက သူထင်မှတ်သည့်အတိုင်း ဖြစ်မလာပေ။ ကျန်စစ်သားသည် စိတ်ချယုံကြည်ရသူမဟုတ်ဟု စောလူးမင်းက တစ်ဖက်သတ် သုံးသပ်ဆင်ခြင်၏။ ငရမ်းမန်ကန်းမှာ သူနှင့် နှီးနိုးတက်လည်းဖြစ်သည်။ အခိုက်အတန့်အားဖြင့် သူ၏အသက်အန္တရာယ်ကို စိုးရိမ်မကင်းဖြစ်မိသောကြောင့် ခေတ္တခဏထိန်းသိမ်းထားရပါကြောင်း ဆိုခဲ့သည်။ ငရမန်းကန်းက ပုဂံထီးနန်းကို သူ့အား ပြန်အပ်ကာ ပုဂံသူ့ရဲကောင်းဟု ဆိုကြသည့် ပုဂံထီးနန်းကို ခြယ်လှယ်နေကြ သူလေးဦးကို အမြစ်ပြတ်ချေမှုန်းပစ်မည်။ ထို့နောက် ပုဂံ စစ်သူကြီးရာထူးကိုရယူကာ စောလူးမင်းအား စောင့်ရှောက်သွားမည်ဟုဆို၏။

ကျန်စစ်သားသည် စောလူးမင်းနှင့် မည်သို့မျှ ညှိနှိုင်းဆွေးနွေး၍မရတော့သောအခါ စောလူးမင်းကို ပခုံးထက်တင်၍ ထမ်းပိုးကာ ဘေးလွတ်ရာသို့ ပြေးလေတော့သည်။ ထိုအခါ စောလူးမင်းက ကျန်စစ်သား မိမိအား ခိုးယူပါသည်ဟု အော်ဟစ်လေ၏။ သို့ဖြင့် အစောင့်များအားလုံး ကြားသိသွားကာ ကျန်စစ်သားရှိရာသို့ ဓားလှံ လက်နက်တို့ဖြင့် ပြေးဝင်လာကြလေတော့သည်။ ကျန်စစ်သားသည် စောလူးမင်းကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ပျက်လက်လျှော့သွား၏။ သို့ဖြင့် ပခုံးထက်မှ ချရစ်ပြီး ကိုယ် လွတ်ရုန်းထွက်သွားတော့လေသည်။ အပြင်ဘက်မှ အသင့် စောင့်ဆိုင်းနေကြသူ ငထွေရှူး၊ ငလုံးလက်ဖယ်နှင့် ညောင်ဦးဖီးတို့က စောလူမင်းအပေါ် အားမလို အားမရ ဖြစ်သွားကြ၏။

နောက်တစ်နေ့တွင် စောလူးမင်းအား ငရန်မန်ကန်းက လုပ်ကြံစီရင်လိုက်ပြီဖြစ်ကြောင်း သတင်းစကားများ ကြား သိရသည်။ ကျန်စစ်သား မှားစွာကျေကွဲမိ၏။ စောလူးမင်းသည် မိမိ၏ အရှင်သခင် သာသနာ့ဒါယကာ မင်းကောင်းမင်းမြတ် တစ်ပါး၏ သားတော်တစ်ပါးဖြစ်သည်။ သို့သော် သူသည် မိမိအပါအဝင် ပုဂံသူရဲကောင်းများအပေါ် ယုံကြည်ကိုးစား မှုမရှိခဲ့။ ကျန်စစ်သားသည် ပုဂံနေပြည်တော်အား ချဉ်းကပ်လာ နေသော ငရန်မန် ကန်းတပ်များကို အပြီးသတ် ချေမှုန်းတိုက် ခိုက်လေတော့သည်။ ယင်းတိုက်ပွဲတွင် ကျန်စစ်သား အနိုင်ရ ရှိကာ ပုဂံထီးနန်းကို အပ်နှံခြင်းခံရလေ၏။

ကျန်စစ်သားသည် မြန်မာသက္ကရာဇ် ၄၄၆ ခု တွင် ပုဂံ၌နန်းတက်လာပါသည်။ ထီးနန်း ရရှိလာသောအခါ တိသသ ဘုရင်၏နှမတော် မဏိစန္ဒာအား ဝင့်သကာဒေဝီ (ဦးဆောင်



www.burmeseclassic.com

www.burmeseclassic.com

ပန်း) ဘွဲ့ကို အပ်နှင်းလေ၏။ ငယ်ရွယ်စဉ်ကပင် ချစ်ခင်မြတ်နိုးခဲ့ရသူ ပရိမ္မရွာသူကြီးသမီးအပယ်ရတနာကိုမူ မိဖုရားကြီးအရာ အပ်နှင်းလိုက်၏။ ထို့အတူ ထီးလှိုင်ရွာသူကြီးသမီး ခင်တန်ကိုလည်း မိဖုရားအရာ မြှောက်လေသည်။ ဘုန်းတော်ကြီး တစ်ပါး၏ တူမဖြစ်သူ သမ္ဘူလမှာ လည်း ကျေးဇူးရှိသည့်အလျောက် မိဖုရားအရာမြှောက်ခဲ့သည်။ ကျန်စစ်သားမင်းနန်းတက်လာသောအခါ ပြည်သူပြည်သားများ ပျော်ရွှင်ဝမ်းမြောက်ကြ၏။ ကျန်စစ်သားသည် လုပ်ဖော်ကိုင်ဖက် ပုဂံသူရဲကောင်းသုံးဦးအား စစ်သူကြီးများအရာ ချီးမြှင့် မြှောက်စားရုံမျှမက ၎င်းတို့၏ သားသမီးများကိုလည်း ရာထူးရာခံများဖြင့်မြှောက်စားခဲ့ပါသေးသည်။ ကျန်စစ်သား ဘုရင်ဖြစ် လာသောအခါ မိမိလူရွယ်ဘဝက ဆန္ဒဖြစ်ပေါ်ခဲ့သည့် တုရင် တောင်ခြေမှ တောင်ကျချောင်းလေး ကိုပိတ်ဆို့ကာ တစ်ဘက် ဆည်ကန်ပြု၏။ နိမ္မာန်လက်ဆွဲချီရေကန်ဟု အမည်ပေး၏။ မြရောင်ကဲ့သို့သော စိမ်းလန်းစိုပြေလျက်ရှိသည့် ရေပြင်ကျယ်ကြောင့် ယင်းကန်ကြီးကို မြကန်ဟုသာ ခေါ်ဝေါ်ကြသည်။ မြကန်တွင် ကြာမျိုးစုံစွာ ပေါက်ရောက်နေသည်။ ကြာရနံ့က ထုံသင်းပျံ့နှံ့သကဲ့သို့ မယ်ညိုငှက်၊ ကြိုးကြာ၊ စက္ကဝက်နှင့် ချည်ခင်

www.burmeseclassic.com

စွတ်ငှက်များ မြူးထူးပျော်ပါးစွာ လူးလာ တုန့်ပြန်ပြနေ ကြသည်ကိုလည်း တွေ့မြင်နိုင်ပေသည်။ ပြည်သူအများက တာဝတိံသာ နတ်ပြည်မှ နန္ဒာကန်ကြီးဖြင့်ပင် ခိုင်းနှိုင်းကာ ချီးမွမ်းပြောဆိုကြ၏။ ကျန်စစ်သားက နန်းတက်လျှင်ပင် မိမိ၏စိတ်ရင်းစေတနာမှန်ကို ပြည်သူအများသိနိုင်စေရန် ကျောက်စာရေးထိုးထားတော့၏။

"လူသားအများတို့ သားတစ်ကဲ့၊ မယားတစ်ကဲ့၊ မိဘတစ်ကဲ့ ဖြစ်ခဲ့ကြပြီး သူတို့၏ ဆင်းရဲဒုက္ခအဝဝကို မင်းကြီးကိုယ်တိုင် ငြိမ်းစေအံ့။ သားတစ်ကွဲ၊ မယားတစ်ကွဲ၊ ချစ်သူနှင့်ကွေကွင်းရသော ပြည်သူတို့၏ မျက်ရည်ကို မင်းကြီးသည် လက်နှင့်တူသော မေတ္တာဖြင့် သုတ်ပေးပါအံ့၊ စိတ်နှလုံးပူဆွေးရသူတို့၏ မျက်ရည်ကို ရေနှင့်တူသော ကရုဏာဖြင့် ဆေးကြောပါအံ့။ စစ်၏ဘေးဒဏ်ကိုခံကြရသော ပြည်သူတို့အား မင်းကြီးသည် လက်ယာ ဘက်လက်ဖြင့် ဆန်စပါး၊ စားသောက်ဖွယ်ရာတို့ကို ပေး၍ လက်ဝဲလက်ဖြင့် အဝတ်ပုဆိုး အဆင်တန်ဆာတို့ကို ပေးပါအံ့"

အရိမဒ္ဒနာပူရကား ယခုအခါ သာယာရွှေပြည်ကြီးဟု တင်စားခေါ်ဆိုနိုင်ကြပေပြီ။

တင်နိုင်တိုး



www.burmeseclassic.com